# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)


၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက် ၂၀၁၇ ခုနှစ်၊ ဇွန် ၁၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၅၈)


# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ရုပ်တုနှင့် ရင်ပြင်ဖွင့်ပွဲ ပြည်ကြီးတံခွန်မြို့နယ် မန္တလာတံခွန်ပန်းခြံ၌ ကျင်းပ



မန္တလေး ပြည်ကြီးတံခွန်မြို့နယ် မန္တလာတံခွန်ပန်းခြံ၌ ယနေ့ဖွင့်လှစ်သည့် ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ရုပ်တုနှင့် တက်ရောက်သူများကို တွေ့ရစဉ်

**သတင်းနှင့်ဓာတ်ပုံ - တင်မောင် (မန်းကိုယ်ပွား)**

**မန္တလေး ဇွန် ၁၇**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ရုပ်တုနှင့် ရင်ပြင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြည်ကြီးတံခွန်မြို့နယ် ၅၆ လမ်းနှင့် ၅၇ လမ်းကြား၊ ဘုရင့်နောင်လမ်းနှင့် ကျန်စစ်သားလမ်းကြားရှိ မန္တလာတံခွန်ပန်းခြံ၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြေးရုပ်မျက်နှာစာရှေ့၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်မှုဆောင်၊ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❁



**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ**

*စာ ၁ - ၃*

**လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းခွင် လေ့လာရေးခရီး**

*ဆောင်းပါး၊ စာ ၁ - ၉*



**ဆော်ဒီမြေပေါ်တွင် တူရကီ စစ်အခြေစိုက်စခန်း တည်ဆောက်ခွင့်မပြု**

*စာ ၁ - ၁၀*

# ရန်ကုန်-အမ်း-စစ်တွေ လမ်းမပေါ်ရှိ မြေသားပြိုကျရာနေရာ၌ သံပေါင်ဘေလီတံတားပြီးစီး၍ ယာဉ်များဖြတ်သန်းသွားလာနိုင်ပြီ

**သတင်းနှင့် ဓာတ်ပုံ - ခရမ်းစိုးမြင့်**


**အမ်း ဇွန် ၁၇**

ဇွန် ၁၄ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-အမ်း-စစ်တွေသွား ပြည်ထောင်စုကားလမ်း အမ်းမြို့အနောက်မြောက်ဘက် ၂၈ မိုင်ခန့်အကွာ မိုင်တိုင် အမှတ်(၂၈)တွင် လမ်းပခုံးမြေသားပြိုကျသွားသောနေရာ၌ ဇွန် ၁၆ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးအဖွဲ့၊ တံတားအထူးအဖွဲ့များ၊ နယ်မြေခံတပ်မတော်သားများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် ဘေလီတံတားထိုးပေးလိုက်သဖြင့် ဇွန် ၁၇ ရက် နံနက် ၃ နာရီမှစ၍ ပိတ်မိနေသောယာဉ်များ လမ်းပွင့်သွားပြီဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်(ယခုနှစ်) အတွင်း၌ သဘာဝဘေးအန္တရာယ်(မြေပြိုခြင်း၊ ရေကြီးခြင်း)တို့ကြောင့် လမ်းနှင့် တံတားများ ပျက်စီးမှုဖြစ်လျှင် အမြန်အစားထိုးဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဘေလီတံတားများ၊ စက်ယန္တရားများကို ကြိုတင်ပေးထားကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် သဘာဝဘေးအန္တရာယ်အတွက် စက်/ယာဉ်/ယန္တရားများ ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေမှာ ပုတာအိုမြို့တွင် လမ်းအထူးအဖွဲ့(၁) နှင့် ယာဉ် ၃၈ စီး၊ မြစ်ကြီးနားမြို့တွင် လမ်းအထူးအဖွဲ့(၂)နှင့် ယာဉ် ၃၁ စီး၊

*စာမျက်နှာ ၄ ကော်လံ ၅* ●



ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်(၂၈)တွင် လမ်းပခုံးပြိုကျ၍ လမ်းပိတ်သွားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဘေလီတံတားထိုးပေးမှုကြောင့် ဇွန် ၁၇ ရက်က ယာဉ်များ ဖြတ်သန်းမောင်းနှင်မှုကို တွေ့ရစဉ်


Let's Build Together!

**ရုံးချုပ်**
- အမှတ်(၁၂၃)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
- ဖုန်း - ၀၉၅ - ၁ - ၂၅၅၈၁၉ - ၃၈
- ဖက်(စ်) - ၀၉၅ - ၁ - ၂၅၅၈၃၉
- Email : ho@maxcement.com
- Sales Hotline - ၀၉၅ - ၉ - ၇၇၀၇၇၀၇၇၀
- Techanical Hotline - ၀၉၅ - ၉ - ၉၆၀၉၆၀၅၆၀

**စက်ရုံ**
- တောင်ဇီလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။
- ဖုန်း - ၀၉၅ - ၉ - ၅၀၀၀၇၃၇၊ ၀၉၅ - ၉ - ၄၉၂၀၅၀၂၄
- Email: factory@maxcement.com

MAX CEMENT

Website: www.maxmyanmargroup.com

မြန်မာ့အလင်း

# မြန်မာ့အာမခံလုပ်ငန်းနှင့် ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု

အာမခံလုပ်ငန်းဟူသည် ကျယ်ပြန့်သောပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုကိုရယူလျက် မခန့်မှန်းနိုင်သော အန္တရာယ်တို့၏ ဆိုးကျိုးကို ကြိုတင်အကာအကွယ်ရယူထားခြင်းဖြစ်ပါသည်။ အာမခံလုပ်ငန်းတစ်ရပ်အောင်မြင်ရေးအတွက် အခြေခံလိုအပ်ချက်သည် အဆိုပါအာမခံစနစ်၌ ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျန်ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းသည် အစပျိုးအဆင့်၌သာရှိသေး၍ ဖွံ့ဖြိုးတိုးတက်မှုရရန် ကိစ္စရပ်များစွာကို ဆက်လက်အကောင်အထည်ဖော်ရဦးမည် ဖြစ်ပါသည်။

အာမခံလုပ်ငန်းဟူသည် ပါဝင်ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သောလုပ်ငန်းဖြစ်သည်ဟု ပြည်သူလူထုက နားလည်ယုံကြည်လက်ခံလာမှသာ မြန်မာ့အာမခံလုပ်ငန်းတို့သည် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။တစ်ဖက်၌လည်း နိုင်ငံတော်အစိုးရနှင့် အာမခံလုပ်ငန်း ကုမ္ပဏီတို့က ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အာမခံမူဝါဒတို့ကို ချမှတ်အကောင်အထည်ဖော်ပေးရမည်ဖြစ်ပါသည်။ အဆိုပါ အာမခံမူဝါဒတို့သည် တခြားနိုင်ငံတို့၏မူဝါဒတို့ကို ပုံတူကူးချခြင်းမှ ရှောင်ရှားရမည်ဖြစ်သကဲ့သို့ တိုင်းပြည်၏ ပကတိအခြေအနေအရပ်ရပ်ကိုလည်း ထင်ဟပ်ဖော်ဆောင်နိုင်စွမ်းရှိရမည် ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလ၌ မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု လိုအပ်သကဲ့သို့ အာမခံကုမ္ပဏီတို့၏ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်မှုလည်း လိုအပ်ပါသည်။

မြန်မာနိုင်ငံ၌ အစဉ်အလာမြင်တွေ့နေကျဖြစ်သော မီးအာမခံနှင့် အသက်အာမခံကဲ့သို့သော အာမခံမူဝါဒများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တိုင်းပြည်၏ ပကတိအခြေအနေများက တောင်းဆိုလျက်ရှိသော အာမခံမူဝါဒသစ်များကိုလည်း ပုံဖော်ဖန်တီးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့သော လယ်ယာစိုက်ပျိုးရေးအခြေခံနိုင်ငံတို့၌ သီးနှံတို့ကို သဘာဝဘေးအန္တရာယ်တို့၏ ဆိုးကျိုးသက်ရောက်မှုတို့မှ ကာကွယ်ပေးမည့် သီးနှံအာမခံမူဝါဒသည် အမှန်တကယ် လိုအပ်လျက်ရှိသော အာမခံမူဝါဒမျိုးဖြစ်ပါသည်။ ပြည်သူလူထုအား မမျှော်လင့်သော ကျန်းမာရေးစရိတ်စကတို့၏ ဖိစီးမှုအန္တရာယ်မှ ကာကွယ်ပေးမည့် ကျန်းမာရေးအာမခံမူဝါဒသည်လည်း တိုင်းပြည်က မဖြစ်မနေ အကောင်အထည်ဖော်ရမည့် အာမခံမူဝါဒမျိုးဖြစ်ပါသည်။ လက်ရှိအခြေအနေ၌ မြန်မာနိုင်ငံတွင် ကျန်းမာရေးအာမခံမူဝါဒတို့ကို ချမှတ်အကောင်အထည် ဖော်လျက်ရှိသော်လည်း ပြည်သူလူထုအကြား စိတ်ဝင်စားမှု နည်းပါးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မြန်မာ့အာမခံလုပ်ငန်းတို့၏ မူဝါဒနှင့် နည်းပညာတို့ ဖွံ့ဖြိုးတိုးတက်လာစေရန်ကိစ္စရပ်များစွာ ဆောင်ရွက်ရဦးမည်ကို ထောက်ပြလိုခြင်းဖြစ်ပါသည်။

ဤသို့သောအခြေအနေ၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းနှင့် ဂျပန်နိုင်ငံအထွေထွေအာမခံအစည်းအရုံး (GIAJ) တို့ ပူးပေါင်း၍ မြန်မာ့အာမခံအသင်းကြီးဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းသည် ကြိုဆိုရမည့် ခြေလှမ်းသစ်တစ်ရပ်ဖြစ်ပါသည်။ ဂျပန်နိုင်ငံ အထွေထွေအာမခံအစည်းအရုံးသည် သက်တမ်းနှစ် ၁၀၀ ကျော်ပြီဖြစ်၍ ဖွဲ့စည်းသွားမည့် မြန်မာ့အာမခံအသင်းကြီးအတွက် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံတို့ကို မျှဝေပေးသွားနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော အာမခံကျွမ်းကျင်သူများ မွေးထုတ်ခြင်းနှင့် အာမခံထုတ်ကုန်များ ဖန်တီးရောင်းချခြင်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော်ရာ၌ ဂျပန်နိုင်ငံ အထွေထွေအာမခံအစည်းအရုံး၏ အတွေ့အကြုံတို့က များစွာ ထောက်ပံ့ကူညီပေးသွားမည် ဖြစ်ပါသည်။ နိဂုံးချုပ်တင်ပြရပါက မြန်မာ့ အာမခံလုပ်ငန်းနှင့် ဂျပန်နိုင်ငံ အထွေထွေအာမခံအစည်းအရုံးတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာ့အာမခံလုပ်ငန်းနှင့်အတူ မြန်မာ-ဂျပန်ချစ်ကြည်ရေးကို မြှင့်တင်ပေးမည်ဖြစ်သောကြောင့် အလေးအနက်ဂုဏ်ပြုကြိုဆိုကြောင်း တင်ပြအပ်ပါသည်။ ။

## မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် ၂၀၁၇ အတွက် အဆိုပြုလွှာများခေါ်ယူ

**ရန်ကုန် ဇွန် ၁၇**

"မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ် ၂၀၁၇ "ကို မြန်မာ-ဂျပန်အသင်းက စတုတ္ထအကြိမ်မြောက်အဖြစ် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ဂျပန် နှစ်နိုင်ငံ ပြည်သူအချင်းချင်းအကြား ချစ်ခင်ရင်းနှီးမှုကို ကျောင်းသားလူငယ်ချင်း ချစ်ခင်ရင်းနှီးမှုမှတစ်ဆင့် တိုးမြှင့်ဖော်ဆောင်နိုင်ရန်၊ အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်၊ ပညာရေးကဏ္ဍမှ ဘက်စုံထူးချွန်သည့် မျိုးဆက်သစ်လူငယ်များကို ရွေးချယ်ပြီး နိုင်ငံတော်ကိုယ်စား၊ မိဘပြည်သူများကိုယ်စား အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်ဂုဏ်ပြုချီးမြှင့်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် "မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ် (MJA Outstanding Student Award Japan Exchange Visit)" ကို တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘက်စုံထူးချွန်သည့် ကျောင်းသား ကျောင်းသူ ၂၀ စီအား ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ်ကို ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များက စီစဉ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူအချို့နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) ဂျပန်ဘာသာအဓိကသင်ကြားနေသူများမှ ထူးချွန်ကျောင်းသားကျောင်းသူအချို့ကို ရွေးချယ်ပေါင်းစပ်ဖွဲ့စည်းခဲ့ပြီး ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ် စေလွှတ်ခြင်းကို စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင်လည်း ယခင် ၂၀၁၆ ခုနှစ် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ်ကို ယခုနှစ် အောက်တိုဘာလဆန်းတွင် စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွက် အဆိုပြုလွှာများကို ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၅ ဦး၊ ဝိဇ္ဇာ/ဝိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၅ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စာစစ်ဌာနများမှ အမှတ်အများဆုံးရရှိသူ ၁၈ ဦး (နေပြည်တော်ကောင်စီအပါအဝင်) နှင့် YUFL သတ်မှတ်အတန်းများမှ ပဏာမအဆင့် ရွေးချယ်မှုတွင် အောင်မြင်သူ ၆၀ စုစုပေါင်း ၁၂၈ ဦး တင်သွင်းခွင့်ရရှိမည်ဖြစ်သည်။

အဆိုပြုလွှာများကို မြန်မာ-ဂျပန်အသင်း Central Tower: အမှတ် (၇၉-၈၁)၊ ပထမထပ်၊ အခန်း (၁၀၂)၊ အနော်ရထာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၅၆၀၇၄၊ ၂၅၆၀၇၅၊ ၃၉၂၉၉၄ သို့ ဆက်သွယ်ပြီး အခမဲ့ထုတ်ယူနိုင်ကြောင်း၊ မြန်မာ-ဂျပန်အသင်းရုံးသို့ ဇူလိုင် ၃၁ ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားရမည် ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဒေါက်တာဌေးလွင်၊ အသင်းအတွင်းရေးမှူး ဖုန်း-၀၉-၂၆၂၇၇၂၇၀၅ နှင့် ဦးနေဝင်းထက်၊ ရုံးအဖွဲ့ ဖုန်း-၀၉-၄၂၁၀၆၂၃၃၁ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ထင်သာမြင်သာ ပြုပြင်စရာ

## ရန်ကုန်-ညောင်တုန်း ကားလမ်းပေါ်ရှိ မဲဇလီတံတား၏ ချဉ်းကပ်လမ်းနှင့်တံတားကြား လမ်းပေါက်နေ



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရန်ကုန်-ညောင်တုန်းကားလမ်းပေါ်တွင်ရှိသော မဲဇလီတံတားမှာ တံတားနှင့်ချဉ်းကပ်လမ်းကြားတွင်ရှိသည့် ကတ္တရာများပျက်စီးနေသောကြောင့် ထပ်မံပျက်စီးမှုမရှိစေရန် ပြုပြင်ဖာထေးနိုင်ပါက ယာဉ်များ တံတားမှဖြတ်သန်းရာတွင် သွားလာရေးအဆင်ပြေစေမည့်အပြင် တံတားပျက်စီးမှုကိုလည်း ကြိုတင်ကာကွယ်ရာရောက်စေမည်ဖြစ်ကြောင်း ဒဂုံ-ဧရာ အဝေးပြေးယာဉ်မောင်းများက ပြောဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားမှာ သံဘေလီတံတားဖြစ်ပြီး အရှည် ပေ ၂၄၀ ရှိ၍ မဲဇလီဒလရွာနှင့် မဲဇလီရွာမအနီးတွင်ရှိကာ ရန်ကုန်-ညောင်တုန်းကားလမ်းပေါ်တွင် တည်ရှိသည့်အတွက် နေ့စဉ်ယာဉ်ဖြတ်သန်းမှုများသော တံတားဖြစ်သည့်အပြင် မိုးရွာမှုကြောင့် တံတားနှင့် ချဉ်းကပ်လမ်းကြားပျက်စီးနေသော ကတ္တရာများ ပိုမိုပျက်စီးလာမည်ကို အဆိုပါလမ်းတွင် သွားလာနေသောယာဉ်မောင်းများက စိုးရိမ်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-၁၆၄ ၊ ဓာတ်ပုံ-သစ္စာ**

## အသိပညာပေး ဟောပြောပွဲပြုလုပ်

**သထုံ ဇွန် ၁၇** -အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်ပြပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက သထုံမြို့အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်သည်။ အခမ်းအနားတွင် သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး၊ ဒုရဲမှူးမျိုးမင်းသိန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက သဘာဝဘေးအန္တရာယ်သိကောင်းစရာများ၊ ခရိုင် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က လူငယ်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြကြောင်း သိရသည်။

**နန္ဒကျော်စွာ**

### ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

၁၇-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၀၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၆၇၅/၇၀၀ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၇၃၀/၇၄၀ ကျပ် (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၆၉၀/၇၁၅ ကျပ် (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၂ ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၂ ·၈၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၀၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ ·၅၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ထွက်ခွာ


**နေပြည်တော် ဇွန် ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Army General Sergey K. Shoigu ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့မှ ထွက်ခွာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Nikolay A.Listopadov၊ ဒုတိယစစ်သံမှူး Commander Vitaly V.LUCHSHEV နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခြင်း၊ ရုရှားနိုင်ငံ၏ စစ်ဘက်ဆိုင်ရာသင်တန်းကျောင်းများ၊ ဌာနချုပ်များနှင့် စက်မှုလုပ်ငန်းများအား သွားရောက်လေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်လေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်**




# ကူမင်းကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ပြခန်း ၃၄ ခန်းပါဝင်ပြသ

**ကူမင်း ဇွန် ၁၇**

ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် ကုန်စည်ပြပွဲကို ယမန်နေ့က ဆက်လက်ကျင်းပရာ ပြပွဲကြည့်ပြည်သူများ၊ ဈေးဝယ်သူများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များဖြင့် စည်ကားလျက်ရှိသည်။

ပြပွဲတွင် တောင်/အရှေ့တောင်အာရှနိုင်ငံများမှ ပြခန်းပေါင်း ၈၀၀၀ ကျော် လာရောက်ပြသကြသည်။ မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၃၄ ခန်းပါဝင်ပြသပြီး စားသောက်ကုန်ပြခန်း၊ လက်မှုထုတ်ကုန်ပြခန်း၊ ကျောက်မျက်အချောထည်ပြခန်း၊ လယ်ယာထွက်ကုန်ပြခန်းတို့ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန်းက "ပြပွဲအတွက် မြန်မာနိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေကို စည်းရုံးခေါ်ယူပြီး ဝင်ရောက်ပြသတာပါ၊ အခုဇွန်လ ကူမင်းပြပွဲမှာ ၃၄ ခန်း လာရောက်ပြသပါတယ်။ လာမယ့်စက်တင်ဘာလ နန်နင်းပြပွဲမှာ ပြခန်းပေါင်း ၂၀၀ ကျော်လောက် ပြသသွားမယ်လို့ ရည်မှန်းထားပါတယ်။ နန်နင်းကုန်စည်ပြပွဲက နိုင်ငံတော်အကြီးအကဲတွေလာကြမှာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ကလည်း နိုင်ငံတော်အဆင့်နဲ့အညီ ပြခန်းတွေကို တိုးချဲ့ပြသသွားဖို့ ရှိပါတယ်"ဟု ပြောသည်။

တော်ဝင်ကမ္ဘောဇ မောင်တိန် ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်က "ကျွန်တော်တို့က လက်ဖက်အမျိုးမျိုး၊ လက်ဖက်ခြောက်အမျိုးမျိုး၊ လက်ဖက်အချိုခြောက်စတဲ့ လက်ဖက်ကုန်ချောဖြစ်ပါတယ်။ အခုပြသတာက ပထမဆုံးအကြိမ်ပါ၊ ယူနန်ပြည်နယ်က လက်ဖက်ခြောက်ထွက်တယ်လေ၊ ကျွန်တော်တို့က စမ်းတိုးကြည့်တာပေါ့၊ အခုလည်း ဒီမှာ မဆိုးပါဘူး။ ဒီထက်အဆင်ပြေရင် နောင်ပြပွဲတွေကိုလည်း ဝင်ရောက်ပြသသွားဖို့ရှိပါတယ်။ ပြပွဲကလည်း ပြီးတော့မယ်။ ပြခန်းအားလုံးလည်း အခြေအနေ မဆိုးပါဘူး"ဟု ၎င်းက ပြောသည်။

အဆိုပါကုန်စည်ပြပွဲသို့ ဖိတ်ကြားထားသည့် တောင်/အရှေ့တောင်အာရှနိုင်ငံများမှ သတင်းမီဒီယာများ၊ မဟာမဲခေါင်မီဒီယာဖလှယ်ရေးအစီအစဉ်အရ ဖိတ်ကြားထားသူများကလည်း မိမိနိုင်ငံအလိုက် ကုန်စည်ပြပွဲသတင်းများကို ရယူကြသည့်အပြင် ယူနန်ပြည်နယ်အစိုးရမှ ပြည်တွင်းအထင်ကရဒေသများဖြစ်ကြသည့် ယဉ်ကျေးမှုနယ်မြေများ၊ စီးပွားရေးဇုန်များ၊ စိုက်ပျိုးရေးဇုန်များနှင့် ခရီးသွားဒေသဇုန်များကို လေ့လာရေးခရီးအဖြစ် စေလွှတ်ပြသခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ**
**သန်းဦး (လေးမျက်နှာ)**

# ပြည်ပပညာရှင်များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌတက်ရောက်

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းနှင့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ သင်တန်းများတွင် လာရောက်ပို့ချပေးလျက်ရှိသည့် မလေးရှားနိုင်ငံမှ Professor Dato' Dr. Lee Wooi Beng နှင့် Professor Dr. Premkumar Rajagopal တို့အား ယနေ့နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။

Professor Dato Dr. Lee Wooi Beng နှင့် Professor Dr. Premkumar Rajagopal တို့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းများနှင့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (CSA) သင်တန်းများတွင် နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သော ဘာသာရပ်ပို့ချမှုများနှင့် Strategic & Corporate Planning for a Public Sector Organization ဘာသာရပ်များအား ကူညီပို့ချပေးနေသူများ ဖြစ်ကြသည်။

အဆိုပါ မလေးရှားနိုင်ငံမှ ပညာရှင်များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်သည့် အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းမော်နှင့် ဒေါက်တာဦးပွား၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၉)နှင့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✪ *ကျောဖုံးမှ*

ဖြေဆိုအောင်မြင်ခဲ့သူများအနက် တစ်ဘာသာ ဂုဏ်ထူးရရှိသူ ၈၇၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၆၇ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၁၀၀၊ လေးဘာသာဂုဏ်ထူးရရှိသူ ၈၂ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၄၂ ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၃၅ ဦး ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ယမန်နှစ်က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၁၇၄၈၉ ဦးတွင် ၅၂၂၃ ဦး အောင်မြင်ခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်း ၂၉ ဒသမ ၈၆ ရာခိုင်နှုန်းရှိခဲ့ရာ ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်း ၃၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်သဖြင့် အောင်မြင်မှုရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

ယခုနှစ်တွင် မွန်ပြည်နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၂၂၆၁၈ ဦးတွင် ၉၃၀၁ ဦး အောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း ၄၁ ဒသမ ၁၂ ရာခိုင်နှုန်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပထမနေရာရရှိခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၉၉၈၄၅ ဦးတွင် ၄၀၁၅၄ ဦး အောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း ၄၀ ဒသမ ၂၂ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာ ရရှိခဲ့သည်။

ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၇၀၂၉၁ ဦးတွင် ၂၆၇၀၀ အောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း ၃၇ ဒသမ ၉၈ ရာခိုင်နှုန်းဖြင့် တတိယနေရာရရှိခဲ့သည်။

မွန်ပြည်နယ်သည် ယခင်နှစ်များက ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲများ၌ ငါးနှစ်ဆက်တိုက် အောင်မြင်မှုရာခိုင်နှုန်း အမြင့်ဆုံးရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဒုတိယအဆင့်သို့ ကျဆင်းခဲ့ရာမှ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ပထမနေရာသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။



**နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အထက(၆)တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကြည့်ရှုနေကြစဉ်**
ဓာတ်ပုံ-ကျော်ကိုလေး

# မျှတသောတရားစီရင်ရေးစနစ်ဖြစ်ပေါ်လာစေရေးအတွက် လေ့ကျင့်ဆွေးနွေးပွဲ ဒုတိယအကြိမ်ကျင်းပ

**မန္တလေး ဇွန် ၁၇**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်းအရ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် မျှတသောတရားစီရင်ရေးစနစ်ဖြစ်ပေါ်လာစေရေးအတွက် ဒုတိယအကြိမ် လေ့ကျင့်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့လမ်း ၃၀၊ ၆၈×၇၀ လမ်းကြားရှိ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဒယ်နီရယ်ကြည်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ Ms.Natalie Matranga တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး မျှတသောတရားစီရင်ရေးစနစ်ဖြစ်ပေါ်လာစေရေးအတွက် ဒုတိယအကြိမ် လေ့ကျင့်ဆွေးနွေးပွဲကို ဇွန် ၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် ရုပ်တုနှင့် ရင်ပြင်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်

❁ ရှေ့ဖုံးမှ

ရင်ပြင်ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးရွှေထူးတို့က ဗိုလ်ချုပ်ကြေးရုပ်တုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အလေးပြုခြင်း အခမ်းအနားကို ဆောင်ရွက်ပြီးနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝင်းထိန်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က ဗိုလ်ချုပ်အောင်ဆန်း ဖြတ်သန်းခဲ့သော သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုနှင့် ရင်ပြင်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်နှင့် အတွင်းရေးမှူး ဦးကျော်ကျော်စိုးတို့က ရုပ်တုနှင့် ရင်ပြင်ဖြစ်မြောက်ရေး ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဦးဇာနည်အောင်က ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တက်ရောက်လာကြသော ဆရာတော် သံဃာတော်များက ကဗ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင် မြို့နယ်တို့မှ တာဝန်ရှိသူများ၊ ဒေသခံများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ပန်းချီပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာများ စံထားအားကျ နမူနာယူကြစေရန် ယခုဗိုလ်ချုပ်ဆောင်ဆန်းကြေးရုပ်တုကြီးကို သွန်းလုပ်စိုက်ထူခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုနှင့် ရင်ပြင်ဖြစ်မြောက်ရေးအဖွဲ့ကို ဩဝါဒါစရိယ ဆရာတော်များ၊ နာယကကြီးများ၊ တာဝန်ရှိသူများပါဝင်သည့် အဖွဲ့ဝင် ၈၁ ဦးအား ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းတိုက်ပညာဒါန ကျောင်းဆောင်တွင် ဖွဲ့စည်းခဲ့ပြီးနောက် စစ်ဝတ်စုံဖြင့် မိန့်ခွန်းစာရွက်ကိုကိုင်လျက် လက်တင်ကုလားထိုင်၌ ထိုင်နေသည့်ပုံကို သွန်းလုပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း မန္တလေးနှင့် နေပြည်တော်တွင် ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့် အခမ်းအနားများကို ကျင်းပခဲ့ကြောင်း၊ ဆရာတော်များက ဓမ္မသဘင်များဟောပြောကြပြီး ရရှိသည့် အလှူငွေများကို ဖြစ်မြောက်ရေးအဖွဲ့သို့ လှူဒါန်းပေးခဲ့ကြောင်း၊ ဗိုလ်ချုပ်ကြေးသွန်းရုပ်တု နမူနာပုံစံငယ်နှင့် ကြေးသွန်းရန်ပုံစံကြီးကို မန္တလေးပန်းချီ၊ ပန်းပုကျောင်းမှ ဆရာစောခမ်းလီကပြုလုပ်ပြီး မန္တလေးမှ ကြေးသွန်းပညာရှင် ဆရာ ဦးဝင်းမောင်၏ သမီး ဒေါ်ညွှန့်ညွှန့်ဝင်းတို့၏ ကြေးသွန်းလုပ်ငန်းက သွန်းလုပ်ကာ ကြေးပိဿာချိန် ၁၈၀၀၊ ရုပ်တုအမြင့် ၁၃ ပေ၊ ရုပ်တုအောက်ခံ အဌစံတုံးအမြင့် ၆ ဒသမ ၅ ပေ၊ ရုပ်တုရင်ပြင်အကျယ် ဧရိယာ စတုရန်းပေ ၄၇၀၀၊ ရုပ်တုထားရှိရာ မန္တလာတံခွန်ဉယျာဉ် အကျယ်ဧရိယာ စတုရန်းပေ ၈၅၂၆၄ ပေတွင် ထားရှိထားကြောင်း၊ ဗိုလ်ချုပ်ကြေးရုပ်တုလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် စတင်ပြုလုပ်ပြီး ၂၀၁၇ ခုနှစ် ဇွန် ၈ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း မိန့်မှာချက် ကျောက်စာချပ်များနှင့် ရင်ပြင်ခင်း စကျင်ကျောက်ပြားများကို ပန်းတမော့လုပ်ငန်း ဦးတော်တော်မိသားစုက လှူဒါန်းခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုနှင့် ရင်ပြင်ကြီးကို မန္တလေးမြို့ လူထု၏ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ၂၀၁၇ ခုနှစ် ဇွန် ၈ ရက်တွင် အောင်မြင်စွာစိုက်ထူခဲ့ကြောင်း အဆိုပါအခမ်းအနားတွင် ဖြစ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူး၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝင်းထိန်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက ဗိုလ်ချုပ်ရုပ်တုအား အလေးပြုစဉ်

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းလောင်းလှူခြင်းနှင့် ဖွင့်ပွဲအခမ်းအနားကို ဆောင်ရွက်ခဲ့ပြီးနောက် ညနေပိုင်းတွင် မြန်မာ့ရိုးရာ အားကစားနည်းများအလိုက် ပြိုင်ပွဲယှဉ်ပြိုင်ခြင်း၊ စာရေးဆရာများက ဗိုလ်ချုပ်အောင်ဆန်း အမှတ်တရ ဟောပြောခြင်း၊ ဇွန် ၁၈၊ ၁၉၊ ၂၀ ရက်အထိ ပျော်ပွဲရွှင်ပွဲများ ဆောင်ရွက်သွားမည့်အပြင် စာအုပ်ဈေးရောင်းပွဲတော်ကိုလည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ စာအုပ်တိုက်အသီးသီးတို့က ဆိုင်ခန်းပေါင်း ၇၀ ဖြင့် စာအုပ်မျိုးစုံကို အထူးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးကြသူများ၊ ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။



# ပြည်သူတို့၏ လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၇**

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ပြင်ဆင်ရေး၊ လတ်တလော ကယ်ဆယ်ရေးအထောက်အပံ့ပေးနိုင်ရေးနှင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်အတူ ယနေ့နံနက်ပိုင်းက ဂန့်ဂေါမြို့နယ် မင်းရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အဆိုပါကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းရောက်ရှိရေး၊ ကျောင်းတက်မှန်ရေး၊ ကျောင်းထွက်နှုန်း ကျဆင်းရေးတို့သည် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ဆက်စပ် လျက်ရှိကြောင်း၊ ကျောင်းတက်နိုင်ရန် နိုင်ငံတော်အစိုးရက အခမဲ့ပညာရေးစနစ် ဖော်ဆောင်နေသော်လည်း အခြားလူမှုရေး၊ အာဟာရ ဖြည့်တင်းရေးတို့အတွက် မိသားစုများကိုထောက်ပံ့ရန် လိုအပ်ကြောင်း၊ ကျောင်းတွင်း နေ့လယ်စာတစ်နပ် ကျွေးမွေးရေးသည်လည်း ရေရှည်တွင် အကောင်အထည်ဖော်ရမည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်၍ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ကျောင်းအဆင့် တိုးမြှင့်ခွင့်ရရှိခြင်းသည် ဒေသခံပြည်သူ့ဆန္ဒကို ပြည်သူ့ကိုယ်စားလှယ်များဖြစ်သော လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ကြိုးပမ်းမှု၊ ပညာရေးဝန်ကြီးဌာန၏ စနစ်တကျ ဥပဒေဘောင်အတွင်းက ပူးပေါင်းဆောင်ရွက်ပေးနိုင်မှု၏ အောင်မြင်မှုရလဒ်ဖြစ်ပြီး ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ဆောင်ရွက်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ဂန့်ဂေါမြို့မြို့မရပ်ကွက်သို့ သွားရောက်၍ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည့် အသက်(၉၀)နှစ်အထက် အဘွား ငါးဦးအား နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ထောက်ပံ့ပေးအပ်သော ဧပြီ၊ မေ၊ ဇွန် သုံးလစာအတွက် လူမှုရေးပင်စင်ကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်သည်။ လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ခြင်းကို နိုင်ငံအဝန်း ဇွန် ၁၅ ရက်မှ ၃၀ ရက်အတွင်း ဘိုးဘွားများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် ဂန့်ဂေါမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းနှင့် အမှတ်(၅၀) ခြေလျင်တပ်ရင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများသို့ သွားရောက်ပြီး တာဝန်ခံဆရာမနှင့် စာသင်ဆရာမများအတွက် ထောက်ပံ့ငွေနှင့် ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဂန့်ဂေါခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံး ဆောက်လုပ်ရန် လျာထားမြေနေရာအား ကြည့်ရှုပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ပျဉ်းမနားမြို့၌ လမ်းအထူးအဖွဲ့(၁၃)နှင့် ယာဉ် ၄၃ စီး၊ ဘားအံမြို့ ၌ လမ်းအထူး အဖွဲ့(၂၂)နှင့် ယာဉ် ၆၉ စီး၊ ဟားခါးမြို့၌ လမ်းအထူးအဖွဲ့(၁၀)နှင့် ယာဉ် ၃၂ စီး၊ ဂန့်ဂေါမြို့တွင် လမ်းအထူးအဖွဲ့(၁၂)နှင့် ယာဉ် ၂၆ စီး၊ ကလေးဝမြို့တွင် လမ်းအထူးအဖွဲ့(၇)နှင့် ယာဉ် ၃၈ စီး၊ ဖောင်းပြင်မြို့တွင် လမ်းအထူးအဖွဲ့(၈)နှင့် ယာဉ် ၄၉ စီး၊ မိတ္ထီလာမြို့တွင် လမ်းအထူးအဖွဲ့(၉)နှင့် ယာဉ် ၅၂ စီး၊ ရန်ကုန်မြို့တွင် လမ်းအထူးအဖွဲ့(၁၄)နှင့် ယာဉ် ခုနစ်စီး၊ လဟယ်မြို့တွင် လမ်းအထူးအဖွဲ့(၁၉)နှင့် ယာဉ် ၂၈ စီး၊ ထားဝယ် မြို့တွင် လမ်းအထူးအဖွဲ့(၂၃)နှင့် ယာဉ် ၄၇ စီး၊ မြိတ်မြို့တွင် လမ်းအထူးအဖွဲ့(၂၄)နှင့် ယာဉ် ၃၈ စီး၊ တောင်ငူမြို့တွင် လမ်းအထူးအဖွဲ့(၁၅)နှင့် ယာဉ် ၂၅ စီး၊ မင်းဘူးမြို့တွင် လမ်းအထူးအဖွဲ့(၁၁)နှင့် ယာဉ် ၄၉ စီး၊ ဂန့်ဂေါမြို့တွင် လမ်းအထူးအဖွဲ့(၁၂)နှင့် ယာဉ်အစီး ၂၀၊ မိတ္ထီလာမြို့တွင် လမ်းအထူးအဖွဲ့(၉)နှင့် ယာဉ် ၆၂ စီး၊ အမ်းမြို့တွင် လမ်းအထူးအဖွဲ့(၁၆)နှင့် ယာဉ် ၇၂ စီး၊ စစ်တွေမြို့တွင် လမ်းအထူးအဖွဲ့(၁၇)နှင့် ယာဉ် ၄၇ စီး၊ တောင်ကုတ်မြို့တွင် လမ်းအထူးအဖွဲ့(၁၈)နှင့် ၅၅ စီး၊ ရန်ကုန် မြို့တွင် လမ်းအထူးအဖွဲ့(၁၄)က ယာဉ် ၈၂ စီး၊ ညောင်ရွှေမြို့တွင် လမ်းအထူးအဖွဲ့(၄)နှင့် ယာဉ် ၂၃ စီး၊ လွိုင်လင်မြို့တွင် လမ်းအထူးအဖွဲ့(၅)နှင့် ယာဉ် ၃၃ စီး၊ လားရှိုးမြို့တွင် လမ်းအထူးအဖွဲ့(၆)နှင့် ယာဉ် ၃၂ စီး၊ ကျိုင်းတုံမြို့တွင် လမ်းအထူးအဖွဲ့(၃)နှင့် ယာဉ် ၄၄ စီး၊ ရန်ကုန်မြို့တွင် လမ်းအထူးအဖွဲ့(၁၄)နှင့် ယာဉ် ငါးစီး၊ ရေကြည်မြို့တွင် လမ်းအထူးအဖွဲ့(၂၀) နှင့် ယာဉ် ၃၆ စီး၊ ညောင်တုန်းမြို့တွင် လမ်းအထူးအဖွဲ့(၂၁) နှင့် ယာဉ် ၄၄ စီး စုစုပေါင်းယာဉ် အစီးရေ ၁၁၂၇ စီး ဖြစ်သည်။

# စေတနာ မျှဝေခြင်း အစီအစဉ်တွင် ပါဝင်လှူဒါန်းခဲ့သောအလှူရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများပေးအပ်

နေပြည်တော် ဇွန် ၁၇



**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ စေတနာ“မျှဝေခြင်း” အစီအစဉ်တွင် ပါဝင်လှူဒါန်းခဲ့သော အလှူရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၁၆ ရက်က ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်သည်။** (ယာပုံ)

“မျှဝေခြင်း” အစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ မိမိ၏ ပိုလျှံသော၊ အပိုသုံးငွေများကို အမှန်တကယ် လိုအပ်ချက်ရှိနေသောသူများအတွက် မိမိတတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လူတစ်ဦး၏ အနည်းငယ်သော ငွေကြေးပါဝင်မှုနှင့် လူအများ၏ ပါဝင်မှုတို့ကိုပေါင်းစပ်၍ ဆောင်ရွက်သည့် နည်းပင်ဖြစ်ကြောင်း၊ မျှဝေခြင်း အစီအစဉ်၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်၊ လူမှုရေးလိုအပ်ချက်များဖြစ်သည့် ရေတွင်း၊ ရေကန်တူးဖော်ခြင်း စသည့် သောက်သုံးရေဆိုင်ရာကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ရေးဆိုင်ရာကိစ္စရပ်များကို တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်မည်ဖြစ်ပြီး ကမ္ဘာတွင် ရက်ရောမှုအရှိဆုံးအဖြစ် ရပ်တည်လျက်ရှိသော မြန်မာတို့၏ စိတ်သဘောကောင်းမြတ်သည့်ဂုဏ်ကို မြှင့်တင်ပြီး အမှန်တကယ် လိုအပ်သောနေရာများအတွက် ကူညီဆောင်ရွက်ပေးသွားရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မျှဝေခြင်း အစီအစဉ်သို့ ထည့်ဝင်လှူဒါန်းမှုသည် မည်သည့်တွန်းအားပေးမှုမျှ ပါဝင်ခြင်းမရှိဘဲ မိမိတစ်ဦးချင်းစီ၏ စေတနာသဒ္ဓါတရား ထက်သန်မှုအရသာ ဆုံးဖြတ်ထည့်ဝင်ကူညီပေးသည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်းနှင့် ယနေ့ကာလအထိ စေတနာ မျှဝေခြင်း အစီအစဉ်မှ စက်ရေတွင်းခြောက်တွင်း ၊ သောက်သုံးရေကန် ၃၈ ခု၊ လယ်ယာမြေပြုပြင်ဖော်ထုတ်ပေးခြင်း ဧက ၂၈၉၀ ၊ မူလတန်းကျောင်းဆောင်တစ်ဆောင်နှင့် ရေသန့်စက်တစ်စုံတို့အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၅၀၈၅ သိန်းနှင့် လုပ်အားဒါနများ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

**(မြန်မာ့အလင်း)**

## မကွေးတက္ကသိုလ်နှင့် မြောက်ပိုင်းအီလီနွိုက်တက္ကသိုလ်တို့ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မကွေး ဇွန် ၁၇**

မကွေးတက္ကသိုလ်နှင့် အမေရိကန်နိုင်ငံ Northern Illinois University (NIU),Global Environmental Health Lab(GEH)တို့ ပူးပေါင်း၍ Sustainable Development Goals in Myanmar ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို မကွေးတက္ကသိုလ် University Research Center တွင် ဇွန် ၉ ရက်က ကျင်းပရာ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး တက်ရောက် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့ခြောက်ဖွဲ့ဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေး၊ သောက်သုံးရေသန့်ရှင်းရေး၊ သဘာဝသယံဇာတများ ရေရှည်တည်တံ့စွာထုတ်ယူရေး၊ လေထုညစ်ညမ်းမှုမှကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ကူးစက်ရောဂါများဖြစ်ပွားမှုမှ ကာကွယ်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုတွင် လက်ဆေးသန့်စင်ခြင်း လုပ်ငန်းတို့နှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ စာတမ်းဖတ်ကြားခြင်းတို့ ပြုလုပ်သည်။ ထို့အပြင် အဖွဲ့ဝင်ဖြစ်သူ ပထဝီဝင် Prof Dr.James Wilson က Geographic Information System (GIS) နှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။



မကွေးတက္ကသိုလ်နှင့် Northern Illinois University တို့၏ သုတေသနလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၆ ခုနှစ်မှ စတင်ခဲ့ပြီး သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူများ၏ စိတ်ဖိစီးခံစားမှု အခြေအနေများနှင့်ပတ်သက်၍ လေ့လာမှုများပြုလုပ်ကာ နိုင်ငံတကာ သုတေသန စာတမ်းဖတ်ပွဲများတွင် စာတမ်းဖတ်ကြားခြင်း၊ စာတမ်းရေးသားခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်းဆင်း

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်း အမှတ်စဉ် (၆/၂၀၁၇) ဆင်းပွဲကို ဇွန် ၁၆ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် ဦးစီးအရာရှိ (ပထမတန်း) တို့က သင်တန်းသားခေါင်းဆောင်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

သင်တန်းဆင်းပွဲသို့ ဦးစီးအရာရှိ (ပထမတန်း) ဒုရဲမှူးကြီးမြင့်ထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြများ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်လေးခုရှိ မြို့နယ်များမှ သင်တန်းသားအရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၇၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## နေပြည်တော်ရဲတပ်ဖွဲ့တွင် နယ်ထိန်း(အရာရှိ)လုပ်ငန်း မွမ်းမံသင်တန်းဆင်း

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သော နယ်ထိန်း(အရာရှိ) လုပ်ငန်း မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲကို ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတပ်ဖွဲ့မှူး ရဲမှူးကြီးရွှေသောင်းက သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော်ရဲတပ်ဖွဲ့ (ဦးစီးပထမတန်း)၊ ဒုတိယရဲမှူးကြီး ကျော်မိုးနှင့် ရဲအရာရှိကြီးများ၊ နေပြည်တော်ရှစ်မြို့နယ်မှ မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် သင်တန်းသား နယ်ထိန်းအရာရှိ ၂၂ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ (နေပြည်တော်)**

## ကျောင်းသား ကျောင်းသူများ အချိန်ကိုတန်ဖိုးရှိစွာအသုံးချပြီး စာမေးပွဲအောင်မြင်ရန်ကြိုးစား

**နေပြည်တော် ဇွန် ၁၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရေဆင်း သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း တက်ရောက်သင်ကြားလျက်ရှိသော ပထမနှစ်မှ ပဉ္စမနှစ်အထိ သစ်တောတက္ကသိုလ် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအား အချိန်ကို တန်ဖိုးရှိစွာအသုံးချရန်၊ ဘာသာရပ်ဆိုင်ရာ စာပေများအပြင် အခြားပြင်ပ ဗဟုသုတရရှိမည့်စာများကိုလည်း အချိန်ပေးလေ့လာရန်၊ ကျောင်းသား ကျောင်းသူ အချင်းချင်း ရိုင်းပင်းကူညီရန်နှင့် နှစ်စဉ်စာမေးပွဲ အောင်မြင်အောင် ကြိုးစားသွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဆင်း သစ်တောသုတေသနဌာနသို့ သွားရောက်၍ နော်ဝေနိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသော ရေသုတေသနဓာတ်ခွဲခန်း တည်ထောင်ရေးစီမံကိန်းသို့ သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ စီမံကိန်းတွင် ရေသုတေသန ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအဆောက်အအုံ ပြင်ဆင်မွမ်းမံခြင်း၊ ဇီဝဗေဒဆိုင်ရာ၊ ရူပဗေဒဆိုင်ရာနှင့် ဓာတုဗေဒဆိုင်ရာ အချက်အလက်များ ဆန်းစစ်လေ့လာနိုင်မည့် စက်ပစ္စည်းတပ်ဆင်ခြင်းနှင့် အဆိုပါ စက်ပစ္စည်းများ အသုံးပြုနိုင်ရန်အတွက် သင်တန်းပို့ချခြင်းများပါဝင်ပြီး စီမံကိန်းကာလနောက်ပိုင်းတွင် ဌာနဆိုင်ရာ သုတေသနလုပ်ငန်းများအပြင် သုတေသနကျောင်းသားများနှင့် စီးပွားရေးလုပ်ငန်းများအတွက်ပါ လိုအပ်သော ရေဓာတ်ခွဲစမ်းသပ်မှုများအား အခကြေးငွေဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြောက်ဦးမြို့နယ် နတ်ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**အမ်း ဇွန် ၁၇**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဇွန် ၁၇ ရက်က မြောက်ဦးမြို့နယ် နတ်ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ ၂၄ ဦး၊ အထွေထွေအားနည်းခြင်းရောဂါ ၂၀ ဦး၊ သွေးတိုးရောဂါ ၁၈ ဦး၊ အစာအိမ်ရောဂါ ၁၇ ဦး၊ အရိုးအကြောရောဂါ ၁၁ ဦး၊ ဦးနှောက်နှင့် အာရုံကြောရောဂါ ခြောက်ဦး၊ သွေးလွန်တုပ်ကွေးရောဂါ လေးဦး၊ နှလုံးရောဂါ သုံးဦး၊ သွေးအားနည်းရောဂါ ခြောက်ဦး၊ ကလေးရောဂါ ၃၆ ဦး စုစုပေါင်း ၁၄၆ ဦး တို့အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို စစ်တွေမြို့ရှိ အမှတ်(၁၇) တပ်မတော်ဆေးရုံ ခုတင် ၁၀၀ သို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပြင် ကျေးရွာအတွင်း ခြင်အန္တရာယ် ကင်းဝေးစေရန်အတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## မုဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

**မုဒုံ ဇွန် ၁၇**

မုဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အဖွဲ့ဝင်မိသားစု ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၁၅ ရက်က အဆိုပါအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘာပတိ ဗိုလ်မှူးကြီးမျိုးချစ်(ငြိမ်း)က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အသက် ၈၀ နှစ်အထက် စစ်မှုထမ်းဟောင်းခြောက်ဦးတို့ကို မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်ရေးအဖွဲ့မှ ဗိုလ်မှူးမောင်ဝင်း(ငြိမ်း)က ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **မုဒုံ-မောင်မောင်**

## နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောင်ချက်ဇယား

| စဉ် | ပြည်နယ်တိုင်းဒေသကြီး | ၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲ | | | ၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲ | | | ၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲ | | | ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲ | | | ၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဖြေဆိုသူ | အောင်မြင်သူ | | ဖြေဆိုသူ | အောင်မြင်သူ | | ဖြေဆိုသူ | အောင်မြင်သူ | | ဖြေဆိုသူ | အောင်မြင်သူ | | ဖြေဆိုသူ | အောင်မြင်သူ | |
| | | ဦးရေ | ဦးရေ | ရာခိုင်နှုန်း | ဦးရေ | ဦးရေ | ရာခိုင်နှုန်း | ဦးရေ | ဦးရေ | ရာခိုင်နှုန်း | ဦးရေ | ဦးရေ | ရာခိုင်နှုန်း | ဦးရေ | ဦးရေ | ရာခိုင်နှုန်း |
| ၁ | ကချင်ပြည်နယ် | ၂၀၈၄၅ | ၉၁၂၈ | ၄၃.၇၉ % | ၂၃၀၁၀ | ၆၅၇၇ | ၂၈.၅၈ % | ၂၅၇၈၈ | ၈၁၃၈ | ၃၁.၅၆ % | ၂၇၁၉၁ | ၈၀၈၈ | ၂၉.၇၅ % | ၃၀၆၁၇ | ၉၂၀၇ | ၃၀.၀၅ % |
| ၂ | ကယားပြည်နယ် | ၃၁၀၃ | ၇၉၂ | ၂၅.၅၂ % | ၃၆၉၃ | ၉၈၇ | ၂၆.၇၃ % | ၄၂၈၀ | ၁၃၇၂ | ၃၂.၀၆ % | ၄၆၃၂ | ၁၁၆၆ | ၂၅.၁၇ % | ၅၁၇၁ | ၁၅၆၄ | ၃၀.၂၅ % |
| ၃ | ကရင်ပြည်နယ် | ၇၉၀၂ | ၂၅၉၄ | ၃၂.၈၃ % | ၉၄၈၅ | ၃၁၃၁ | ၃၃.၀၁ % | ၁၂၀၈၄ | ၃၅၇၀ | ၂၉.၅၄ % | ၁၃၆၃၉ | ၃၇၀၃ | ၂၇.၁၅ % | ၁၆၀၁၀ | ၄၇၁၈ | ၂၉.၄၇ % |
| ၄ | ချင်းပြည်နယ် | ၇၄၅၇ | ၁၂၃၂ | ၁၆.၅၂ % | ၈၇၂၀ | ၇၀၄ | ၈.၀၇ % | ၉၆၃၈ | ၁၇၂၀ | ၁၇.၈၅ % | ၉၈၄၆ | ၁၄၁၄ | ၁၄.၃၆ % | ၉၇၂၅ | ၁၈၅၂ | ၁၉.၀၄ % |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၆၂၆၈ | ၂၃၅၆၄ | ၄၁.၈၈ % | ၆၂၇၁၉ | ၁၅၇၅၉ | ၂၅.၁၃ % | ၇၆၆၇၁ | ၃၀၀၅၂ | ၃၉.၂၀ % | ၈၁၈၀၈ | ၂၇၀၅၁ | ၃၃.၀၇ % | ၉၂၆၉၀ | ၃၄၉၅၅ | ၃၇.၇၁ % |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၉၇၅၀ | ၃၆၆၃ | ၃၇.၅၇ % | ၁၁၆၄၁ | ၄၇၆၄ | ၄၀.၉၂ % | ၁၂၉၄၄ | ၄၅၁၆ | ၃၄.၈၉ % | ၁၅၇၆၇ | ၄၆၀၅ | ၂၉.၂၀ % | ၁၈၄၆၈ | ၅၇၉၀ | ၃၁.၃၅ % |
| ၇ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၂၄၀၅၅ | ၇၁၇၅ | ၂၉.၈၃ % | ၂၇၅၇၆ | ၇၈၀၉ | ၂၈.၃၂ % | ၂၉၉၅၆ | ၁၀၄၄၀ | ၃၄.၈၅ % | ၃၂၁၄၄ | ၉၆၄၁ | ၂၉.၉၉ % | ၃၈၈၃၅ | ၁၁၅၀၉ | ၂၉.၆၄ % |
| ၈ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၁၅၉၁၀ | ၅၁၁၃ | ၃၂.၁၄ % | ၁၇၀၇၁ | ၅၂၁၁ | ၃၀.၅၃ % | ၁၈၇၇၃ | ၇၃၀၃ | ၃၈.၉၀ % | ၁၉၅၀၄ | ၆၄၃၉ | ၃၃.၀၁ % | ၂၁၈၈၂ | ၇၃၀၆ | ၃၃.၃၉ % |
| ၉ | မွန်ပြည်နယ် | ၁၃၇၀၇ | ၆၄၉၄ | ၄၇.၃၈ % | ၁၅၈၇၃ | ၇၄၂၀ | ၄၆.၇၅ % | ၁၈၁၇၀ | ၇၈၈၆ | ၄၃.၄၀ % | ၁၉၆၈၁ | ၇၇၄၉ | ၃၉.၃၇ % | ၂၂၆၁၈ | ၉၃၀၁ | ၄၁.၁၂ % |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၃၅၇၇ | ၁၆၃၆၁ | ၃၇.၅၅ % | ၄၈၉၂၄ | ၁၂၂၅၅ | ၂၅.၀၅ % | ၅၆၈၇၂ | ၂၃၂၃၉ | ၄၀.၈၆ % | ၆၀၄၃၇ | ၁၈၅၀၃ | ၃၀.၆၂ % | ၇၀၂၉၁ | ၂၆၇၀၀ | ၃၇.၉၈ % |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၇၅၂၈၂ | ၂၉၇၀၆ | ၃၉.၄၆ % | ၇၉၃၅၄ | ၂၇၂၈၅ | ၃၄.၃၈ % | ၈၇၂၀၁ | ၃၃၆၅၃ | ၃၈.၅၉ % | ၉၁၆၈၈ | ၃၂၅၅၁ | ၃၅.၅၀ % | ၉၉၈၄၅ | ၄၀၁၅၄ | ၄၀.၂၂ % |
| ၁၂ | နေပြည်တော် | ၁၂၆၇၅ | ၃၈၉၀ | ၃၀.၆၉ % | ၁၄၃၅၅ | ၃၈၉၄ | ၂၇.၁၃ % | ၁၆၃၅၉ | ၅၀၀၄ | ၃၀.၅၉ % | ၁၇၄၈၉ | ၅၂၂၃ | ၂၉.၈၆ % | ၁၉၃၄၈ | ၆၇၁၀ | ၃၄.၆၈ % |
| ၁၃ | ရခိုင်ပြည်နယ် | ၂၁၅၃၃ | ၄၆၇၆ | ၂၁.၇၂ % | ၂၅၄၈၆ | ၄၆၃၉ | ၁၈.၂၀ % | ၂၉၄၈၀ | ၆၈၁၉ | ၂၃.၁၃ % | ၃၄၈၂၂ | ၇၃၈၀ | ၂၁.၁၉ % | ၃၈၄၄၀ | ၆၅၉၈ | ၁၇.၁၆ % |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၉၃၈၃၃ | ၃၁၃၂၇ | ၃၃.၃၉ % | ၁၀၀၀၅၄ | ၃၅၁၆၂ | ၃၅.၁၄ % | ၉၉၀၅၃ | ၃၅၆၆၃ | ၃၆.၀၀ % | ၁၀၁၇၆၇ | ၃၃၈၀၀ | ၃၃.၂၁ % | ၁၀၄၂၅၆ | ၃၈၈၂၉ | ၃၇.၂၄ % |
| ၁၅ | ရှမ်းပြည်နယ်(တောင်) | ၁၇၁၁၄ | ၄၈၉၀ | ၂၈.၅၇ % | ၁၉၂၆၁ | ၅၄၉၄ | ၂၈.၅၂ % | ၂၀၉၆၅ | ၇၅၇၈ | ၃၆.၁၅ % | ၂၂၉၆၂ | ၆၅၆၉ | ၂၈.၆၁ % | ၂၆၆၉၉ | ၈၆၄၄ | ၃၂.၃၈ % |
| ၁၆ | ရှမ်းပြည်နယ်(မြောက်) | ၁၁၆၃၂ | ၃၂၅၅ | ၂၇.၉၈ % | ၁၃၀၄၇ | ၃၆၅၆ | ၂၈.၀၂ % | ၁၄၁၁၂ | ၄၈၅၇ | ၃၄.၄၂ % | ၁၄၄၈၉ | ၄၂၅၄ | ၂၉.၃၆ % | ၁၅၃၀၀ | ၅၄၃၃ | ၃၅.၅၁ % |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့) | ၃၁၃၅ | ၆၄၈ | ၂၀.၆၇ % | ၃၅၁၂ | ၇၆၈ | ၂၁.၈၇ % | ၃၆၅၀ | ၉၂၃ | ၂၅.၂၉ % | ၃၈၈၃ | ၈၂၅ | ၂၁.၂၅ % | ၄၃၃၇ | ၁၀၆၄ | ၂၄.၅၃ % |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၄၉၅၆၀ | ၁၅၄၆၄ | ၃၁.၂၀ % | ၅၈၀၈၇ | ၂၆၀၅၈ | ၄၄.၈၆ % | ၆၁၈၅၁ | ၃၂၀၂၆ | ၅၁.၇၈ % | ၆၄၃၉၈ | ၁၁၃၄၅ | ၁၇.၆၂ % | ၈၁၄၈၆ | ၂၂၃၇၃ | ၂၇.၄၆ % |
| ၁၉ | နိုင်ငံခြား | ၇၅ | ၇၁ | ၉၄.၆၇ % | ၇၇ | ၇၄ | ၉၆.၁၀ % | ၉၉ | ၈၈ | ၈၈.၈၉ % | ၉၀ | ၈၃ | ၉၂.၂၂ % | ၁၅၀ | ၂၉ | ၁၉.၃၃ % |
| | စုစုပေါင်း | ၄၈၇၄၁၃ | ၁၇၀၀၄၃ | ၃၄.၈၉ % | ၅၄၁၉၄၆ | ၁၇၁၆၄၇ | ၃၁.၆၇ % | ၅၉၇၉၄၆ | ၂၂၄၈၄၇ | ၃၇.၆၀ % | ၆၃၆၂၃၇ | ၁၉၀၃၉၀ | ၂၉.၉၂ % | ၇၁၆၁၈၈ | ၂၄၂၇၃၆ | ၃၃.၈၉ % |

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အောင်ချက်နှင့် ဂုဏ်ထူးဦးရေပြဇယား

| စဉ် | ပြည်နယ်တိုင်းဒေသကြီး | ဖြေဆို | အောင်မြင် | ရာနှုန်း | ဂုဏ်ထူးရသူအရေအတွက် | | | | | | | ဂုဏ်ထူးရဘာသာအရေအတွက် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ၁ ဘာသာ | ၂ ဘာသာ | ၃ ဘာသာ | ၄ ဘာသာ | ၅ ဘာသာ | ၆ ဘာသာ | ပေါင်း | မြန်မာ | အင်္ဂလိပ် | သင်္ချာ | ဓါတု | ရူပ | ဇီဝ | သမိုင်း | ပထဝီ | ဘောဂ | ပေါင်း |
| ၁ | ကချင်ပြည်နယ် | ၃၀၆၁၇ | ၉၂၀၇ | ၃၀.၀၅ % | ၁၅၂၄ | ၂၆၈ | ၁၄၄ | ၆၀ | ၅၂ | ၁၇ | ၂၀၆၅ | ၅၀ | ၁၁၅ | ၂၃၇ | ၃၉၅ | ၂၃၄ | ၄၂၉ | ၁၃၂ | ၂၂၂ | ၁၂၈၀ | ၃၀၉၄ |
| ၂ | ကယားပြည်နယ် | ၅၁၇၁ | ၁၅၆၄ | ၃၀.၂၅ % | ၂၄၆ | ၄၁ | ၁၆ | ၄ | ၄ | ၀ | ၃၁၁ | ၀ | ၇ | ၃၈ | ၃၆ | ၁၆ | ၅၈ | ၂၆ | ၇၉ | ၁၅၂ | ၄၁၂ |
| ၃ | ကရင်ပြည်နယ် | ၁၆၀၁၀ | ၄၇၁၈ | ၂၉.၄၇ % | ၈၁၄ | ၁၄၁ | ၄၉ | ၂၂ | ၄ | ၁ | ၁၀၃၁ | ၄ | ၂ | ၇၂ | ၁၇၁ | ၇၆ | ၂၂၉ | ၃၀ | ၇၄ | ၆၉၉ | ၁၃၅၇ |
| ၄ | ချင်းပြည်နယ် | ၉၇၂၅ | ၁၈၅၂ | ၁၉.၀၄ % | ၁၇၅ | ၃၂ | ၄ | ၅ | ၀ | ၀ | ၂၁၆ | ၄ | ၁ | ၁၃ | ၁၈ | ၇ | ၆၂ | ၂၃ | ၅၁ | ၉၂ | ၂၇၁ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉၂၆၉၀ | ၃၄၉၅၅ | ၃၇.၇၁ % | ၅၀၀၆ | ၁၂၀၁ | ၆၃၅ | ၃၀၄ | ၁၂၃ | ၃၈ | ၇၃၀၇ | ၃၃၂ | ၁၇၀ | ၁၁၄၉ | ၁၆၁၀ | ၁၀၈၈ | ၂၄၆၄ | ၃၃၉ | ၉၈၅ | ၃၂၃၅ | ၁၁၃၇၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၈၄၆၈ | ၅၇၉၀ | ၃၁.၃၅ % | ၁၃၀၈ | ၁၄၆ | ၇၃ | ၄၄ | ၁၁ | ၁ | ၁၅၈၃ | ၁၂ | ၁၂ | ၂၁၀ | ၂၂၁ | ၁၁၀ | ၂၁၉ | ၇ | ၅ | ၁၂၆၀ | ၂၀၅၆ |
| ၇ | ပဲခူးတိုင်းဒေသကြီး(ရ) | ၃၈၈၃၅ | ၁၁၅၀၉ | ၂၉.၆၄ % | ၁၉၁၄ | ၄၄၂ | ၁၈၉ | ၁၃၉ | ၃၃ | ၇ | ၂၇၂၄ | ၂၅ | ၅၀ | ၃၀၄ | ၇၀၄ | ၅၂၆ | ၈၃၀ | ၁၀ | ၁၅၇ | ၁၅၂၂ | ၄၃၂၈ |
| ၈ | ပဲခူးတိုင်းဒေသကြီး(န) | ၂၁၈၈၂ | ၇၃၀၆ | ၃၃.၃၉ % | ၁၃၂၂ | ၃၂၇ | ၁၂၂ | ၇၁ | ၂၄ | ၁၂ | ၁၈၇၈ | ၂၄ | ၅၆ | ၁၇၉ | ၄၅၇ | ၂၉၆ | ၄၅၅ | ၂၅ | ၁၇၁ | ၁၁၅၅ | ၂၈၁၈ |
| ၉ | မွန်ပြည်နယ် | ၂၂၆၁၈ | ၉၃၀၁ | ၄၁.၁၂ % | ၁၈၆၂ | ၃၃၅ | ၂၀၉ | ၁၅၅ | ၄၇ | ၁၁ | ၂၆၁၉ | ၂၉ | ၇၉ | ၄၉၆ | ၇၂၂ | ၃၄၆ | ၈၄၉ | ၁၁ | ၇၀ | ၁၄၇၈ | ၄၀၈၀ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၇၀၂၉၁ | ၂၆၇၀၀ | ၃၇.၉၈ % | ၂၈၁၃ | ၅၈၉ | ၂၅၂ | ၁၅၆ | ၈၈ | ၂၀ | ၃၉၁၈ | ၄၅ | ၃၄၈ | ၆၇၈ | ၈၁၉ | ၄၂၉ | ၁၄၅၁ | ၅၄ | ၅၁၁ | ၁၅၇၆ | ၅၉၃၁ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၉၉၈၄၅ | ၄၀၁၅၄ | ၄၀.၂၂ % | ၄၄၆၇ | ၁၃၄၉ | ၁၀၄၄ | ၉၂၂ | ၅၂၄ | ၂၃၈ | ၈၅၄၄ | ၇၂၉ | ၈၃၁ | ၂၅၃၅ | ၄၀၁၁ | ၃၄၈၈ | ၃၆၂၄ | ၄၆ | ၉၈ | ၂၆၇၁ | ၁၈၀၃၃ |
| ၁၂ | နေပြည်တော် | ၁၉၃၄၈ | ၆၇၁၀ | ၃၄.၆၈ % | ၈၇၇ | ၁၆၇ | ၁၀၀ | ၈၂ | ၄၂ | ၃၅ | ၁၃၀၃ | ၈၈ | ၉၈ | ၂၄၄ | ၄၄၇ | ၃၃၂ | ၃၄၈ | ၁၀ | ၁၀ | ၆၈၂ | ၂၂၉၉ |
| ၁၃ | ရခိုင်ပြည်နယ် | ၃၈၄၄၀ | ၆၅၉၈ | ၁၇.၁၆ % | ၅၉၈ | ၁၄၈ | ၇၁ | ၄၅ | ၂၆ | ၂၆ | ၉၁၄ | ၂၀၀ | ၁၄၀ | ၈၇ | ၂၆၃ | ၁၇၆ | ၂၁၉ | ၂၇ | ၃၉ | ၄၂၂ | ၁၅၇၃ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၄၂၅၆ | ၃၈၈၂၉ | ၃၇.၂၄ % | ၆၃၄၂ | ၁၉၂၂ | ၁၃၉၈ | ၁၃၃၈ | ၇၃၁ | ၃၃၁ | ၁၂၀၆၂ | ၁၅၂၀ | ၇၆၃ | ၃၂၀၃ | ၅၄၃၉ | ၃၉၃၂ | ၆၄၆၂ | ၂၅ | ၁၉ | ၄၀၁၀ | ၂၅၃၇၃ |
| ၁၅ | ရှမ်းပြည်နယ်(တောင်) | ၂၆၆၉၉ | ၈၆၄၄ | ၃၂.၃၈ % | ၁၁၀၀ | ၁၉၇ | ၁၂၈ | ၈၈ | ၄၈ | ၁၃ | ၁၅၇၄ | ၅၇ | ၁၃၆ | ၃၄၅ | ၄၀၆ | ၂၃၃ | ၅၅၂ | ၁၇ | ၃၆ | ၇၆၆ | ၂၅၄၈ |
| ၁၆ | ရှမ်းပြည်နယ်(မြောက်) | ၁၅၃၀၀ | ၅၄၃၃ | ၃၅.၅၁ % | ၇၄၀ | ၁၄၁ | ၈၃ | ၆၅ | ၂၄ | ၂ | ၁၀၅၅ | ၁၈ | ၇၄ | ၂၀၈ | ၂၅၂ | ၁၇၇ | ၃၄၂ | ၁၈ | ၃၇ | ၅၃၇ | ၁၆၆၃ |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့) | ၄၃၃၇ | ၁၀၆၄ | ၂၄.၅၃ % | ၁၅၀ | ၁၉ | ၅ | ၃ | ၃ | ၀ | ၁၈၀ | ၁၂ | ၇ | ၂၃ | ၃၀ | ၁၄ | ၁၈ | ၃ | ၃ | ၁၂၀ | ၂၃၀ |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၈၁၄၈၆ | ၂၂၃၇၃ | ၂၇.၄၆ % | ၄၈၇၁ | ၁၃၈၉ | ၈၃၄ | ၁၆၈ | ၈၉ | ၅၆ | ၇၄၀၇ | ၅၇၀ | ၁၅၅ | ၄၇၄ | ၉၀၀ | ၄၁၃ | ၇၉၅ | ၁၁၈၇ | ၂၄၂၇ | ၄၆၈၃ | ၁၁၆၀၄ |
| ၁၉ | နိုင်ငံခြား | ၁၅၀ | ၂၉ | ၁၉.၃၃ % | ၅ | ၅ | ၁၀ | ၅ | ၁ | ၁ | ၂၇ | ၈ | ၁ | ၄ | ၂၀ | ၁၆ | ၁၉ | ၀ | ၀ | ၇ | ၇၆ |
| | စုစုပေါင်း(၂၀၁၇) | ၇၁၆၁၈၈ | ၂၄၂၇၃၆ | ၃၃.၈၉ % | ၃၆၁၃၄ | ၈၈၅၉ | ၅၃၆၆ | ၃၆၇၆ | ၁၈၇၄ | ၈၀၉ | ၅၆၇၁၈ | ၃၇၂၇ | ၃၀၄၅ | ၁၀၄၉၉ | ၁၆၉၄၂ | ၁၁၉၀၉ | ၁၉၄၂၅ | ၁၉၉၀ | ၄၉၉၄ | ၂၆၃၄၇ | ၉၈၈၇၈ |
| | စုစုပေါင်း(၂၀၁၆) | ၆၃၆၂၃၇ | ၁၉၀၃၉၀ | ၂၉.၉၂ % | ၂၇၉၈၈ | ၇၀၃၁ | ၄၄၈၂ | ၃၀၄၇ | ၁၇၈၂ | ၈၈၂ | ၄၅၂၁၂ | ၃၅၀၁ | ၃၁၉၉ | ၈၈၀၂ | ၁၃၀၉၈ | ၁၂၈၂၁ | ၂၀၀၉၂ | ၁၄၅၀ | ၂၇၇၉ | ၁၈၉၄၄ | ၈၄၆၈၆ |
| | စုစုပေါင်း(၂၀၁၅) | ၅၉၇၉၄၆ | ၂၂၄၈၄၇ | ၃၇.၆၀ % | ၃၀၅၄၅ | ၉၇၄၃ | ၅၆၅၉ | ၄၃၉၇ | ၂၀၅၂ | ၈၂၉ | ၅၃၂၂၅ | ၅၅၇၆ | ၁၉၆၅ | ၁၃၈၃၀ | ၁၃၃၇၅ | ၁၈၇၀၁ | ၁၉၁၆၂ | ၅၂၉၂ | ၃၇၃၃ | ၁၈၁၉၆ | ၉၉၈၃၀ |
| | စုစုပေါင်း(၂၀၁၄) | ၅၄၁၉၄၆ | ၁၇၁၆၄၇ | ၃၁.၆၇ % | ၂၈၇၅၈ | ၇၆၃၃ | ၄၆၈၉ | ၂၆၁၅ | ၁၂၉၀ | ၆၀၂ | ၄၅၅၈၇ | ၂၀၉၅ | ၂၅၄၁ | ၆၄၁၄ | ၁၁၃၃၂ | ၁၅၃၃၉ | ၁၃၆၉၅ | ၁၅၉၄ | ၃၄၂၇ | ၂၂၁၇၆ | ၇၈၆၁၃ |
| | စုစုပေါင်း(၂၀၁၃) | ၄၈၇၄၁၃ | ၁၇၀၀၄၃ | ၃၄.၈၉ % | ၂၃၂၆၆ | ၆၄၂၉ | ၃၉၉၄ | ၂၇၄၅ | ၁၂၈၃ | ၅၀၀ | ၃၈၂၁၇ | ၂၆၇၁ | ၁၉၇၉ | ၉၅၅၃ | ၁၄၅၅၅ | ၁၀၇၆၆ | ၁၁၃၆၁ | ၁၀၈၉ | ၉၄၉ | ၁၅၅၇၈ | ၆၈၅၀၁ |
| | စုစုပေါင်း(၂၀၁၂) | ၄၆၇၈၄၉ | ၁၆၀၇၇၈ | ၃၄.၃၇ % | ၂၃၉၄၆ | ၅၉၁၇ | ၃၈၁၅ | ၃၄၄၄ | ၁၄၂၃ | ၄၅၇ | ၃၉၀၀၂ | ၂၁၅၃ | ၂၀၀၄ | ၁၄၇၉၉ | ၁၀၆၂၂ | ၁၁၀၆၁ | ၁၁၇၆၁ | ၁၀၄၈ | ၉၇၆ | ၁၆၄၃၄ | ၇၀၈၅၈ |
| | စုစုပေါင်း(၂၀၁၁) | ၄၆၉၈၅၂ | ၁၆၅၀၀၇ | ၃၅.၁၂ % | ၁၆၃၆၃ | ၄၅၁၅ | ၂၉၆၆ | ၃၀၃၂ | ၁၃၃၈ | ၃၉၈ | ၂၈၆၁၂ | ၂၁၃၀ | ၁၉၅၆ | ၁၁၃၄၁ | ၈၅၁၇ | ၉၄၀၇ | ၁၁၈၇၇ | ၄၆၈ | ၈၅၈ | ၈၉၄၃ | ၅၅၄၉၇ |

# မောင်တောနှင့်ဘူးသီးတောင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းထုတ်ပြန်ခဲ့ရာ လာရောက်ကြည့်ရှုသူ ကျောင်းသား ကျောင်းသူများဖြင့် စည်ကား

**မောင်တော ဇွန် ၁၇**

မောင်တောခရိုင် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်ရှိ ပညာရေးမှူးရုံးများနှင့် စာသင်ကျောင်းများတွင် ယနေ့နံနက် ၆ နာရီကစတင်ကာ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကိုထုတ်ပြန်ခဲ့ရာ လာရောက်ကြည့်ရှုသူ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများဖြင့် စည်ကားလျက်ရှိသည်။

၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မောင်တောမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးဖြင့် ဖြေဆိုအောင်မြင်ခဲ့သည့် မောင်ကျော်ဇော်သိန်းက "အခုလို ဂုဏ်ထူးတွေပါဖို့အတွက် မိဘတွေက ငယ်ငယ်ကတည်းက ဆုံးမလမ်းညွှန်ခဲ့တယ်။ ကျောင်းမှာလည်း ဆရာ ဆရာမတွေက ဂရုတစိုက်သင်ကြားပေးတဲ့အပေါ် တစ်နေ့စာကိုတစ်နေ့ အကြွေးမရှိအောင်လုပ်ခဲ့တယ်။ ဒါကြောင့်လည်း အခုလို ဂုဏ်ထူးတွေနဲ့ အောင်တာပါ"ဟု ပြောသည်။

မောင်တောခရိုင် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းသည် ၂၀၁၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ၁၆ ရာခိုင်နှုန်းခန့်ရှိခဲ့ရာ ယခု ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း ၁၁ ဒသမ ၁၇ ရာခိုင်နှုန်းရှိခဲ့ပြီး အောင်ချက် ငါးရာခိုင်နှုန်းခန့် လျော့နည်းသွားကြောင်း မောင်တောခရိုင် ပညာရေးမှူးရုံးမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း လျော့နည်းသွားရခြင်းနှင့်စပ်လျဉ်းပြီး မောင်တောမြို့ အမှတ်(၂) အခြေခံပညာကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမေသိန်းက "ဒီနှစ်က တက္ကသိုလ်ဝင် စာမေးပွဲစစ်တဲ့ပုံစံက မသမာမှုတွေမပေါ်ပေါက်အောင် အရည်ချင်းရှိတဲ့သူ ကြိုးစားတဲ့သူအောင်မြင်ရမယ်ဆိုတဲ့ ပုံစံလုပ်ထားတယ်။ တကယ်အရည်အချင်းရှိတဲ့သူတွေ ကြိုးစားတဲ့သူတွေအောင်ကြတယ်။ မသမာမှုတွေလုပ်လို့ မရတော့ဘူးဆိုတာ ကလေးတွေသိသွားပြီ။ နောက်နှစ်ဆို အောင်ချက်တိုးလာမှာပါ"ဟု ပြောသည်။

၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မောင်တောမြို့နယ်မှ ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၄၂၂ ဦးရှိခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၁၄၂ ဦးရှိကာ အောင်ချက်ရာခိုင်နှုန်း ၉ ဒသမ ၉၉ ရာခိုင်နှုန်းရှိကြောင်း၊ ဘူးသီးတောင်မြို့နယ်မှ ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၆၄၄ ဦးရှိခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၁၅၅ ဦးရှိကာ အောင်ချက်ရာခိုင်နှုန်း ၉ ဒသမ ၄၃ ရာခိုင်နှုန်းရှိကြောင်း မောင်တောခရိုင်အနေဖြင့် ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၃၀၅၄ ဦး ရှိခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၃၄၁ ဦးရှိကာ အောင်ချက်ရာခိုင်နှုန်း ၁၁ ဒသမ ၁၇ ရာခိုင်နှုန်းရှိကြောင်း မောင်တောခရိုင် ပညာရေးမှူးရုံးမှ သိရသည်။

**သတင်း-မင်းသစ်(MNA)၊ အောင်ကျော်စိန်(ခရိုင်ပြန်/ဆက်)၊ ဓာတ်ပုံ-ရဲထွဋ်**



မောင်တောမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ကြည့်ရှုနေသူများကို တွေ့ရစဉ်

## ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံးရရှိသူ (၁၀)ဦး စာရင်း(သိပ္ပံဘာသာတွဲ)

| စဉ် | ခုံအမှတ် | အမည် | ဘာသာတွဲ | ကျောင်း/မြို့နယ် | အမှတ်ပေါင်း | ဂုဏ်ထူးအရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|
| ၁ | ဆရက ၂၃၆ | မောင်သုတရဲမိုး | ဓ၊ရ၊ဇ | အထက(၂)ရန်ကင်း | ၅၅၅ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၂ | မနတ ၂၉၇ | မဖြူးခေတ် | ဓ၊ရ၊ဇ | ကပက၊ဆု (ချမ်းအေးသာစံ) | ၅၅၄ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၃ | ဆကရ ၁၈ | မောင်အောင်ခန့်ညားကျော် | ဓ၊ရ၊ဇ | အထက၊လှေကျင့်ရေး၊ကမာရွတ် | ၅၅၂ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၄ | ဆကရ ၉၄ | မကြည်စင်စု | ဓ၊ရ၊ဇ | အထက၊လှေကျင့်ရေး၊ကမာရွတ် | ၅၅၂ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၅ | ဆလသ ၁၆၀ | မသိမ့်အိချို | ဓ၊ရ၊ဇ | အထက(၂)လသာ | ၅၅၂ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၆ | ဆလသ ၂၁၆ | မဆွေဇင် | ဓ၊ရ၊ဇ | အထက(၂)လသာ | ၅၅၂ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၇ | ဆလမ ၃၀၂ | မောင်ထူးမြတ်နိုင် | ဓ၊ရ၊ဇ | အထက(၄)လှိုင် | ၅၅၁ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၈ | ဆကရ ၉၁၅ | မသက်ရွှန်းသီရိထွန်း | ဓ၊ရ၊ဇ | အထက(၄)ကမာရွတ် | ၅၅၀ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၉ | ဆဒဂ ၆၄၈ | မယမင်းဦး | ဓ၊ရ၊ဇ | အထက(၁)ဒဂုံ | ၅၅၀ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၁၀ | အဂ ၂၃ | မောင်ဝေယံဖြိုးဦး | ဓ၊ရ၊ဇ | အထက၊ကြံခင်း/ကြံခင်း | ၅၅၀ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |

## ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမှတ်အများဆုံးရရှိသူ(၁၀)ဦး စာရင်း(ဝိပ္ပံဘာသာတွဲ)

| စဉ် | ခုံအမှတ် | အမည် | ဘာသာတွဲ | ကျောင်း/မြို့နယ် | ပေါင်း | ဂုဏ်ထူးအရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|
| ၁ | ဆကရ ၁၉၀၅ | မောင်အောင်သန့်ကျော် | ဓ၊ရ၊ဘဂ | အထက(၅)ကမာရွတ် | ၅၁၁ | ၄ | သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၂ | စရ ၃၃၁၂ | မအိအိဖြိုး | ဓ၊ရ၊ဘဂ | အထက(၃)မုံရွာ | ၅၀၈ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၃ | ဆတဥ ၁၂၆၄ | မချောစုသွင် | ဓ၊ရ၊ဘဂ | အထက(၂)တောင်ဥက္ကလာပ | ၅၀၆ | ၅ | အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၄ | ဆသက ၂၂၈၂ | မောင်မင်းခန့်မွန် | ဓ၊ရ၊ဘဂ | (ကပက)ပညာမြင်းမိုရ်၊သဃ်န်းကျွန်း | ၅၀၆ | ၄ | သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၅ | စက ၃၂၅၈ | မောင်ဇင်ကိုထွဋ် | ဓ၊ရ၊ဘဂ | အထက(၃)ကလေး | ၅၀၅ | ၅ | အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၆ | မဓက ၂၇၆ | မောင်ထက်ကိုအောင် | ဓ၊ရ၊ဘဂ | အထက၊ကျောက်မီး | ၅၀၂ | ၄ | သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၇ | မပဖ ၃၂၄ | မောင်သက်လင်းအောင် | ဓ၊ရ၊ဘဂ | အထက(ခွဲ)တွင်းရွာ | ၅၀၁ | ၅ | အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၈ | ဆကရ ၁၉၂၃ | မမြတ်သီဂီ | ဓ၊ရ၊ဘဂ | အထက(၅)ကမာရွတ် | ၄၉၈ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၉ | အဌ ၈၁၄ | မောင်လျှမ်းထက်ကောင်း | ဓ၊ရ၊ဘဂ | အထက၊ပိတ္တာလေး(ဝါးခယ်မ)/ဝါးခယ်မ | ၄၉၈ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၁၀ | မရတ ၃၀၆၂ | မောင်သူရကျော် | ဓ၊ရ၊ဘဂ | ကပက၊အလင်းတန်း | ၄၉၇ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |

## ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံးရရှိသူ (၁၀)ဦး စာရင်း(ဝိဇ္ဇာဘာသာတွဲ)

| စဉ် | ခုံအမှတ် | အမည် | ဘာသာတွဲ | ကျောင်း/မြို့နယ် | အမှတ်ပေါင်း | ဂုဏ်ထူးအရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|
| ၁ | ကဖတ ၉၀၆ | မောင်မင်းသက်ခိုင် | ပ၊သမ၊ဘဂ | အထက၊တာမခန် | ၅၀၄ | ၅ | မြန်မာစာ၊ သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၂ | ဖရရ ၇၄၁ | မသဲအိဖြူ | ပ၊သမ၊ဘဂ | အ.ထ.က၊ ရွှံးရှိ၊ ဂန့်ဂေါ | ၄၉၆ | ၅ | အင်္ဂလိပ်၊သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၃ | အပ ၁၃၉၆ | မခင်မြန်မာ | ပ၊သမ၊ဘဂ | ကပက၊ယောနသံ(ကျုံပျော်)/ကျုံပျော် | ၄၉၂ | ၅ | မြန်မာစာ၊ သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၄ | စဒ ၁၂၁၇ | မနှင်းနုထွေး | ပ၊သမ၊ဘဂ | အထက၊ဝန်းသို | ၄၈၆ | ၅ | မြန်မာစာ၊ သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၅ | စမလ ၉၈၈ | မောင်ဇော်မျိုးနိုင် | ပ၊သမ၊ဘဂ | အထက၊မော်လူး(အင်းတော်) | ၄၈၁ | ၃ | ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၆ | စမလ ၁၁၃၈ | မောင်ဝေယံဦး | ပ၊သမ၊ဘဂ | အထက၊မော်လူး(အင်းတော်) | ၄၇၆ | ၃ | ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၇ | စမလ ၁၀၆၈ | မဖြူဖြူဝင်း | ပ၊သမ၊ဘဂ | အထက၊မော်လူး(အင်းတော်) | ၄၇၅ | ၃ | ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၈ | ပတလ ၁၁၀၃ | မသက်သက်ခိုင် | ပ၊သမ၊ဘဂ | အထက(ခွဲ)အရှေ့ပေါက်တော(ပေါင်းတလည်) | ၄၇၅ | ၃ | ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၉ | အအက ၁၀၆၁ | မောင်အောင်ထက်ဦး | ပ၊သမ၊ဘဂ | အထက၊ကြို့ကုန်း(အိမ်မဲ)/အိမ်မဲ | ၄၇၄ | ၃ | ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၁၀ | ဖရရ ၇၂၂ | မောင်နေနိုင်ဇော် | ပ၊သမ၊ဘဂ | အ.ထ.က၊ ရွှံးရှိ၊ ဂန့်ဂေါ | ၄၇၃ | ၄ | သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |

## နေပြည်တော်ကောင်စီနယ်မြေ၌ ယခုနှစ် အောင်ချက်ရာခိုင်နှုန်းတိုးလာ

**နေပြည်တော် ဇွန် ၁၇**

၂၀၁၇ ခုနှစ် မတ်လကဖြေဆိုခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၁၇ ရက်က မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်နက်ထုတ်ပြန်ကြေညာရာ နေပြည်တော်တွင် ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်ဟူ၍ ခရိုင်နှစ်ခုရှိပြီး ခရိုင်တစ်ခုတွင် မြို့နယ်လေးမြို့နယ်ဖြင့် ခရိုင်နှစ်ခုအတွက် မြို့နယ်ရှစ်မြို့နယ်ရှိရာ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဒက္ခိဏခရိုင်မှ ဝင်ရောက်ဖြေဆိုသူ ၁၀၃၅၅ ဦးရှိပြီး ၃၅၃၉ အောင်မြင်၍ ဥတ္တရခရိုင်တွင် ဝင်ရောက်ဖြေဆိုသူ ၉၀၁၃ ဦးရှိ၍ ၃၁၇၁ ဦး အောင်မြင်ခဲ့ကြောင်းနှင့် ဒက္ခိဏခရိုင်တွင် ခြောက်ဘာသာဂုဏ်ထူးရှင်သုံးဦး၊ ဥတ္တရခရိုင်တွင် ခြောက်ဘာသာဂုဏ်ထူးရှင် ၃၂ ဦး ရရှိခဲ့သည်။ ယခုနှစ်၌ အောင်ချက်ရာခိုင်နှုန်း ၃၄ ဒသမ ၆၈ ရာခိုင်နှုန်းရှိကြောင်းနှင့် ယခင် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေရှစ်မြို့နယ်၏ အောင်ချက်ရာခိုင်နှုန်းမှာ ၂၉ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



**တောင်ငူမြို့နယ် ပညာရေးမှူးရုံး၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ကြည့်ရှုနေသူများကို တွေ့ရစဉ်** (ယခုနှစ်တွင် တောင်ငူခရိုင်၌ ဂုဏ်ထူးရကျောင်းသား ၇၀၁ ဦး၊ ငါးဘာသာဂုဏ်ထူး ၁၀ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရရှိသူ သုံးဦးရှိကြောင်း သိရသည်။) **သူရ(တောင်ငူ)**

## တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံး မျက်မမြင် ၂၂ ဦးဖြေဆို နှစ်ဘာသာဂုဏ်ထူးတစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးသုံးဦးထွက်ပေါ်

**ပြင်ဦးလွင် ဇွန် ၁၇**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မြန်မာနိုင်ငံ၌ ဝင်ရောက်ဖြေဆိုခဲ့ကြသည့် မျက်မမြင်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂ ဦးရှိခဲ့ရာ ၁၀ ဦး အောင်မြင်ခဲ့ပြီး နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်သုံးဦး ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အောင်မြင်ခဲ့ကြသူများမှာ ပြင်ဦးလွင်မြို့ရှိ ပရဟိတမျက်မမြင်ကျောင်းမှ ခုံအမှတ် မမ-၆၈၁၈ ဖြင့် မောင်ဘုန်းခန့်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ခုံအမှတ် ဆ မ တ - ၂၀၂၀ ဖြင့် မောင်ဘုန်းစစ်ပိုင်မှူး၊ ခုံအမှတ် ဆ မ တ- ၂၀၂၂ ဖြင့် မောင်ကိုသက်၊ ခုံအမှတ် ဆ မ တ- ၂၀၂၃ ဖြင့် မောင်ရန်မျိုးကျော်၊ ခုံအမှတ် ဆ မ တ- ၂၀၂၁ ဖြင့် မောင်အောင်မြင့်သူ၊ ခုံအမှတ် ဆမတ- ၂၀၂၅ ဖြင့် မနှင်းနုလွင်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ခဝဲခြံ MCFB ကျောင်းမှ ခုံအမှတ် ဆအစ-၆၂၀၂ ဖြင့် မောင်ယောရှု၊ ခုံအမှတ် ဆအစ-၆၂၀၆ ဖြင့် မနော်ဖြူဖြူဝင်း၊ ခုံအမှတ် ဆဆစ-၆၂၀၃ ဖြင့် မနော်ဆာအယ်ဘလုဖောနှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အစိုးရလူမှုဝန်ထမ်းကျောင်းမှ ခုံအမှတ် (စုံစမ်းဆဲ)မသဲစုနန္ဒာတို့ဖြစ်ကြောင်း သက်ဆိုင်ရာကျောင်းများမှ တာဝန်ရှိသူတို့၏ ပြောပြချက်အရ သိရသည်။

အဆိုပါအောင်မြင်သူများအထဲတွင် မောင်ဘုန်းစစ်ပိုင်မှူးသည် သမိုင်းနှင့် ဘောဂဗေဒဂုဏ်ထူးနှစ်ဘာသာဖြင့်လည်းကောင်း၊ မောင်ကိုသက်၊ မောင်ရန်မျိုးကျော်နှင့် မောင်ယောရှုတို့မှာ သမိုင်းဘာသာရပ်ဖြင့် ဂုဏ်ထူးတစ်ဘာသာ ထွက်ရှိခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မြဝတီမြို့၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်

**မြဝတီ ဇွန် ၁၇**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် ရေဘေးအန္တရာယ် ကြုံတွေ့ရပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်တွေ့ သရုပ်ပြလေ့ကျင့်ခြင်းကို ကရင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၁၆ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြလေ့ကျင့်မှုပြုလုပ်ရာ မြဝတီမြို့ အမှတ် (၅) ရပ်ကွက်ရုံးရှေ့မှစတင်ပြီး မနော်ဟရီလမ်းမကြီး တစ်လျှောက် သဖန်းပင်ဂိတ်ရှိ သောင်ရင်းမြစ်ကမ်းစပ်အထိ ရေဘေး အန္တရာယ် နှိုးဆော်အသိပေးမှုများကို လိုက်လံဆောင်ရွက်ကာ သောင်ရင်းမြစ်အတွင်း၌ ရေနစ်နေသူတစ်ဦးကို မီးသတ်တပ်ဖွဲ့ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကယ်ဆယ်ပြီး ရှေးဦးအသက် ကယ်ပြုစုခြင်းများဆောင်ရွက်ကာ လူနာတင်ယာဉ်ဖြင့် ပို့ဆောင်မှုကို သရုပ်ပြလေ့ကျင့်ခဲ့သည်။ ထို့နောက် သောင်ရင်း မြစ်ကမ်းဘေးတွင် နေထိုင်သည့်နေအိမ်များမှ ပြည်သူများ အား ကိုးနဝင်း ဘုန်းကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း သို့ ပြောင်းရွှေ့ပေးခြင်းကို လေ့ကျင့်ကာ ကယ်ဆယ်ရေးစခန်း အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စားသောက် ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းများကို ဆက်လက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အခုလိုလေ့ကျင့်တာက မဖြစ်ခင် ကြိုတင်ကာကွယ်ဖို့၊ စနစ်တကျနဲ့ ဘယ်လိုပြောင်းရွှေ့ကြမလဲ၊ ပစ္စည်းတွေ ဆုံးရှုံးမှု မရှိအောင် ဘယ်လိုလုပ်မလဲ လူတိုင်းသိစေချင်တဲ့ ရည်ရွယ် ချက်နဲ့လုပ်တာပါ။ အဲဒီလိုသိမှလည်း ဆုံးရှုံးမှုအနည်းဆုံးနဲ့ အချိန်မီ ကာကွယ်နိုင်မှာဖြစ်ပါတယ်"ဟု ကရင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးလင်းထွဋ်က ပြောကြားသည်။

သောင်ရင်းမြစ်ကမ်းစပ်တွင် နေထိုင်သည့် ပြည်သူတစ်ဦးက "ကျွန်တော်တို့ မြဝတီမြို့မှာ ၂၀၁၃ ခုနှစ်တုန်းက သောင်ရင်းမြစ် ရေ မြင့်တက်လာတာကြောင့် တစ်မြို့လုံးနီးပါးရေကြီးတဲ့ဒဏ်ကို ခံခဲ့ရတာပါ၊ အခုလို ကြိုတင်ပြီးတော့ တကယ်ရေကြီးရင် ဘာတွေလုပ်ရမယ်၊ ဦးစားပေးက ဘာတွေဆိုတာ လက်တွေ့ လုပ်ဆောင်နေတာတွေ မြင်ရတော့ တကယ်လို့များ ရေကြီးတဲ့ ဒဏ်ကို ခံရတော့မယ်ဆိုရင် စနစ်တကျနဲ့ ဘယ်လိုကြိုတင် ကာကွယ် ပြင်ဆင်မယ်၊ ဘယ်လိုဆောင်ရွက်ရမယ် ဆိုတာကို သိရှိရတဲ့အတွက် အကျိုးကျေးဇူးများစေတဲ့ ဆောင်ရွက်ချက် လေးပါ"ဟု ပြောသည်။

သရုပ်ပြလေ့ကျင့်မှုတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများလည်း ပူးပေါင်း ပါဝင်ခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



## ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် (ပဲခူး) တတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇွန် ၁၇**
မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာစေ ရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိကကူညီ ပံ့ပိုးသည့် ၂၀၁၇ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယ ပွဲစဉ် (ပဲခူး) တတိယနေ့ကို ယနေ့ နံနက်ပိုင်းက ဟံသာဝတီဂေါက်ကွင်း ပဲခူးမြို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ တတိယနေ့ အပြီးတွင် Professional ပညာရှင်အဆင့်ပြိုင်ပွဲ၌ သိန်းဇော်မြင့်က သတ်မှတ်ရိုက်ချက် ထက် ၁၀ ချက်လျှော့ရိုက်ပြီး စုစုပေါင်း ရိုက်ချက် ၂၀၆ ချက်ဖြင့် ပထမ၊ Amateur ဝါသနာရှင်အဆင့် (အမျိုး သား)ပြိုင်ပွဲတွင် မောင်မဲက သတ်မှတ် ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် ပထမ၊ Amateur ဝါသနာရှင်အဆင့် (အမျိုးသမီး)ပြိုင်ပွဲတွင် သင်းဝေခိုင်က သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် ပို ရိုက်ပြီး နှစ်ရက်ပေါင်း စုစုပေါင်း ရိုက်ချက် ၁၅၆ ချက်ဖြင့် ပထမ အသီးသီး ဦးဆောင်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ပြိုင်ပွဲတွင် Professional ပညာ ရှင်အဆင့် ၃၀ ၊ Amateur အမျိုးသား ဝါသနာရှင်အဆင့် ၁၀၈ ဦး၊ အမျိုးသမီး ဝါသနာရှင်အဆင့် ၁၂ ဦး စုစုပေါင်း ၁၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

၂၀၁၇ ခုနှစ် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို Mottama Holdings Co.,Ltd.၊ Myanmar Zwe Mann Co.,Ltd ၊ MWD Bank၊ Phyo Si Thu၊ Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar)၊ KBZ Bank နှင့် Innwa Bank တို့က အဓိကကူညီပံ့ပိုးပေးထားကြောင်း သိရ သည်။ **ဖိုးသော်ဇင်**

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) နှစ် (၇၀)ပြည့်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၇
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) နှစ် (၇၀)ပြည့်အခမ်းအနားကို ယနေ့ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ အမှတ်တရကိတ်မုန့်ခွဲပြီး ဘောလုံးယှဉ်ပြိုင်ကစားခဲ့သည်။**

အခမ်းအနားတွင် ရှေးဦးစွာ ယခုလအတွင်း ကွယ်လွန်ခဲ့ သည့် နိုင်ငံ့ဂုဏ်ဆောင်ဘောလုံးသမားဟောင်းကြီးများဖြစ် သည့် ဦးအောင်ရှိန်၊ ဦးမျိုးဝင်းညွန့်နှင့် ဦးစိုးမြင့်လွင်၊ တပ်မတော် ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျရာတွင် အသက်ဆုံးရှုံးခဲ့ သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက် ဆုတောင်းကြသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး မြန်မာ့လက်ရွေး စင် ကစားသမားဟောင်းများအသင်းဥက္ကဋ္ဌ ဦးတင်အောင် (ဂိုး) က နှစ် (၇၀)ပြည့် အမှတ်တရစကားပြောကြားသည်။

ဆက်လက်၍ MFF ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒု-ဥက္ကဋ္ဌများဖြစ် သည့် ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇတို့က ဥက္ကဋ္ဌဟောင်းများဖြစ်သည့် ဦးအောင်ဒင်၊ ဦးစောရွှေနှင့် ဦးသောင်းထိုက်ကို လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက အတွင်းရေးမှူး ဟောင်းဖြစ်သည့် ဦးတင်အောင် (ဂိုး)၊ ဦးဘန်နီတင်အောင်၊ ဦးသန်းလွင်တို့ကို အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် MFF ဥက္ကဋ္ဌ ဦးဇော်ဇော် က ဆေးဝါးကုသမှုခံယူနေ သည့် လက်ရွေးစင်ကစားသမားဟောင်းသုံးဦးအား ထောက်ပံ့ ငွေပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်းများဖြစ်သည့် ဦးအောင်ဒင်၊ ဦးစောရွှေနှင့် ဦးသောင်းထိုက်၊ လက်ရှိဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်သည့် ဒေါက်တာ စိုင်းဆမ်ထွန်း၊ ဦးပြည့်ဖြိုးတေဇနှင့် တာဝန်ရှိသူများက နှစ်(၇၀) ပြည့်အမှတ်တရ ကိတ်မုန့်ခွဲကြ သည်။

အခမ်းအနားအပြီးတွင် ဘောလုံးယှဉ်ပြိုင်ကစားခဲ့ပြီး လက်ရွေးစင်ကစားသမားဟောင်းများဖြစ်သည့် သန်းတိုးအောင်၊ အောင်ထွန်းထွန်း၊ မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ ကျော်လွင်၊ ဌေးမြင့်၊ မြင့်ကို၊ စိုးမြတ်မင်း၊ မင်းသူ၊ ဇော်လင်းထွန်း၊ ထွန်းထွန်းဝင်း၊ မျိုးမင်းထွန်း စသည့် ကစားသမားများ ပါဝင်ကစားခဲ့ကာ MFF ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇတို့လည်း ပါဝင်ကစားခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို ၁၉၄၇ ခုနှစ် မေ ၁၇ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်(၇၀)ပြည့်အခမ်း အနားကို မေလတွင်ကျင်းပ ရန်စီစဉ်ထားသော်လည်း ယခုလမှသာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ**



**MFF ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် လက်ရွေးစင်ဟောင်းများ ခြေစမ်းပွဲကစားစဉ်**
ဓာတ်ပုံ-ဖိုးသော်ဇင်

## ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ဘီပိုးကာကွယ်ဆေးထိုးပေး

**နတ်တလင်း ဇွန် ၁၇**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ ရတနာပုံမန္တလေးကျောင်းတိုက်အတွင်းရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆောင်တွင် ဇွန် ၁၇ ရက်က ပြည်သူ့အကျိုးပြုကျန်းမာရေးစောင့်ရှောက်မှု တတိယအကြိမ် ဘီပိုးကာကွယ်ဆေးထိုးပေးမှုကို မြန်မာနိုင်ငံအသည်း ဖောင်ဒေးရှင်း၊ ဗိုလ်ကျော်သန်းပရဟိတ အသည်းဖောင်ဒေးရှင်းနှင့် တံခွန်တိုင်ရွာအရှေ့တံခွန်တိုင်ကျောင်းဆရာတော် ဦးဣန္ဒကပါ သံဃာတော်ငါးပါးကဦးစီး၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးအောင်ကိုမင်းနှင့်ကျန်းမာရေးဆရာဆရာမများ က မြို့နယ်အတွင်းနေ ပြည်သူ ၁၀၆၇ ဦးအား ဘီပိုးကာကွယ်ဆေးထိုးပေးကြောင်း သိရသည်။ **တင်မြင့်-နတ်တလင်း**

## မြန်မာ့ရိုးရာလက်ဝှေ့အလွတ်တန်းချန်ပီယံ ဒွေ့ဗ်လက်ဒပ်(ကနေဒါ) မွေထိုင်းချန်ပီယံနီမန်ခွန်(ထိုင်း)ကို အလဲထိုးဖြင့်နိုင်

**ရန်ကုန် ဇွန် ၁၇**
ဂျပန်နိုင်ငံ တိုကျိုမြို့ တိုကျိုဒုံးစီးတီး ခန်းမ၌ ဇွန် ၁၆ ရက် ညပိုင်းကကျင်းပ ခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ တွင် မြန်မာ့ရိုးရာလက်ဝှေ့အလွတ်တန်း ချန်ပီယံဒွေ့ဗ်လက်ဒပ် (ကနေဒါ)က မွေထိုင်းချန်ပီယံ နီမန်ခွန်(ထိုင်း)ကို ဒုတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိ ခဲ့ကြောင်း သိရသည်။

အဓိကတွဲဆိုင်းအဖြစ် ပါဝင်ယှဉ်ပြိုင် ထိုးသတ်ခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့ အလွတ်တန်းချန်ပီယံဒွေ့ဗ် လက်ဒပ် (ကနေဒါ)နှင့် ထိုင်းနိုင်ငံသား မွေထိုင်း လက်ဝှေ့ကျော် နီမန်ခွန် (ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ထုံးစံအတိုင်း ကောင်တာအားသန်သော ဒွေ့ဗ်သည် တိုက်စစ်အားသန်သော မွေထိုင်း လက်ဝှေ့ကျော် နီမန်ခွန်ကို ပွဲစသည်နှင့် ထောက်ခြေဖြင့်အကဲစမ်းရာ နီမန် ညာလက်သီးတစ်လုံးအဝင် ကောင်တာ အားသန်သောဒွေ့ဗ်၏ ပတ်တံတောင် တစ်ချက် ရိုက်သွင်းလိုက်သဖြင့် နီမန် ကြမ်းပြင်သို့လဲကျခဲ့သည်။ ကြမ်းပြင်မှ ပြန်အထ နီမန်၏ ထိုးလုံးသတ်ပေါက် သိသွားသောဒွေ့ဗ်က ဖြောင့်လက်သီး၊ တံတောင်၊ ဒူးစသည်ဖြင့် တရစပ် ဝင်တိုက်သဖြင့် နီမန် ဒုတိယအချီ အရောက်တွင် အနားတောင်းခဲ့ရသည်။ အနားတောင်းပြီး ပြန်အတည်တွင် နီမန် အားနည်းချက်ကို ကောင်းကောင်းသိ သွားသော ဒွေ့ဗ်က နီမန်အဝင် ဘယ်ဒူး တစ်လုံး ရင်ညွန့်ထဲ ပစ်သွင်းကာ ပွဲသိမ်း အနိုင်ယူလိုက်သဖြင့် ဒွေ့ဗ်လက်ဒပ် အနိုင်ရကာ ရွှေခါးပတ်ပိုင်ဆိုင်ခဲ့သည်။

အခြားတွဲဆိုင်းများဖြစ်သည့် ဖျံသွေး (မြန်မာ)နှင့် ကိုဟီတိုကီရှိ(ဂျပန်)တို့ ပွဲတွင် လေးချီမြောက်အထိ တစ်ဖက် နှင့်တစ်ဖက် ရေကုန်ရေခန်း ယှဉ်ပြိုင် ထိုးသတ်ခဲ့ပြီး ကိုဟီတိုကီရှိ အထိနာခဲ့ မှုကြောင့် ဆေးရှုံးဖြင့် ဖျံသွေးအား အရှုံး ပေးလိုက်ရပြီး သားအသည်းတစ်ပွင့်နှင့် ဟီကာရူဟတ်ဆူမီ(ဂျပန်)တို့ ပွဲတွင် တတိယအချီ၌ သားအသည်းတစ်ပွင့် ခေါင်းတိုက်ချက်ဖြင့် ဟီကာရူဟတ်ဆူမီ အလဲထိုးဖြင့်ရှုံးနိမ့်ခဲ့သည်။ ကျားဘဟိန်း (မြန်မာ)နှင့် ဘာဂီ(ဂျပန်)တို့ ပွဲတွင် ချီပြည့် အနိုင်မခံအရှုံးမပေးရင်ဆိုင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း တစ်ဦး နှင့်တစ်ဦး အရှုံးအနိုင်မပေါ်သရေကျခဲ့ ပြီး ရာဇာ(မြန်မာ)နှင့် ဟာမာမိုတိုယူ တာကက်(ဂျပန်)တို့ပွဲတွင် ပထမအချီ၌ အပြန်အလှန် ယှဉ်ပြိုင်ထိုးသတ်ခဲ့ သော်လည်း ဒုတိယအချီတွင် ဟာမာ ညာလက်သီးကြောင့် ရာဇာကြမ်းပြင်သို့ လဲကျခဲ့ပြီး အလဲထိုးဖြင့် အရှုံးပေးလိုက်ရ သည်။ အခြားအမျိုးသမီးပွဲစဉ်များဖြစ် သည့် ဂျပန်နပန်းမယ် မိုမိုကို(ဂျပန်)နှင့် ဘရော်နီကာတို့သရေကျခဲ့ပြီး ဂျူလီယာ (လစ်သူယေးနီးယား)နှင့် ဆုလှိုင်ဦး (မြန်မာ)တို့ပွဲတွင် ဒုတိယအချီ၌ ဂျူလီ ယာက အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ဂျပန်နိုင်ငံ၌ စတုတ္ထအကြိမ်ကျင်းပ သော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာနိုင်ငံမှ တွဲဆိုင်း ခြောက်ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ရာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနှင့် နှစ်ပွဲရှုံးရလဒ်ကိုရရှိခဲ့ပြီး အဆိုပါလက်ဝှေ့ပွဲတွင် ဂျပန်အပြည်ပြည် ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်က မြန်မာငွေ ကျပ် သိန်း ၁၂၀ ကို လျှောင်ဒဏ်သင့် ဘုရား ပုထိုးများအတွက် ဒုတိယအကြိမ် လှူဒါန်းခဲ့ရာ မြန်မာသံရုံးမှ ဒုတိယ အတွင်းဝန်ထံပေးအပ်ခဲ့ကြောင်း သိရ သည်။ **သတင်း- မင်းခေတ်**
**ဓာတ်ပုံ- မိုးမခ**



**ဒွေ့ဗ်လက်ဒပ်(ကနေဒါ)နှင့် မွေထိုင်းလက်ဝှေ့ကျော် နီမန်ခွန်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်**

# လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းခွင်လေ့လာရေးခရီး

**အန်ကယ်ပညာ၊ ဓာတ်ပုံ-ဇင်ဦး**



"မင့် ဟုတ်မှလည်း လုပ်ပါကွာ။ တစ်နေ့ ငွေတစ်သိန်းဆိုတာ ဖြစ်နိုင်ပါ့မလားကွ" မိမိပြောစကားအပေါ် စိုက်ပျိုးရေး မိတ်ဆွေ အစ်ကိုကြီးတစ်ဦး၏ စူးစမ်းသံဖြစ်၏။ သူ့အသံတွင် မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြစ်နေသည်ကို မှန်းဆနိုင်သကဲ့သို့ သူ့မျက်နှာပေါ်တွင်လည်း အားတက်သည့် အမူအရာ အပိုင်းအစကိုတွေ့မြင်နေရ၏။ မိမိအနေဖြင့်ထိုစကားမှာ ဟုတ်မှန်ကြောင်း၊ လက်တွေ့လုပ်ကိုင်နေကြသည့် အသိုင်းအဝိုင်းမှ သယ်ဆောင်လာသည်ဖြစ်၍ သံသယဖြစ်ရန်မလိုကြောင်း ရှင်းလင်းတင်ပြလိုက်၏။

**လေ့လာရေးခရီး စတင်**

ထိုအခါမှ "ငါ့အဖို့ကတော့ကွာ တစ်နေ့တစ်သိန်း မဟုတ်ပါဘူး။ တစ်နေ့ တစ်သောင်းရတယ်ဆိုလည်း ကျေနပ်တယ်မောင်"ဟု သူ၏အနိမ့်ဆုံးတစ်နေ့တာ လျာထားဝင်ငွေကို ဖွင့်ဟလေတော့၏။ "ဒါဆို ဒီလိုလုပ်ကွာ။ မင်းပြောတဲ့နေရာကိုသွား၊ ပျိုးပင်ဘယ်မှာရမယ်။ ဘယ်လို စိုက်ပျိုးပြုစုရတယ်။ ဘယ်လိုထုတ်လုပ်ရတယ်ဆိုတာတွေကို ကိုယ်တိုင်သွားလေ့လာပြီး ဓာတ်ပုံရိုက်ခဲ့၊ ပြီးရင်မင်းပြောတဲ့ အကျိုးအမြတ်ဆိုတာနဲ့ ဈေးကွက်အခြေအနေတွေကိုပါ စုံစမ်းပေး"ဟုပင် အားတက်သရောတိုက်တွန်းနေလေ၏။ မိမိအနေဖြင့်လည်း ကိုယ်တင်ပြသည့်ကိစ္စကို စိတ်ဝင်စားမှုတွေ့ရသည်က တစ်ကြောင်း၊ ကိုယ်တိုင်သွားရောက် လေ့လာလိုသည်က တစ်ကြောင်း ထိုနှစ်ကြောင်းမျှဖြင့် ဤလေ့လာရေးခရီးကို စတင်ဖြစ်ခဲ့ပါ၏။

ဤလေ့လာရေးခရီးကို လျှော်ဖြူ (ခေါ်) ဆေးကုလားမ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းခွင် လေ့လာရေးခရီးဟု ဆိုကြပါစို့။ နေပြည်တော်မှ မန္တလေး၊ ထိုမှ ပုဂံပြည့်ရှင်အနော်ရထာမင်း၏ မိဖုရားစောမွန်လှ၏ကောင်းမှုတော် ရွှေစာရံဘုရားတည်ရှိရာအုန်းချောရွာ၊ ထိုမှတစ်ဆင့် ဆည်တော်လေးရွာကိုကျော်လိုက်သည်နှင့် လေ့လာရန် ချိန်းဆိုထားပြီးဖြစ်သည့် ခြံသို့ဆိုက်မြိုက်စွာရောက်ခဲ့လေ၏။ ဆည်တော်လေးရွာ ကျော်သည်နှင့် သရက်ခြံ၊ ဆီးခြံဟူသည့်ဥယျာဉ်ခြံကြီးများကို အားကျဖွယ်တွေ့ရ၏။ ထိုခြံတို့ကိုကြည့်ရင်း စိုက်ပျိုးရေးဝါသနာပါသည်ဆိုသူတို့သည် ကိုယ်အားသန်သည့် အပင်တို့ကိုသာ ရွေးချယ်စိုက်ပျိုးခဲ့ကြသည်ဟူသည့်အသိကို ရလိုက်၏။ မည်သည့်အပင်မျိုးကို စိုက်ပျိုးခဲ့ကြသည်ဖြစ်စေ ကာလတစ်ခုကို သည်းခံဖြတ်ကျော်ပြီးချိန်တွင် သီးချိန်ပွင့်ချိန်ဆိုသည်ကို မျက်မှောက်ပြုကြရသည်ဆိုသည့်အတွေးစကိုလည်း ဆုပ်ကိုင်မိသလိုဖြစ်၍ မိမိလုပ်ကိုင်ထားသည်များအပေါ် အားတက်မိပြန်၏။

**ပင်ဖြောင့်များအဖြစ် တွေ့ရ**

ကြိုတင်ချိန်းဆိုထားသည်ဖြစ်၍ ခြံရှင်မှာ ဝတ်ကောင်းစားလှတို့ ဝတ်ဆင်လျက်အဖန်ရည်နှင့် မြည်းဖွယ်ရာတို့နှင့် ကြိုလင့်၏။ သို့ရာတွင် ထိုခြံရှင်နှင့် မိမိတို့မှာ ယခင်ကရင်းနှီးကျွမ်းဝင်သူများမဟုတ်ကြ။ ဤလုပ်ငန်းဆောင်ရွက်နေသည့် ညီငယ်တစ်ဦး၏ ကြိုတင်ညှိနှိုင်းမိတ်ဆက်ပေးမှုကြောင့်သာ ရောက်လာရခြင်း ဖြစ်၏။ သို့အတွက် တွေ့စတွင် ခြံရှင်၏မျက်နှာမှာ အိုးတိုးအမ်းတမ်း ဖြစ်နေလေ၏။ စကားပြောကြရင်းဖြင့် စိုက်ပျိုးရေးသမားအချင်းချင်း ရင်းနှီးသွားကြ၏။ ထိုအခါမှ လျှော်ဖြူစိုက်ခင်းအတွင်း ဝင်ရောက်လေ့လာလိုကြောင်း၊ သိလိုသည်များကို မေးမြန်းလိုကြောင်း၊ လေ့လာမှုမှတ်တမ်း ဓာတ်ပုံရိုက်ခွင့်ပြုစေလိုကြောင်း စကားလမ်းခင်းရင်း နှစ်ယောက်သား ခြံအတွင်း လှည့်လည်လေ့လာဖြစ်ခဲ့လေ၏။

"ပင်ခြားစိပ်ပြီး တန်းခြားကျဲထားတဲ့ ရည်ရွယ်ချက်ကလေးသိပါရစေ" ဟု လျှော်ဖြူပင်တို့၏ အစိပ်အကျဲကိုကြည့်၍ မိမိမှဤသို့ စကားဦးသန်းလိုက်၏။ မည်သည့်ရည်ရွယ်ချက်မျှ မရှိကြောင်း၊ ယခင်က ဘရာဇီးငှက်ပျောကိုပင်ခြား ကိုးပေ၊ တန်းခြား ပေ၂၀ စိုက်ခဲ့ရာမှ ငှက်ပျောပင်များကြားတွင် လျှော်ဖြူပင်များကို တစ်ပင်ခြားစိုက်ခဲ့သဖြင့် ယခုကဲ့သို့ ပင်ခြားစိပ်ပြီး တန်းခြားကျဲနေတာဖြစ်ကြောင်း ရှင်းပြ၏။ ငှက်ပျောပင်တို့ကား မရှိတော့။ နှစ်နှစ်အကြာတွင် လျှော်ဖြူပင်တို့က ဖုံးလွှမ်းသွားသဖြင့် ရှင်းပစ်ခဲ့ခြင်းဖြစ်ကြောင်း သိရ၏။ ဤသို့ ပင်ခြားစိပ်သဖြင့် အပင်တို့၏ သဘာဝအတိုင်းအလင်းလုခဲ့ကြရာက ဘေးကိုင်းဖြာမှုနည်း၍ ပင်ဖြောင့်များအဖြစ် တွေ့ရ၏။

**အစေးသန့်ရှင်းစေရန်**

ခြံအတွင်းရှိ ခုနစ်နှစ်သားအရွယ် ဒေသမျိုးအပင် ၄၅၀ မှာ ပင်စည်လုံးပတ်ပျမ်းမျှ သုံးပေခန့်ရှိနေပြီဖြစ်၏။ ၂၀၁၆ ခုနှစ် ခြောက်နှစ်သားအရွယ်တွင် အစေးစတင်ထုတ်လုပ်ခဲ့ရာ မတ်လမှ နိုဝင်ဘာလအထိ အစေးထုတ်ရာသီ ကိုးလအတွင်း တစ်ရက်ခြား အစေးထုတ်ခဲ့ရာ ရောင်းရငွေကျပ်သိန်း ၃၀၀ ကျော်ရရှိခဲ့ကြောင်း ခြံရှင်က သွားရင်းလာရင်းပြောပြလေ၏။ ယခင်ထိုစကားကို တစ်ဆင့်ကြားဖြင့် သိခဲ့ရခြင်းသာဖြစ်ပြီး ယခုမူကား ခြံရှင်ကိုယ်တိုင် ပြောကြားသည့်စကားကို နားနှင့်ဆတ်ဆတ် ကြားနေရခြင်းဖြစ်၏။ သို့ရာတွင် မိမိအနေဖြင့် ထိုငွေကြေးပမာဏကို အပြောနှင့်မယုံနိုင်သေး၍ ဆက်လက်ဆွေးနွေးခြင်းမပြုသေးဘဲ တေး၍ထားလိုက်၏။

စိုက်ခင်းအတွင်း အခြားစပ်စုရန်ကိစ္စများကား ဒုနှင့်ဒေးရှိသေးသည်မဟုတ်ပါလော။ အပင်တိုင်းလိုလိုတွင် မြေပြင်၏အထက် သုံးပေခွဲခန့်မှအပေါ်သို့ ဆာလာအိတ်ဖြင့် ပင်စည်ကိုပတ်၍ ကြိုးချည်ထားသည်ကိုတွေ့ရ၏။ အကြောင်းမှာ ပင်စည်မှ အစေးယူရန်အပေါက်ဖောက်ထားသည့် နေရာများကို မိုးရေထိမှန်ခြင်းမရှိစေရန်နှင့် ထွက်ရှိလာသည့် အစေးသန့်ရှင်းစေရန် အကာအကွယ် လုပ်ပေးထားခြင်းဖြစ်ကြောင်း သိရ၏။ ခြံအတွင်း အမျိုးသမီးသုံးဦးက ပင်စည်ကိုပတ်ထားသည့် ဆာလာအိတ်များကိုဖယ်၍ အပေါက်များအတွင်းမှ အစေးများကို လက်ဖြင့်ကော်ထုတ်ကာ စတီးလင်ပန်းများအတွင်းသို့ ဖြန့်၍ ထည့်နေကြသည်ကိုတွေ့ရ၏။ ဤသို့ဖြန့်ထည့်ရင်း တစ်ပန်းပြည့်လျှင် နောက်တစ်ပန်းသို့ပြောင်းထည့်၏။ ပြီးလျှင် ထိုပန်းလိုက်ပင် အမိုးအကာအောက်၌ အစေးအိပ်ရန် လေသလပ်ခံရန် သယ်ဆောင်သွားကြ၏။

မိန်းကလေးသုံးဦးက ရှေ့မှ ထိုသို့ပြုလုပ်သွားချိန်တွင် အမျိုးသားနှစ်ဦးကနောက်မှ ဆောက်ခုံးတစ်လက်စီကိုင်၍ အစေးများထုတ်ယူသွားသည့် အပေါက်များကို မျက်နှာသစ်ပေးကြလေ၏။ ဤသည်ကို လျှော်ဖြူသမားတို့က မန်းပြင်ပေးသည်ဟု ဆိုကြ၏။ အလွယ်ပြောရလျှင် အခေါက်အတွင်းမှ အစေးများ တစိမ့်စိမ့်ထွက်နေစေရန် အပေါက်အတွင်းရှိ အခေါက်၏မျက်နှာပြင်ကို ဖွင့်ပေးသည့်သဘော ဖြစ်လေ၏။ ထိုသို့ပြုလုပ်ရင်း ထွက်ပေါ်လာသည့် အညစ်အကြေး အမှိုက်သရိုက်တို့ကို အဝတ်ဖြင့်သန့်ရှင်းရေးပြုလုပ်ပြီး ပင်စည်ကို ဆာလာအိတ်ဖြင့် ပြန်ပတ်ပေးကြ၏။ ဤသို့ အပင်အားလုံးကို ဆောင်ရွက်ပေးပြီးချိန်တွင် ထိုနေ့အတွက် အစေးထုတ်ခြင်း အလုပ်ပြီးစီးသည်ဟူသတည်း။

**အစေးထုတ်နည်း**

ဤနေရာတွင် လျှော်ဖြူပင်မှ အစေးထုတ်နည်း နှစ်နည်းရှိကြောင်းကို ထည့်သွင်းဖော်ပြလိုသေး၏။ အထက်တွင် တင်ပြခဲ့သည်မှာ ပင်စည်ကိုအပေါက်ဖောက်၍ ထုတ်ယူနည်းဖြစ်၏။ နောက်တစ်နည်းမှာ ပင်စည်နှင့်အကိုင်းကို ဓားဖြင့် ထစ်၍ အစေးယူနည်းဖြစ်၏။ စတင်စိုက်ပျိုးသည့်အချိန်အတွက် ပင်ခြားတန်းခြားကို ၁၅ပေနှင့်အထက် ခြားထားပေးပါက ကိုင်းဖြာမှု အားကောင်းသဖြင့် ပင်စည်ကသာမက ကိုင်းများကပါ အစေးထုတ်လုပ်နိုင်ကြောင်း သိရ၏။ ဓားထစ်အစေးထုတ်ရန် နေရာကျယ်ဝန်းစွာရနိုင်သည့် အခြေအနေကို မျှော်မှန်း၍ ဤသို့ စိုက်ပျိုးကြကြောင်း သိရ၏။ မိမိလေ့လာခဲ့သည့်ခြံမှာ အပင်စိပ်သဖြင့် ကိုင်းဖြာမှုအားနည်းကာ ပင်စည်မှသာ အစေးထုတ်နိုင်သည့် အနေအထားဖြစ်ကြောင်း တွေ့ရ၏။

မည်သည့်နည်းဖြင့် ထုတ်သည်ဖြစ်စေ အစေးထွက်အားနည်းသွားပါက အစေးယူမည့်နေရာကို လွှဲပေးရ၏။ နေရာဟောင်းတွင်မန်းတက်၍ ပိတ်သွားသော်လည်း ထိုနေရာဟောင်းကို နှစ်နှစ်ကြာမှသာ ဓားထစ်ခြင်း၊အပေါက်ဖောက်ခြင်းပြုရသည်ဆို၏။ သို့မဟုတ်လျှင် ထွက်ရှိလာသည့်အစေးမှာ အရောင်နောက်တတ်သည်ဟုသိရ၏။ အပေါက်ဖောက်ရာတွင် တစ်ပင်လျှင် ငါးမူးစေ့အရွယ် အပေါက်သုံးပေါက်ကို တစ်ပေခြားဖြင့် အတွင်းသားထိရုံ ဖောက်ရ၏။ အပေါက်လွှဲသည့်အခါ ယခင်ဖောက်ထားသည့် တစ်ပေခြား၏ အလယ်တည့်တည့်မှ ဖောက်ရသည်ဆို၏။

**လူပြောများလျက်**

နေရာလွှဲသွားသော်လည်း အကွာအဝေးတစ်ပေခြားမှာ ပြောင်းလဲမှုမရှိပေ။ ဤသို့ဖြင့် ခြံအတွင်းလှည့်လည်၍ ခြံရှင်းအား သိလိုသည်များကိုမေးခဲ့၏။ ခြံရှင်ကလည်း တကယ်လုပ်တော့မည့်သူဟု သုံးသပ်မိဟန်တူ၏။ မေးသမျှကို စိတ်ရှည်လက်ရှည် ပြန်လည်ဖြေကြားနေလေတော့သတည်း။ သွားရောက်လေ့လာခိုင်းသူအား အထောက်အထားနှင့် တင်ပြနိုင်ရန် ဓာတ်ပုံများလည်းရိုက်ဖြစ်၏။ ဤနေရာတွင် တင်ပြရန်ကျန်နေသေးသည်မှာ မျိုးကိစ္စနှင့် စိုက်ပျိုးပြုစုပုံဖြစ်၏။ ခြံအတွင်း စိုက်ပျိုးထားသည်မှာ ဒေသမျိုးများဖြစ်ကြောင်း တင်ပြခဲ့ပြီး ဖြစ်၏။ သို့ဖြစ်၍ စိုက်ပျိုးလိုသူများအဖို့ နိုင်ငံခြားမျိုးဆိုသည်ကို ရှာပုံတော်ဖွင့်နေရန် မလိုအပ်တော့ပေ။ လျှော်ဖြူလောကတွင် လူပြောများလျက်ရှိသည့် ရိုးစိမ်း၊ ရိုးနီကိစ္စကိုလည်း မေးဖြစ်ခဲ့ သေး၏။ ရိုးစိမ်းက ပိုထွက်သည့် အပင်လည်းရှိ၏။ ရိုးနီက အထွက်ပိုသည်လည်းရှိ၏ဟု အဖြေရခဲ့၏။ ရိုးစိမ်း၊ ရိုးနီဒွိဟဖြစ်ကြသူများလည်း ဤအဖြေကိုကြည့်၍ သင့်မြတ်သင့်ကြပေပြီ။

**ခွဲခြားထားသည်**

ပျိုးပင်အတွက် မျိုးစေ့ကို ခြံရှင်ကိုယ်တိုင် တစ်ပြည်လျှင် တစ်သောင်းခွဲနှင့် ရောင်းပေးနေသည်ကိုတွေ့ခဲ့ရ၏။ ဒီဇင်ဘာတွင် အပွင့်လိုက်၍ ဖေဖော်ဝါရီလတွင် မျိုးစေ့ရသည်ဆို၏။ ထိုအချိန်တွင် အစေးထုတ်လုပ်မှုရပ်နားပေးထား၏။ မျိုးခံပုံမှာ အသီးရင့်မှည့်ချိန်တွင် အပင်အောက်၌ တာလပတ်စခင်းထား၍ အသီးမှ ကွဲကျလာသည့်အစေ့ကို ခံယူထားသည်ဖြစ်၍ အပင်မပေါက်မှာမပူရဟူ၍ ဝယ်သူကို ညွှန်းနေလိုက်သေး၏။ စိုက်ပျိုးပြုစုပုံအတွက်ဖြေကြားပုံမှာ စိုက်ပျိုးရေးသမား ပီသလှပေ၏။ အပင်တစ်မျိုးဖြစ်သည့်အတွက် အခြားသောအပင်များ စိုက်ပျိုးပြုစုသကဲ့သို့သာ ဆောင်ရွက်ပါဟူသတည်း။

ခြံအတွင်းလေ့လာရန်ရှိသည်များ စုံသလောက်ဖြစ်သည့် အချိန်တွင် ခြံရှင်က အစေးများအခြောက်ခံထားသည့် အဆောက်အအုံအတွင်းသို့ ခေါ်ဆောင်ပြသလေ၏။ မိမိသွားရောက်လေ့လာချိန်တွင် ယခင်တစ်နေ့စာ အခြောက်ခံပြီးဖြစ်သည့် လျှော်ဖြူစေးခြောက် လေးပိဿာခန့်နှင့် လေ့လာနေစဉ် ထုတ်ယူထားသည့် အစေးစိုများ ခွဲခြားထားသည်ကို တွေ့ရ၏။ တစ်နေ့စာ အစေးခြောက် မည်မျှထုတ်လုပ်နိုင်သည်ကို မေးမြန်းရာ အနည်းဆုံး သုံးပိဿာနှင့်အများဆုံး ကိုးပိဿာရရှိကြောင်း ဖြေကြားလေ၏။ တစ်ရက်ခြားပျမ်းမျှ ခြောက်ပိဿာရသည်ဟု ဆို၏။ ထိုအချိန်တွင် ဤကိစ္စနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ တေးထားခဲ့သည်ကို ပြန်ဆက်ကြည့်မိတော့၏။

**ခိုင်မာမှုရှိ**

တယ်လီဖုန်းရှိဂဏန်းပေါင်းစက်ဖြင့် ကိန်းဂဏန်းတို့ကို ဖော်ပြထားသည့်အတိုင်း တွက်ချက်ကြည့်လေ၏။ အစေးထုတ်လုပ်သည့်ကာလ မတ်လမှနိုဝင်ဘာလအထိ လပေါင်း ကိုးလ၊ ရက်ပေါင်း ၉×၃၀=၂၇၀ ရက်၊ တစ်ရက်ခြား အစေးထုတ်သည်ဆိုသည့်အတွက် အစေးထုတ်ရက်ပေါင်း ၂၇၀÷၂=၁၃၅ ရက်၊ တစ်ရာသီစာထွက်ရှိသည့် အစေးခြောက်အလေးချိန် ၁၃၅×၆ပိဿာ၊ (တစ်ရက်ပျမ်းမျှ)=၈၁၀ ပိဿာ၊ ယခင်နှစ်ခြံသို့ လာရောက်ဝယ်ယူသည့် ဈေးနှုန်းတစ်ပိဿာ၊ ၃၅၀၀၀၊ တစ်ရာ သီစာရောင်းရငွေ၈၁၀ ပိဿာ × ၃၅၀၀၀= ၂၈၃၅၀၀၀၀ ဟူသည့် အဖြေရလေ၏။ ထိုကိန်းဂဏန်းအရလည်းကောင်း၊ ကိုယ်တိုင်မြင်တွေ့ခဲ့ရသည့် တစ်နေ့တာ အစေးထုတ်လုပ်နိုင်မှုအရ လည်းကောင်း ယခင်ကြားထားခဲ့သည့် ဝင်ငွေပမာဏမှာ ခိုင်မာမှုရှိကြောင်း တစ်ထစ်ချယုံကြည်လိုက်တော့သတည်း။

ဤလေ့လာရေးခရီးစဉ်ကား ပျော်ရွှင်ဖွယ်အတိနှင့် ပြီးမြောက်ခဲ့လေ၏။ လေ့လာရေးခရီးဆိုသည်ထက် အပန်းဖြေခရီးဟုပင် ဆိုလိုက်ချင်သေး၏။ ခြံကျယ်ကျယ် ဥယျာဉ်ကြီးတစ်ခုအတွင်းရှိ မိမိထက်အသက်ကြီးသည့် ရွှေဟင်္သာ သရက်ပင်ကြီးအောက်တွင် ထိုအပင်ကရရှိသည့်သရက်သီးမှည့်များဖြင့် ညှော်ခံရင်း ပညာရပ်တစ်ခုကို လက်ဆင့်ကမ်း မျှဝေပေးခဲ့သည့် ထိုခြံရှင်၏ ကျေးဇူးကားကြီးမားလှပေစွ။ အပြန်ခရီးတွင် ဤခရီးကိုသွားဖြစ်ရန် စေ့ဆော်ပေးခဲ့သည့် ဝါသနာတူစိုက်ပျိုးရေးမိတ်ဆွေအစ်ကိုကြီးကို ချက်ကျလက်ကျ ပြန်လည်မျှဝေနိုင်ရန် တွေးတောနေမိ၏။ ထို့အတူ ကိုယ်တိုင်တွက်ချက်ကြည့်ခဲ့သည့် ကိန်းဂဏန်းများကလည်း မိမိအားလျှော်ဖြူ စိုက်ပျိုးရေးကို လက်တွေ့ဆောင်ရွက်ဖြစ်ရန် တွန်းအားပေး နေသကဲ့သို့ ဖြစ်နေလေတော့သတည်း။

## ငါးရစ်ငါးသန် သားပေါက်ရာသီတွင် ငါးဖမ်းဆီးခြင်းမပြုကြရန် အသိပေးထား

**တောင်ငူ ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ မေ၊ ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်များ၌ ဥများနှင့်ပြည့်ဝနေသော ငါးမကြီးများ၊ မျိုးရည်ပြည့်ဝနေသည့် ငါးထီးကြီးများ မိတ်လိုက်ဥချရန်ရာသီဖြစ်ခြင်းကြောင့် ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုကြရန် တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်း၊ ဖြူး၊ ကျောက်ကြီးမြို့နယ်များသို့ ဇွန် ၁၆ ရက်မှစတင်၍ အသိပေးနှိုးဆော်စာများ ပေးပို့ခဲ့ခြင်းဖြစ်သည်။

"ငါးရစ်တွေကိုဖမ်းရင် သန်းပေါင်းများစွာသော ငါးသားပေါက်တွေ သေကျေပျက်စီးပြီး ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ် စားသုံးနိုင်ရေးနဲ့ သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးထိခိုက်နိုင်ပါတယ်"ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသက်အေးက ပြောကြားသည်။

ငါးရစ်၊ ငါးသန် သားပေါက်ရာသီအတွင်း ငါးဖမ်းဆီးမှုများကို တွေ့ရှိပါက ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေအရ ထောင်ဒဏ် နှစ်နှစ်ဖြစ်စေ ငွေဒဏ် နှစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်လုံးအဖြစ် ကျခံနိုင်ကြောင်း ကြေညာချက်အတွင်း ထည့်သွင်းဖော်ပြထားသည့်အပြင် သဘာဝသယံဇာတများကို ပျက်စီး၍ ငါးမျိုးများ ပြုန်းတီးစေနိုင်သော ရျော့ခ်တိုက်ငါးဖမ်းဆီးခြင်း၊ အဆိပ်ချ ငါးဖမ်းဆီးခြင်း၊ မိုင်းခွဲ ငါးဖမ်းဆီးခြင်းများကို ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ (၅၅)အရ ပြစ်မှုထင်ရှားပါက ငွေဒဏ်ကျပ်တစ်သိန်းမှ ငါးသိန်း၊ ထောင်ဒဏ် ခြောက်လမှ ငါးနှစ်အထိ ကျခံနိုင်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# အမေရိကန်ရေတပ်ဖျက်သင်္ဘောနှင့် ဖိလစ်ပိုင်ကုန်တင်သင်္ဘောတို့တိုက်မိကာ ခုနစ်ဦးပျောက်ဆုံးလျက်ရှိ



**ယိုကိုဆူကာ ဇွန် ၁၇**

ဇွန် ၁၇ ရက်နံနက်ပိုင်းက ဂျပန်နိုင်ငံအရှေ့ပိုင်းရေပိုင်နက်တွင် အမေရိကန်နိုင်ငံရေတပ်အမှတ် (၇) ရေယာဉ်စုမှ ဖျက်သင်္ဘော ဖစ်ဇ်ဂျာရယ်ဒ်နှင့် ယင်းထက်သုံးဆပိုမိုကြီးမားသော ဖိလစ်ပိုင်နိုင်ငံမှ ကုန်တင်သင်္ဘောတို့ တိုက်မိခဲ့ပြီး အမေရိကန်စစ်သင်္ဘောမှ တပ်ဖွဲ့ဝင် ခုနစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဖစ်ဇ်ဂျာရယ်ဒ်ဖျက်သင်္ဘောသည် ယိုကိုဆူကာအနောက်တောင်ပိုင်း ကီလိုမီတာ ၁၀၀ အကွာအဝေးရှိ ရေပြင်တွင် ဖိလစ်ပိုင်နိုင်ငံမှ ကုန်တင်သင်္ဘောနှင့် ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၃၀ တွင် တိုက်မိခဲ့ပြီး ဖျက်သင်္ဘော၏ လက်ဝဲဘက်ခြမ်းမှာ ဆိုးရွားစွာပျက်စီးခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

သင်္ဘောတိုက်မိမှု ဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးမှုအခြေအနေကို စာရင်းပြုစုခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ဖိလစ်ပိုင်ကုန်တင်သင်္ဘော၏ ထိခိုက်မှု အခြေအနေကို မသိရှိရသေးကြောင်း၊ ဆီယိုဖိတ်မှုနှင့် နစ်မြုပ်မှုမဖြစ်ပွားသေးကြောင်း သိရသည်။

အခင်းဖြစ်ပွားပြီးနောက် ဂျပန်နိုင်ငံရေကြောင်းကာကွယ်ရေးတပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ ထို့အတူ အမေရိကန်နှင့် ဂျပန်ရှာဖွေကယ်ဆယ်ရေး ရဟတ်ယာဉ်များဖြင့် ဝေဟင်ရှာဖွေမှုများလုပ်ဆောင်ခဲ့ကြောင်း၊ ပျောက်ဆုံးသွားသော သင်္ဘောသား ခုနစ်ဦးကိုလည်း ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံရေတပ်မှ ဖျက်သင်္ဘောသည် အရှည် ၁၅၄မီတာနှင့် တန်ချိန် ၈၀၀၀ရှိပြီး ဖိလစ်ပိုင်နိုင်ငံ ကုန်တင်သင်္ဘောသည် အရှည် ၂၂၂ ဒသမ ၆ မီတာရှိပြီး တန်ချိန် ၂၉၀၀၀ ရှိကြောင်း သိရသည်။

**(ရိုက်တာ၊ ဆင်ဟွာ)**

# ဆော်ဒီမြေပေါ်တွင် တူရကီစစ်အခြေစိုက်စခန်းတည်ဆောက်ခွင့်မပြု




**ရီယာ့ဒ် ဇွန် ၁၇**

ဆော်ဒီမြေပေါ်တွင် တူရကီစစ်အခြေစိုက် စခန်းတည်ဆောက်ခြင်းကို ခွင့်မပြုနိုင်ကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ဆော်ဒီဦးဆောင်သော အာရပ်နိုင်ငံ အချို့က ကာတာနိုင်ငံနှင့် သံတမန် အဆက်အသွယ်ဖြတ်တောက်မှုကို ဆွေးနွေးပြီးနောက် ယခုကဲ့သို့ ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဆော်ဒီနိုင်ငံအနေဖြင့် ပြည်ပစစ်အခြေစိုက် စခန်းများကို မလိုအပ်ကြောင်း၊ ထို့အပြင် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးနှင့် ဒေသတွင်းလုံခြုံရေးကို ကာကွယ်ရန်အတွက် ပြည်ပတပ်ဖွဲ့များတွင် ဆော်ဒီနိုင်ငံက ပါဝင်လျက်ရှိကြောင်း၊ ဆော်ဒီစစ်တပ်၏ စွမ်းဆောင်ရည်သည် အကောင်းဆုံးဖြစ်ကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးဌာနက တွစ်တာပေါ်တွင် ရေးသားဖော်ပြထားသည်။

ယမန်နေ့က တူရကီနိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မယ်ဗက်တ်ကာဗူဆိုဂလူနှင့် ဆော်ဒီဘုရင် ဆဲလ်မန်ဘင်အဗ္ဗဒူလာဇစ် အယ်လ်ဆော့ဒ်တို့ ဂျက်ဒါမြို့တွင် တွေ့ဆုံကာ ဒေသတွင်း ကိစ္စရပ်များဆွေးနွေးခဲ့သည်။ **(ဆင်ဟွာ)**

# အရှေ့အနောက်ဂျာမနီပေါင်းစည်းရေးဖခင်ကြီးကွယ်လွန်

**ဘာလင် ဇွန် ၁၇**

အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီကို ပြန်လည်ပေါင်းစည်းပေးခဲ့ပြီး ဝန်ကြီးချုပ်တာဝန်ကို သက်တမ်းအရှည်ကြာဆုံး တာဝန်ထမ်းဆောင်ခဲ့သည့် ဂျာမနီဝန်ကြီးချုပ်ဟောင်း ဟယ်လ်မွတ်ခိုးလ်သည် ဇွန် ၁၆ ရက်ကကွယ်လွန်သွားပြီဖြစ်ကြောင်း သတင်းများတွင် ယနေ့ဖော်ပြသည်။

ဝန်ကြီးချုပ်ဟောင်း ဟယ်လ်မွတ်ခိုးလ်ကွယ်လွန်ချိန်တွင် အသက် ၈၇ နှစ်ရှိပြီဖြစ်ပြီး ၎င်း၏နေအိမ်တွင်ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းကို ၁၉၃၀ ပြည့်နှစ်တွင်မွေးဖွားခဲ့ပြီး ၁၉၄၇ခုနှစ်တွင် ဂျာမနီခရစ်ယာန်ဘာသာဒီမိုကရေစီအဖွဲ့ချုပ် (စီဒီယူ)သို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ စီဒီယူတွင် ပါတီဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၁၉၈၂ ခုနှစ်အောက်တိုဘာလမှ ၁၉၉၈ ခုနှစ်အောက်တိုဘာလအထိ ဂျာမနီနိုင်ငံဝန်ကြီးချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**




# အစ္စရေးနိုင်ငံ ဂျေရုစလင်၌ တိုက်ခိုက်မှုပြုလုပ်သူများမှာ ပါလက်စတိုင်းနိုင်ငံသားများဖြစ်

**ဂျေရုစလင် ဇွန် ၁၇**

အစ္စရေးနိုင်ငံ ဂျေရုစလင်မြို့ဟောင်းတွင် ယမန်နေ့က တိုက်ခိုက်မှုနှစ်ခုဖြစ်ပွားခဲ့ရာ အစ္စရေးနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ တိုက်ခိုက်မှုပြုလုပ်သူ သုံးဦးကိုလည်း ရဲတပ်ဖွဲ့က ပစ်သတ်နိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

တိုက်ခိုက်မှုတစ်ခုသည် အစ္စရေးနိုင်ငံ ဒမာသက်မြို့ရှိ လမ်းပေါ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါတိုက်ခိုက်မှုတွင် ဓားကိုင်ဆောင်သူတစ်ဦးနှင့် သေနတ်ကိုင်ဆောင်သူတစ်ဦးတို့သည် ရဲတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးမှာ အသက် ၂၀ အရွယ်အမျိုးသမီးရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကာ ဒဏ်ရာမှာပြင်းထန်သောကြောင့် ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း၊ တိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦးလည်းဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အခြားတိုက်ခိုက်မှုတစ်ခုမှာ ဂျေရုဆလင်မြို့ဟောင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုတွင် တိုက်ခိုက်သူက အစ္စရေးရဲတပ်ဖွဲ့ဝင်တစ်ဦးကို ပစ်သတ်ခဲ့သော်လည်း ၎င်းကို ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။ တိုက်ခိုက်မှုကျူးလွန်သူသုံးဦးမှာ ပါလက်စတိုင်းလူမျိုးများဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အိုင်အက်စ်အကြမ်းဖက်ခေါင်းဆောင်သေဆုံးခြင်းအပေါ် အမေရိကန်နှင့် အီရတ်တို့သံသယဖြစ်ပွားနေ



**မော်စကို ဇွန် ၁၇**

ရုရှားတပ်ဖွဲ့ဝင်များက လွန်ခဲ့သောလ ဆီးရီးယားလေကြောင်းတိုက်ခိုက်မှုတွင် အိုင်အက်စ်အကြမ်းဖက်ခေါင်းဆောင် အဘူဘက်ခ်အယ်လ်ဘဂ္ဂဒါဒီကို သတ်ဖြတ်နိုင်ခဲ့ကောင်းသတ်ဖြတ်နိုင်လိမ့်မည်ဖြစ်သော်လည်း သေဆုံးမှုအထောက်အထားကို ဖော်ပြနိုင်ခြင်းမရှိဟု အမေရိကန်က ပြောကြားခဲ့သလို အနောက်နိုင်ငံများနှင့် အီရတ်အရာရှိများကလည်း ၎င်းသေဆုံးမှုကို သံသယဖြစ်ပွားနေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သော ၂၀၁၄ခုနှစ်ကတည်းက မိုဆူးလ်ဘာသာရေးအဆောက်အအုံတစ်လုံး၌ မွတ်စလင်နိုင်ငံထူထောင်မည်ဟု ကြေညာပြီးနောက် အလွန်လျှို့ဝှက်သော အိုင်အက်စ်အကြမ်းဖက်ခေါင်းဆောင် အဘူဘက်ခ်အယ်လ်ဘဂ္ဂဒါဒီသေဆုံးကြောင်း သို့မဟုတ် ဒဏ်ရာရရှိခဲ့ကြောင်းကို မကြာခဏ သတင်းများတွင် ကြေညာခဲ့သည်။

အကယ်၍ သတင်းဖော်ပြချက်ကသာ ၎င်းသေဆုံးကြောင်း အတည်ပြုနိုင်ခဲ့ပါက အိုက်အက်စ်အကြမ်းဖက်စစ်သွေးကြွများအတွက် အကြီးမားဆုံးထိုးနှက်ချက်တစ်ခုဖြစ်ပေလိမ့်မည်ဖြစ်သည်။

တချို့သတင်းဖော်ပြချက်များတွင် အမေရိကန်အရာရှိအချို့နှင့် အမေရိကန်အေဂျင်စီအချို့က အဆိုပါသတင်းဖော်ပြချက်အပေါ် သံသယဖြစ်ပွားနေကြောင်း သိရသည်။ ထို့အတူ အီရတ်အရာရှိများကလည်း အိုင်အက်စ်အကြမ်းဖက်ခေါင်းဆောင် အဘူဘက်ခ်အယ်လ်ဘဂ္ဂဒါဒီသေဆုံးခြင်းအပေါ်သံသယရှိကြောင်း ဖော်ပြခဲ့သည်။ **(ရိုက်တာ)**

## ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက် ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**မိုင်းဖြတ်  ဇွန်  ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် တစ်မျိုးသားလုံး ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန်အတွက် တာချီလိတ်မြို့ ASG ရုံးမှ ဒါရိုက်တာ ဒေါက်တာမြင့်အောင်နှင့် ရုံးဝန်ထမ်းအဖွဲ့မှကြီးမှူး၍ တစ်မျိုးသားလုံးငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန်အတွက် ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေး စီမံချက်လုပ်ငန်း ရှင်းလင်းဆွေးနွေးပွဲကို တာချီလိတ်မြို့ ASG ရုံးက ကြီးမှူး၍ မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ဇွန် ၁၆ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်က အမှာစကားပြောကြားပြီး တာချီလိတ်မြို့ ASG ရုံးမှ ဒါရိုက်တာ ဒေါက်တာမြင့်အောင်က ဒေသဆိုင်ရာ လေ့လာဆန်းစစ်ချက် လုပ်ငန်းဆိုင်ရာများ၊ ပဋိပက္ခသုံးသပ်ဆန်းစစ်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာများ စသည်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီးဆွေးနွေးပွဲတက်ရောက်သူများ၏ အကြံပြုချက်များ၊ ထင်မြင်ယူဆချက်များကိုလည်း ပြန်လည်ဆွေးနွေးခဲ့ကြကာ ASG ရုံးဝန်ထမ်းအဖွဲ့က ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီဝင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

တာချီလိတ်မြို့ ASG ရုံးအဖွဲ့အနေဖြင့် နိုင်ငံအတွင်း ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူများ ပိုမိုသိရှိနားလည်လာစေရန် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးဌာနများနှင့် ပူးပေါင်း၍လည်း ကျောင်းသားလူငယ်များ ပါဝင်သည့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ ကျင်းပနိုင်ရန်လည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရာသီဥတု ခန့်မှန်းချက်များကို ရေသယံဇာတ စီမံခန့်ခွဲရာတွင် ထိရောက်စွာအသုံးချနိုင်ရန် သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၁၇**

ကိုရီးယားနိုင်ငံမှ အာရှပစိဖိတ် ရာသီဥတုဗဟိုဌာန (APCC , APEC Climate Center)နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ Climate Information Tool Kit(CLIK) အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို ဇွန် ၁၄ ရက်မှ ၁၆ ရက်အထိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နေပြည်တော်၌ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို APCC အနေဖြင့် အရည်အသွေးမြင့် ရာသီဥတု အချက်အလက်များ ပံ့ပိုးခြင်းဖြင့် ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားရေး အခြေအနေ တိုးတက်စေရန်၊ ရာသီဥတု သတင်းအချက်အလက်များ၊ ရာသီအလိုက်ခန့်မှန်းချက်များ ရယူအသုံးချနိုင်မည့်နည်းများ အသုံးပြုတတ်ရန်အတွက် နည်းပညာများဖြန့်ဝေရန်၊ ရာသီဥတုခန့်မှန်းချက်များကို ရေသယံဇာတ စီမံခန့်ခွဲရာတွင် ထိရောက်စွာ အသုံးချနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အလုပ်ရုံဆွေးနွေးပွဲသင်တန်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အမှာစကားပြောကြားပြီး ကိုရီးယားနိုင်ငံ APCC မှ ဒေါက်တာဂျင်ဟိုယိုး ဦးဆောင်သည့် ပညာရှင်အဖွဲ့ငါးဦးက ဆွေးနွေးပို့ချသွားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းသို့ မြန်မာနိုင်ငံ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အရာထမ်းခုနစ်ဦး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်းသုံးဦး၊ ဘူတန်နိုင်ငံမှ အရာထမ်းနှစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အရာထမ်းသုံးဦး စုစုပေါင်း ပြည်တွင်းပြည်ပမှ အရာထမ်း ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

## ညောင်ဦးမြို့နယ်၌ မြေအောက်ရေနှင့် စက်ရေတွင်းနည်းပညာဆိုင်ရာ သင်တန်းဖွင့်

**ညောင်ဦး  ဇွန်  ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် JICA ၏ ညောင်ဦးမြို့နယ် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်းရုံးတို့ ကြီးမှူးဖွင့်လှစ်သည့် မြေအောက်ရေနှင့် စက်ရေတွင်းနည်းပညာ ဆိုင်ရာသင်တန်းကို ညောင်ဦးမြို့နယ် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်းရုံး၌ ဇွန် ၁၂ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဇူလိုင် ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ သင်တန်းနည်းပြဆရာများဖြစ်သည့် ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းညွန့်၊ ဂျပန်နိုင်ငံမှ ဘူမိဗေဒပညာရှင် Mr. Ohashi၊ Mr. Tadashi Yagi နှင့် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ရှိန်တို့က တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားပြုတက်ရောက်ကြသည့် သင်တန်းသား ၃၀ အား သင်ကြားပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများက စက်ရေတွင်းအသစ် တူးဖော်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် မြေအောက်ရေကြောရှာဖွေခြင်း ဆိုင်ရာ နည်းပညာများ၊ Logging စက် အသုံးပြုပုံများ၊ Pumping ပြုလုပ်ခြင်းနှင့် ဇလဘူမိဗေဒဆိုင်ရာ အချက်အလက်များကိုအသုံးချပြီး ကျေးလက်ရေရရှိရေးလုပ်ငန်းဆိုင်ရာ နည်းပညာအချက်အလက်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ကိုယ်စားပြု လာရောက်ကြသည့် သင်တန်းသားများအနေဖြင့် မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ရာတွင် အမှားအယွင်းမရှိအောင် သင်တန်းမှ သင်ကြားပြသပေးသည့် သင်ခန်းစာများကို ဂရုတစိုက်လေ့လာ သင်ယူသွားကြစေလိုကြောင်း ပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းညွန့်က သင်တန်းတွင် လိုက်နာရမည့် သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မောင်တောမြို့နယ်၌ ရွာသားတစ်ဦး အသတ်ခံရ

**နေပြည်တော်  ဇွန်  ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဂေါင်ညာကျေးရွာသားတစ်ဦးသည် ဇွန် ၁၅ ရက် ညပိုင်းကနေအိမ်မှ အပြင်သို့ ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေစဉ် ဓားဒဏ်ရာများဖြင့် သေဆုံးလျက် တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ဂေါင်ညာကျေးရွာနေ အဘူနာဆဲသည် သူငယ်ချင်းဖြစ်သူ၏နေအိမ်သို့ ထမင်းစားသွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် ဇွန် ၁၆ ရက် နံနက် ၁၁ နာရီခန့်က လိုက်လံရှာဖွေစဉ် ဂေါင်ညာကျေးရွာ၏ အရှေ့ဘက်ချောင်းကမ်းစပ်အနီး၌ ပြတ်ရှဒဏ်ရာများ၊ ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးလျက်ရှိကြောင်း တွေ့ရှိခဲ့သဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘူးသီးတောင်မြို့နယ်၌ ရာအိမ်မှူးတစ်ဦး ဓားထိုးခံရ

**နေပြည်တော်  ဇွန်  ၁၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာအုပ်စု ဂူတာပြင်တောင်ရွာမှ ရာအိမ်မှူးတစ်ဦးအား ယမန်နေ့ညပိုင်းက လူငါးဦးခန့်က ဓားဖြင့်ဝိုင်းထိုးသဖြင့် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဂူတာပြင်တောင်ရွာနေ ရာအိမ်မှူးဟာဘီဇူသည် ယမန်နေ့ ည ၁၁ နာရီခန့်က ရွာကင်းများအား စစ်ဆေးပြီး နေအိမ်သို့ပြန်လာစဉ် လူငါးဦးခန့်က ဓားဖြင့်ဝိုင်းထိုးသဖြင့် အော်ဟစ်ရာ အိမ်ပေါ်မှသားဖြစ်သူ ရှော်ဘီအစ္စလာမ် ဆင်းလာစဉ် ခဲဖြင့်ထပ်မံပစ်ပေါက်သဖြင့် သားဖြစ်သူ၏ ဦးခေါင်းထိမှန်ပေါက်ပြဲဒဏ်ရာ ရရှိခဲ့ပြီး အဆိုပါအဖွဲ့မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော်  ဇွန်  ၁၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် သေကံရွာ၌ အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သူတစ်ဦးအား ဇွန် ၁၅ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သေကံရွာ၌ အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ဇွန် ၁၅ ရက် ည ၁၁ နာရီခန့်က သွားရောက်ရှင်းလင်းစဉ် ကျောက်လှုပြင်ကျေးရွာနေ ကာဒိလ်ဟူဆောင်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။




ကာဒိလ်ဟူဆောင်း

**(သတင်းစဉ်)**

## မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ခိုင်မာသည့်ဖွဲ့စည်းပုံစည်းမျဉ်း ရေးဆွဲနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန်  ဇွန်  ၁၇**

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၌ ခိုင်မာသည့် ဖွဲ့စည်းပုံစည်းမျဉ်း ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများကို ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ ချမှတ်ထားသော မူဝါဒများနှင့်အညီ အမျိုးသားကျန်းမာရေးကို မြှင့်တင်ပံ့ပိုးဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အားကစားပြိုင်ပွဲများကို စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း အားကစားပြိုင်ပွဲများကို သတ်မှတ်ထားသော စည်းမျဉ်း /စည်းကမ်းနှင့် ဥပဒေများအတိုင်း တိကျစွာ လိုက်နာကျင်းပ ကြီးကြပ်ဆောင်ရွက်ရေး၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မိခင်အဖွဲ့အစည်း၊ ဦးဆောင်အဖွဲ့အစည်းတို့မှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဆုံးဖြတ်ချက်များနှင့်အညီ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရေး၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံ အားကစား အဖွဲ့ချုပ်များကို စနစ်တကျဖွဲ့စည်းပြီး ဖွဲ့စည်းရာတွင်လည်း ပွင့်လင်းမြင်သာစွာ ရွေးချယ်တင်မြှောက်နိုင်ရေး၊ နိုင်ငံတကာ အားကစားအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်ပြီး လျင်မြန်စွာဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ကာ အားကစားအဖွဲ့ချုပ်များ၌ ခိုင်မာသည့်ဖွဲ့စည်းပုံစည်းမျဉ်း ရေးဆွဲနိုင်ရေး ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဇွန် ၁၂ ရက်က ကျွမ်းဘား၊ မြားပစ်၊ ရွက်လှေ၊ ရေကူး၊ ဟော်ကီ၊ သေနတ်ပစ်၊ လှေလှော်၊ ခရစ်ကက်၊ စားပွဲတင်တင်းနစ်၊ ဘော့စ်ဘော၊ တင်းနစ်၊ ကြက်တောင်နှင့် Squash အားကစား အဖွဲ့ချုပ်များ၊ ဇွန် ၁၃ ရက်က လက်ဝှေ့၊ ရိုးရာလက်ဝှေ့၊ ကရာတေးဒို၊ နပန်း၊ ပိုဗီနမ်၊ သိုင်း၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ရှီယွမ်၊ ကမ်ပိုနှင့် ဓားခုတ် အားကစားအဖွဲ့ချုပ်များ၊ ဇွန် ၁၄ ရက်က ဘတ်စကက်ဘော၊ ဘော်လီဘော၊ ဘိလိယက်နှင့်စနူကာ၊ ဘောလုံး၊ ခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ပီတန်း၊ ဘိုလင်း၊ စစ်တုရင်နှင့် ဂေါက်သီး အားကစားအဖွဲ့ချုပ်များ၏ ဆွေးနွေးပွဲများကို ကျင်းပခဲ့ပြီး ဇွန် ၁၅ ရက်က ခြေလျင်တောင်တက်၊ မြင်းစီး၊ အလေးမ၊ အမျိုးသမီးအားကစား၊ ပြေးခုန်ပစ်၊ Triathlon(အပြေး၊ စက်ဘီးစီး၊ ရေကူး)၊ အပျော်တမ်း လေထီး၊ ရိုးရာအားကစား၊ မသန်စွမ်း၊ စက်ဘီး၊ ကာယဗလ/ကာယကြံ့ခိုင်မှုနှင့် အားကစားကလောင်ရှင်များ အဖွဲ့ချုပ်များမှ တာဝန်ခံ အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)က အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဦးဘန်နီတင်အောင်က အားကစားအဖွဲ့ချုပ်များအနေဖြင့် နိုင်ငံတကာနှင့်အညီ ဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေများ ရေးဆွဲရာ၌ မှီငြမ်းကိုးကားနိုင်ရန်အတွက် အခန်း(၂၆) ရပ်ပါဝင်သော ဖွဲ့စည်းပုံမူကြမ်းကို အသေးစိတ် ဆွေးနွေးအကြံပြုခဲ့သည်။

ထို့နောက် ယာယီဖွဲ့စည်းပေးထားသော မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် အားကစားတာဝန်ခံများက မိမိတို့ အားကစားအဖွဲ့ချုပ်များကို နိုင်ငံတကာစံနှုန်းနှင့်အညီ ပြန်လည်ဖွဲ့စည်းထားနိုင်မှု အခြေအနေနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ အားကစားလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လိုအပ်ချက်များကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများက ဖြည့်ဆည်းအကြံဉာဏ်ပေးကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## အင်းတော်မြို့နယ်၌ ငွေကျပ်သိန်းပေါင်း ၅၀၀၀ ကျော်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

**အင်းတော်  ဇွန်  ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားကျေးရွာအုပ်စု နဘားလမ်းဆုံတွင် ဇွန် ၁၇ ရက် ညနေ ၄ နာရီခန့်က ငွေကျပ် သိန်းပေါင်း ၅၀၀၀ ကျော်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်နဘားနယ်မြေ ရဲစခန်းမှူး ရဲအုပ်ခင်ဇော်ထိုက်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်အောင်၊ ကသာမြို့အမှတ် (၁၀၆) ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကိုမင်းနှင့် တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးဘက်မှ မြစ်ကြီးနားဘက်သို့ မောင်းနှင်လာသောယာဉ်အမှတ် YGN-2I/--- မက်တူးယာဉ်အား ရပ်တန့်ရှာဖွေရာ ရပ်ကွက်(၃)ကွတ်ခိုင်မြို့နေသူများဖြစ်သည့် ယာဉ်မောင်းဆန်းကျော်ခိုင် မောင်းနှင်လာပြီး ရမ်သူမီလိုက်ပါလာသော ယာဉ်ပေါ်မှ ဘိန်းဖြူဆပ်ပြာခွက်တစ်ခွက်လျှင် ၁၀ ဂရမ်ပါ ၁၈၃ ခွက် စုစုပေါင်း အလေးချိန် ၁၈၃၀ ဂရမ်ခန့် ကာလတန်ဖိုး ငွေကျပ် ၁၈၃၀၀၀၀၀၀နှင့် စိတ်ကြွရူးသွပ်ဆေးပြားတစ်ထုပ်လျှင် ၁၉၅ ပြားစီပါ အထုပ် ၄၂၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၈၁၉၀၀ ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၄၀၉၅၀၀၀၀ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၅၉၂၅၀၀၀၀ ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ အင်းတော်မြို့မစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်မောင်ဆွေ (မော်လူး)**

# တရားမဝင်ရထားလမ်းကူးနေရာ၌ ၁၂ ဘီးယာဉ်ဖြတ်သန်းသဖြင့် ရထားလမ်းပိတ်ဆို့



**မိုးညှင်း ဇွန် ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် တရားမဝင် ရထားလမ်းကူးနေရာ၌ ၁၂ ဘီးယာဉ် ဖြတ်သန်းစဉ် ဝမ်းပိုက်အောက်လေအိုးနှင့် မီးရထားသံလမ်းချိတ်မိသဖြင့် အမှတ်(၄၉) မြစ်ကြီးနား လူစီးခေါက်ပြန်ရထားမှာ ခေတ္တရပ်တန့်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၆ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က ယာဉ်မောင်း အောင်ပြည့်ဆွေ (၂၂နှစ်)၊ ယာဉ်နောက်လိုက် အောင်ဇင်ဦး(၂၅နှစ်)တို့ မောင်းနှင်လာသည့် Nissan UD ယာဉ်သည် ဓာတ်မြေသြဇာအိတ်များ သယ်ဆောင်၍ ရထားလမ်း မိုင်တိုင်အမှတ် (၆၃၅/၆-၇) ကြားရှိ မီးရထားဌာနက ဖြတ်သန်းခွင့်မပြုသည့် တရားမဝင်သံလမ်းကူးနေရာတွင် ဖြတ်သန်းမောင်းနှင်စဉ် ဝမ်းပိုက်အောက်လေအိုးနှင့် မီးရထားသံလမ်းတို့ချိတ်မိခဲ့ပြီး နံနက် ၉ နာရီ မိနစ် ၄၀ မှ ၁၀ နာရီ ၃၅ မိနစ်ထိ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရကြောင်း၊ မိုးညှင်းဘူတာမှ နန်းမားဘူတာဘက်သို့ ထွက်ခွာလာသော အမှတ်(၄၉) နဘား-မြစ်ကြီးနား လူစီးခေါက်ပြန်ရထားမှာ ပေ ၃၀၀ အကွာမှ ရပ်တန့်စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် မီးရထားသံလမ်းကူးနေရာတွင် ယာဉ်ကိုမဆင်မခြင် မောင်းနှင်သူ အောင်ပြည့်ဆွေ မိုးညှင်းမြို့မ ရပ်ကွက်နေသူအား ရထားပို့ဆောင်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၆၇)

# ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသည့် အေးခဲအသားများအား မြေမြှုပ်ဖျက်ဆီး

**ရေတာရှည် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်စည်ပင်သာယာဈေးအသီးသီး၌ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် တင်သွင်း/တင်ပို့ခြင်း တားဆီးကာကွယ်ရေးအဖွဲ့မှ အေးခဲအသားများ ရောင်းချခြင်းနှင့်ပတ်သက်၍ ဇွန် ၁၆ ရက် နံနက်ပိုင်းက ရေတာရှည်မြို့မဈေးအတွင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ထိုင်းနိုင်ငံမှ တရားမဝင် တင်သွင်းလာသည့် အေးခဲကြက်သည်း၊ ကြက်မြစ်၊ နှလုံးတစ်ကီလိုအထုပ်များကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် ဆွာမြို့ စည်ပင်သာယာဈေးအတွင်း ဆက်လက်စစ်ဆေးခဲ့ရာ ကြက်သည်း၊ ကြက်မြစ်နှင့် နှလုံးတို့ ထည့်သွင်းထုပ်ပိုးထားသော ကီလိုအထုပ်များ တွေ့ရှိခဲ့သဖြင့် ရောင်းချသူများကို နောက်နောင် ရောင်းချခြင်းမပြုလုပ်ရန် ခံဝန်လက်မှတ်ရေးထိုးစေကာ အေးခဲအသားအား မြေမြှုပ်ဖျက်ဆီးခဲ့သည်။

"ကျွန်တော်တို့ ဈေးကွက်အနေအထားအရ ကြက်သည်း၊ ကြက်မြစ်ရောင်းကုန်က တစ်နေ့တာ အနေအထားအနေနဲ့ သိပ်ကို ပမာဏများပြားနေတဲ့အတွက် မသင်္ကာလို့ ခုလိုအဖွဲ့နဲ့ စစ်ဆေးတာ၊ မကြာမကြာလည်း စစ်ဆေးမှာပါ" ဟု မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကြည်လင်က ပြောသည်။

**ကိုလွင်(ဆွာ)**

# စံပြလယ်ယာကေ ၁၀၀ စီမံကိန်းမှာ စိုက်ပျိုးချိန်အမီမပြီးစီးသည့်အတွက် တောင်သူများဆန္ဒဖော်ထုတ်

**မြင်းခြံ ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် လယ်ယာစိုက်ပျိုးကြသော တောင်သူလယ်သမားများသည် စိုက်ပျိုးရေကို ကန်များ၊ ဆည်များ၊ မြစ်ရေတင်လုပ်ငန်းများမှ ရရှိကြသည်။ တောင်သူများအနေဖြင့် ရေရရှိမှသာ စိုက်ပျိုးရေးအဆင်ပြေနိုင်ကြသဖြင့် ယခုအခါ မြင်းခြံမြို့နယ်တွင် စနစ်ကျစံပြလယ်ယာကေ ၁၀၀ စီမံကိန်းမှ တောင်သူများသည် စိုက်ပျိုးချိန်အမီ ရေမရရှိသည့်အတွက် ဆန္ဒဖော်ထုတ်ခြင်းကို ဇွန် ၁၇ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**




ဆန္ဒဖော်ထုတ်သည့် တောင်သူများမှာ စနစ်ကျစံပြလယ်ယာကေ ၁၀၀ စီမံကိန်းတွင် ပါဝင်ကြသည့် ထနောင်းတိုင်ကျေးရွာ၊ ထနောင်းကုန်းကျေးရွာ၊ ဂျုပ်ပင်ကျေးရွာ၊ ညောင်ကန် ကျေးရွာ၊ ထန်းပင်ကန်ကျေးရွာမှ တောင်သူ ၁၀၀ ကျော်ခန့်အား ထနောင်းတိုင်ရွာသား ဦးသာဌေးက ဦးဆောင်၍ မြင်းခြံမြို့ မဏ္ဍိကဥ္စနာခန်းမရှေ့မှ စတင်ကာ ကြွေးကြော်သံများဖြင့် မြို့တွင်းသို့ ချီတက်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

တောင်သူများ ကြွေးကြော်သည့် ကြွေးကြော်သံများမှာ စိုက်ပျိုးချိန် မမီသည့်အတွက် သီးနှံလျော်ကြေးရရှိရေး၊ အချိန်မီ ပြီးစီးအောင် မဆောင်ရွက်နိုင်သော ဝန်ထမ်းများအား အရေးယူပေးရေး၊ လွှတ်တော်ကိုယ်စားလှယ်များမှ တာဝန်ယူဖြေရှင်းပေးရေး၊ စနစ်ကျစံပြလယ်ယာကေ ၁၀၀ စီမံကိန်း ဘတ်ဂျက်စစ်ဆေးပေးရေး၊ တောင်သူများအပေါ် မှန်ကန်စွာ ဆောင်ရွက်မပေးသော မြစ်ရေတင်အရာရှိ ဝန်ထမ်းများအား အရေးယူပေးရေး စသည့်ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ခြင်းတို့ဖြင့် လှည့်လည်ခဲ့ကြပြီး မဏ္ဍိကဥ္စနာခန်းမရှေ့တွင် ပြန်လည်ဝင်ရောက်၍ အေးချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည် ။

**ဇော်မင်းနိုင် ( မြင်းခြံ )**

## မိုးလေဝသ

**နေပြည်တော် ဇွန် ၁၇**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၅၈လက်မ၊ မိုးညှင်းမြို့တွင် ၃ ဒသမ ၃၅လက်မ၊ ဂွမြို့နှင့် မိုးကောင်းမြို့တို့တွင် ၂ဒသမ ၉၉ လက်မစီ၊ တမူးမြို့တွင် ၂ ဒသမ ဝ၃ လက်မ၊ ပလက်ဝမြို့တွင် ၂ဒသမ ဝ၁ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ လှည်းကူးမြို့တွင် ၁ ဒသမ ၈၉လက်မ၊ညောင်လေးပင်မြို့တွင် ၁ ဒသမ ၈၅လက်မ၊ရန်ကုန်(မင်္ဂလာဒုံ)တွင် ၁ ဒသမ ၆၅ လက်မနှင့် ကျောက်တော်မြို့တွင် ၁ ဒသမ ၆၁ လက်မတို့ ဖြစ်ကြသည်။

(မိုး/ဇလ)

# တနိုင်းမြို့နယ်ရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မြစ်ကြီးနား ဇွန် ၁၇**

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီအစီစဉ်ဖြင့် တနိုင်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုမြို့နယ်တပ်ခွဲမှူး ဦးစီးတပ်ဖွဲ့ဝင်များဖြင့် ဇွန် ၁၇ ရက် နံနက် ၉ နာရီက မော်တော်ယာဉ်ဖြင့် ထောက်ပံ့ပစ္စည်းများတင်ဆောင်ကာ မြို့နယ်အတွင်း စစ်ဘေးရှောင်စခန်းနေ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများသွားရောက်ထောက်ပံ့ပေးအပ်သည်။

အဆိုပါပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်ရာတွင် ဇွန်လက တနိုင်းမြို့နယ်အတွင်း ပယင်းရွှေမှော်လုပ်ကွက်များတွင် နေထိုင်ကြသော ပြည်သူများအား တပ်မတော်မှ နယ်မြေတည်ငြိမ်အေးချမ်းရေး ရရှိစေရန်အတွက် နယ်မြေရှင်းလင်းမှုများ ပြုလုပ်ရန် အကြောင်းကြားထားသောကြောင့် ယင်းနေရာများမှ တိမ်းရှောင်လာသော အိမ်ထောင်စု ၂၅၅ အတွက် သွားရောက်ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးမှ သိရသည်။

တနိုင်းမြို့နယ်အတွင်းရှိ KBC ဘုရားကျောင်း ယာယီစစ်ဘေးရှောင်စခန်းနေ အိမ်ထောင်စု ၁၆၃ စု၊ လူဦးရေ ၅၀၂ ဦး ၊RC ယာယီစစ်ဘေးရှောင်စခန်းနေ အိမ်ထောင်စု ၄၅ စု လူဦးရေ ၁၅၃ ဦး၊ AG စစ်ဘေးရှောင်စခန်းနေအိမ်ထောင်စု ၄၇ စု၊ လူဦးရေ ၂၀၀ ၊ AC စစ်ဘေးရှောင်စခန်းနေလူဦးရေ ၁၆ ဦးအတွက် Hygiene Kit ၂၅၅ ခု၊ ခြင်ထောင် ၂၅၅ လုံး၊ စောင် ၂၅၅ စောင်၊ မိုးကာ ၂၅၅ ခု ၊ ရေဘူး ၂၅၅ ခုတို့ကို သွားရောက်ပြီး ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# အမျိုးသမီးတစ်ဦး ရေတွင်းထဲသို့ခုန်ချ မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီကယ်တင်နိုင်

**ကျောက်မဲ ဇွန် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ရပ်ကွက်(၆) နယ်မြေ (၅) နေ အမျိုးသမီးတစ်ဦးသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲက မိမိနေအိမ်ဝင်းအတွင်းရှိ ရေတွင်းထဲသို့ ခုန်ချကြောင်း သတင်းရရှိသဖြင့် ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီသွားရောက်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါအမျိုးသမီးကို ကျောက်မဲခရိုင် မီးသတ်တပ်ဖွဲ့မှူး ဦးဇော်မင်းဦး ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၂ ဦးနှင့် မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က လိုအပ်သော ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ ရေတွင်းထဲသို့ ခုန်ချသူမှာ မသဉ္ဇာမြင့်(၃၆)နှစ်ဖြစ်ပြီး စိတ်ဝေဒနာရှင်တစ်ဦးဖြစ်ကာ လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကလည်း နယ်မြေ(၆)ရပ်ကွက်မှ ဦးစိုးတင့်၏ နေအိမ်ရှိ ရေတွင်းထဲသို့ ခုန်ချဖူးသူဖြစ်ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးအား ကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင် မီးသတ်တပ်ကြပ်သန်းလှိုင်က ရေတွင်းထဲသို့ဆင်းကာအပေါ်သို့ ဒဏ်ရာတစ်စုံတစ်ရာရရှိမှုမရှိဘဲ အသက်ရှင်လျက်အောင်မြင်စွာ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်း၌ တရားဝင်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅၉ စီး၊ သွင်းကုန် ၅၉၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၄၂စီး၊ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၆၅၂၂ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၆၁၇၆ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၆ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈ ဒသမ ၂၆၉၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၆ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Honda Fit,Toyota Voxy, Toyota Probox, Honda Acty, Honda CRV, Toyota Altezza နှင့် Toyota Noah ယာဉ်တို့အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဆိုပါယာဉ်ခုနစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Honda Fit,Toyota Voxy,Toyota Probox,Honda Acty, Honda CRV,Toyota Altezza နှင့် Toyota Noah ယာဉ်**

# ၂၀၁၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၇**

ဇွန် ၂၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှုအဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက နေပြည်တော်၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ နေပြည်တော်ရှိ လုပ်သားပြည်သူများ တက်ရောက်ပါဝင်ဆင်နွှဲကြသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် နေပြည်တော်မြို့မဈေးရှေ့၌ နံနက် ၆ နာရီတွင် စတင်တာလွှတ်ပြီး ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း သပြေကုန်းအဝိုင်းမှတစ်ဆင့် မဏိရတနာကျောက်စိမ်းခန်းမရှေ့အထိ လမ်းလျှောက်ကြသည်။ ပန်းဝင်ရောက်ရာနေရာတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများအား မဏိရတနာကျောက်စိမ်းခန်းမရှေ့ ပန်းဝင်ရာနေရာတွင် တာဝန်ရှိသူတို့က ရေသန့်ဘူးနှင့် အချိုရည်များ တိုက်ကျွေးခဲ့ကြသည်။

အဆိုပါလူထုစုပေါင်း လမ်းလျှောက်ပွဲသို့ ပြည်သူလူထုစုစုပေါင်း ၃၀၀၀ ခန့် တက်ရောက်ပါဝင်ဆင်နွှဲကြပြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများသည် စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများနှင့်အတူ မဏိရတနာကျောက်စိမ်းခန်းမရှေ့၌ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ(၁)နှင့်(၂)တို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇွန် ၁၇**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) တစ်ဦးချင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၁၅ ရက်က အဆိုပါတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲ အမျိုးသမီးပွဲစဉ်တွင် မဇာလီမျိုးမြင့် (အားကစားပညာဘာသာရပ်)က မယမင်းသူအောင် (အားကစားပညာဘာသာရပ်)ကို လေးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အမျိုးသားပွဲစဉ်တွင်မောင်ဇော်မင်းထွန်း (အားကစားပညာဘာသာရပ်)က မောင်အောင်ပြည့်ဟိန်း (မြန်မာစာဘာသာရပ်)ကို လေးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ဆုပေးပွဲကို ကျင်းပရာ အမျိုးသမီးပြိုင်ပွဲဆုရရှိသူများကို ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မမတင်ကလည်းကောင်း၊ အမျိုးသား ပြိုင်ပွဲဆုရရှိသူများကို ပါမောက္ခချုပ် ဒေါက်တာအေးကျော်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲတွင် ဘာသာရပ်လက်ရွေးစင်များထဲမှ အကောင်းဆုံးရမှတ်ရရှိသူ အမျိုးသားငါးဦးနှင့် အမျိုးသမီးငါးဦးကို အထက်မြန်မာပြည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ရတနာပုံတက္ကသိုလ်လက်ရွေးစင်အဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း
စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children
World Vision

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ ကျဲကျဲနှင့် အနှံ့အပြား မိုးထစ်ချုန်းရွာမည် ဖြစ်သည်။

(မိုး/ဇလ)

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- လီဗာပူးအသင်းသည် ဝစ်ဒန်းကို ဒါဘီကောင်တီအသင်းထံသို့ ရောင်းချရန်သဘောတူညီလိုက်ကြောင်း သိရသည်။ အင်္ဂလန်ချန်ပီယံရှစ်ကလပ် ဒါဘီကောင်တီအသင်းသည် အားလပ်ရက်မှ ပြန်ရောက်လာသောအခါ ဆေးစစ်မှုခံယူမည်ဖြစ်သော အဆိုပါ ကစားသမားကို လီဗာပူးအသင်းနှင့်အတူ ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဇွန် ၁၆ ရက် (သောကြာနေ့)တွင် အတည်ပြုထုတ်ပြန်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဒါဘီအသင်းသည် ဟားလ်နောက်ခံကစားသမား ကားတစ် ဒေးဗစ်ကိုလည်း ခေါ်ယူစာချုပ်ထားကြောင်း သိရှိရသည်။
- ဂျူဗင်တပ်စ်အသင်း၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သော မာရော့တာသည် အဲလက်ဇ် ဆန်ဒရိုအတွက် ချယ်လ်ဆီးအသင်း၏ မြောက်မြားသောငွေကြေးကမ်းလှမ်းမှုများကို ပယ်ချခဲ့ကြောင်း သိရှိရသည်။ ပရီမီယာလိဂ် လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် ၎င်းတို့၏ ကစားသမားအင်အားတောင့်တင်းစေရန်အတွက် အဆိုပါ ကစားသမားကို ထိုကဲ့သို့ ကမ်းလှမ်းခြင်းဖြစ်ကြောင်းလည်း သိရသည်။ ၂၆ နှစ်အရွယ် ဆန်ဒရိုသည် ဂျူဗင်တပ်စ်အသင်းနှင့်အတူ ၂၀၂၀ ဇွန်အထိရှိသော စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။
- အဲဗာတန်အသင်း၏ ပြီးခဲ့သော ရက်ပိုင်းအတွင်းက ပေါင်သန်း ၃၀ ဖြင့် စာချုပ်ချုပ်ဆိုခဲ့သော ဂျော်ဒန် ပစ်ဖို့ဒ်သည် ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် ဆွီဒင် ယူ-၂၁ အသင်းကို သရေကျခဲ့သောပွဲ၌ ပယ်နယ်တီဂိုးကို ကာကွယ်နိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။
- အစ်ဆွစ်တောင်းအသင်းသည် စကော့တလန်ကလပ် ရိန်းဂျားအသင်း တိုက်စစ်မှူး ဂျိုးဂါနာကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ကြောင်း သိရှိရသည်။ အဆိုပါ တိုက်စစ်မှူး၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိကြောင်းလည်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ ၂၉ နှစ်အရွယ် အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သော ရာသီတွင် ပရက်စ်တန်အသင်းမှ စကော့တလန်ကလပ် ရိန်းဂျားအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ၃၇ ပွဲကစားထားကာ ၁၀ ဂိုးသွင်းယူပေးထားကြောင်း သိရှိရသည်။
- ဘရိုက်တန်အသင်းသည် စပိန်ကလပ် ဗလင်စီယာအသင်းမှ ဩစတြေးလျဂိုးသမား ရိုင်ယန်ကို ကလပ် စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပြောင်းရွှေ့ကြေးမှု အတိအကျထုတ်ပြန်ထားခြင်းမရှိသော်လည်း ဩစတြေးလျ အစီရင်ခံစာများအရ အသက် ၂၅ နှစ်အရွယ် အဆိုပါ ဂိုးသမားကို ပေါင် ငါးသန်းခန့် ကုန်ကျနိုင်ကြောင်း သိရှိရသည်။ အဆိုပါ ပမာဏသည် ယခင် ပေါင်လေးသန်းဖြင့် ချုပ်ဆိုထားသော ရှိန်းဒပ်ဖီ၏ ပြောင်းရွှေ့ကြေးထက် ပိုမိုများပြားကြောင်းလည်း သိရှိရသည်။



**ဇော်ဇော်**

**ဖခင်အမည်မှန်**

ပခုက္ကူမြို့နယ်၊ မြစ်ခြေကျေးရွာ အထက(မြစ်ခြေ)မှ တက္ကသိုလ်ဝင်ခွင့် ဖြေဆိုထားသည့် မမြတ်ဇာလီကြိုင်၊ မမြတ်ဇာလီခိုင်နှင့် အဋ္ဌမတန်း(F)မှ မသက်ဝေဇင်တို့၏ဖခင်အမည်မှန်မှာ ဦးကိုကိုနိုင် ၈/ပခက(နိုင်)၀၉၀၂၀၆ ဖြစ်ပါကြောင်း။ **ဦးကိုကိုနိုင်**

**အမည်ပြောင်းနှင့်ဖခင်အမည်မှန်**

မြောက်ဥက္ကလာပမြို့နယ်၊ အထက (၄) တက္ကသိုလ်ဝင်တန်း(G)မှ မောင်မင်းသန်းကျော်အား မောင်အောင်မြတ်ထွန်းဟုလည်းကောင်း၊ ဖခင်အမည်မှန်မှာ ဦးဇော်လင်းထိုက်အား ဦးဇေလင်းထိုက် ၁၂/ကမန(နိုင်)၁၃၀၀၁၉ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အထက(၂)၊ အဋ္ဌမတန်း(A)မှ မောင်ထက်အောင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းဝင်း ၁၂/သကတ(နိုင်)၁၅၂၉၅၃ ဖြစ်ပါကြောင်း။ **ဦးသန်းထွန်းဝင်း**

**မိဘအမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက ဝန်းသို၊ အဋ္ဌမတန်း(B)မှ မောင်ဟိန်းသူစံ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဝင်းလှိုင်-ဒေါ်ခင်မာသန်း ဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်-ဒေါ်ခင်မာသန်း**

**ဖခင်အမည်မှန်**

ကျောက်တန်း အထက(၂)၊ သော်ကကျောင်း၊ တက္ကသိုလ်ဝင်တန်း(C)မှ မဇင်မာထွေး(၂၈၉/၁၅)၏ ဖခင်အမည်မှန်မှာ ဦးဖွဲ့နုဆာမိ ဖြစ်ပါကြောင်း။ **ဦးဖွဲ့နုဆာမိ**

**ဖခင်အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့၊ ဇီးကုန်းမြို့ရှေ့ မူလတန်း(လွှန်)ကျောင်း၊ သတ္တမတန်းမှ မောင်ထက်မြတ်စိုးဦးနှင့် စတုတ္ထတန်းမှ မောင်မြင့်မြတ်စိုးဦးတို့၏ ဖခင်အမည်မှန်မှာ ၅/ကဘလ(နိုင်)၀၉၂၁၂၇ အရ ဦးစိုးဖြစ်ပါကြောင်းနှင့် ဤအမည် ဦးစိုးနှင့် အိမ်ထောင်စုစာရင်းပါ ဦးစိုးရွှေတို့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးစိုး(ခ)ဦးစိုးရွှေ**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/1279 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက ဝန်းသို၊ အဋ္ဌမတန်း(D)မှ မခမ်းဆာ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းခမ်းလူ ၁၃/တယန(နိုင်)၀၈၁၆၁၄ ဖြစ်ပါကြောင်း။ **ဦးစိုင်းခမ်းလူ**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ပလိုင်းရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်သူရစိုး၏ ဖခင်အမည်မှန်မှာ ဦးခိုင် ၅/ရဘန(နိုင်)၂၂၉၉၂၉ ဖြစ်ပါကြောင်း။ **ဦးခိုင်**

**ဖခင်အမည်မှန်**

ကျောက်တန်း အထက(၂)၊ သော်ကကျောင်း၊ တက္ကသိုလ်ဝင်တန်း(C)မှ မအေးမြတ်သူ (၄၆၈/၁၅)၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းနိုင်**

**ဖခင်အမည်မှန်**

ကျောက်တန်းမြို့၊ မူလွန် ဆင်ကန်ပဉ္စမတန်းမှ မောင်ကောင်းဇင်သန့်(ဆက-၃၇၅/၁၇)၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၁၂/ကတန(နိုင်)၀၉၀၄၂၃ဖြစ်ပါကြောင်း။ **ဦးကျော်ကျော်**

**ဖခင်အမည်မှန်**

ကျောက်တန်းမြို့နယ်၊ ကမာကလုတ်၊ အထက၊ သတ္တမတန်း(A)မှ မောင်ရန်မျိုးအောင်(၀၀၈/၁၅)၏ ဖခင်အမည်မှန်မှာ ဦးမြင့်သောင်းဖြစ်ပါကြောင်း။ **ဦးမြင့်သောင်း**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ် ၅၃၁၊ အကျယ်အဝန်းပေ(၅၀×၆၀)စီရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မခွဲမစိတ်ရသေးသည့် ပေ(၂၃×၆၀)ခန့်ရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးမျိုးမြင့်အောင်(LL.B) | ဦးအေးမင်းသူ(LL.B) |
| စဉ်-၂၅၁၆၅ | စဉ်-၂၆၁၉၉ |

အထက်တန်းရှေ့နေများ

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

**အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ**
**ဗဟန်းမြို့နယ်တရားရုံးတော်**
**၂၀၁၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁**

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်သန်း | နှင့် | ၁။ ဦးအောင်ကြီး |
| | | ၂။ ဒေါ်ချိုနွယ်သန်း |
| (လျှောက်ထားသူ) | | (လျှောက်ထားခံရသူများ) |

အထက်ပါအမှုမှ(၁)လျှောက်ထားခံရသူ ဦးအောင်ကြီး ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မနော်ဟရီလမ်း၊ အမှတ်-၉/ဘီ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက ဤရုံးတော်သို့ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၁၀၀အရ လျှောက်ထားလာသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍၊ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန်၊ ၂၀၁၇ခုနှစ် ဇွန် ၂၉ရက်(၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၆ရက်)မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင်ရှေ့နေဖြစ်စေ ဤရုံးတော်သို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ် ဇွန် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သရဖီအောင်)**
**မြို့နယ်တရားသူကြီး**
**ဗဟန်းမြို့နယ်တရားရုံး**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် (၂၅၇)**

| | | |
|---|---|---|
| ဒေါ်ယမုံဝင်း | နှင့် | ၁။ ဒေါ်ခင်နီလာ |
| (၎င်း၏ အခွင့်ရကိုယ်စားလှယ်- | | ၂။ ဒေါ်ကျင်ရွှေ |
| ဒေါ်စီစီနိုင်) | | ၃။ ဦးထွန်းထွန်းဦး |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ် (၁၂၃၂)နေ (၂)တရားပြိုင် ဒေါ်ကျင်ရွှေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ နန်းရင်လမ်း၊ အမှတ် ၈၈၀နေ (၃)တရားပြိုင် ဦးထွန်းထွန်းဦး(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အပြီးအပိုင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၁၇ခုနှစ် ဇူလိုင် ၁၄ ရက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန် ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ထူး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

ခ ရီး သွား ဆောင်း ပါး

# ကြာပန်းရနံ့ သင်းပျံ့ပျံ့တွေနဲ့အတူ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ



တောင်လေအဝှေ့မှာ ကြာပန်းရနံ့တွေ သင်းပျံ့လာသည်။ နံနက်ခင်းနေခြည်ကနုနု၊ မိုးသားတိမ်လိပ်တွေ ကင်းစင်နေသော ကောင်းကင်၊ သန့်စင်ကြည်လင်ကာ စိမ်းစိုနေသော သဘာဝပတ်ဝန်းကျင်၊ အင်းရေပြင်ကိုဖြတ်သန်းတိုက်ခတ်လာသည့် ကြာပန်းရနံ့တွေသင်းထုံနေသော လေပြည်ညင်းတို့က စိတ်နှလုံးကို ကြည်မွေ့ဖွယ်ရာပင်။

မွှေးပျံ့သောလေကို တစ်ဝရှူရှိုက်လိုက်ရာ တစ်ကိုယ်လုံးပေါ့ပါးလန်းဆန်းသွားလေသည်။ ကျွန်တော်တို့ရှေ့တူရူတွင် တည်ရှိနေသည်က စွန်ရဲအင်း။ အချိန်တိုကာလအတွင်း ခရီးသွားဧည့်သည်များ လာရောက်မှုများပြားသည့်နေရာ။

ကျွန်တော်တို့ စွန်ရဲအင်းသို့ရောက်ချိန်မှာ နံနက် ၇ နာရီခန့်ဖြစ်ရာ လာရောက်သူရှင်းနေသည်။ စွန်ရဲအင်း၏ နံနက်ခင်းအလှကို လတ်ဆတ်စွာ ခံစားလိုခြင်းလည်း ပါဝင်သလို တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသောနေရာဖြစ်၍ စိတ်ဝင်စားကာ ရောက်လိုစိတ်ပြင်းပြနေ၍ နံနက်စောစော ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ယခု ကျွန်တော့်ဆန္ဒပြည့်ခဲ့ပြီ။ စွန်ရဲအင်းကမ်းစပ်မှာပင် ကြာပန်းရနံ့ သင်းထုံပျံ့သည့်လေကို ရှူရှိုက်ရသည်နှင့် ထူးခြားဆန်းသစ်သည့်ခံစားမှုက ရင်သို့ နက်ရှိုင်းစွာ တိုးဝင်ရောက်ခဲ့လေသည်။

စွန်ရဲအင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် အင်ကုန်းရွာအနီးတည်ရှိသဖြင့် သွားလာရေး လွယ်ကူသည်။ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းမှနေ၍ အင်ကုန်းရွာသို့ လာရောက်ကာ အင်ကုန်းရွာအရှေ့ဘက်သို့ အနည်းငယ်ထွက်လိုက်သည်နှင့် စွန်ရဲအင်းသို့ ရောက်ရှိခြင်းဖြစ်သည်။ စွန်ရဲအင်းကို ယခင်က လူများလာရောက်ရန် စိတ်ဝင်စားမှုမရှိခဲ့သော်လည်း စွန်ရဲအင်းအတွင်း ကြာပင်၊ ကြာပန်းများ၏ ထူးခြားသော မြင်ကွင်းများကို ဖေ့ဘွတ်ပေါ်တင်ခဲ့ရာမှ လူများစိတ်ဝင်စားလာခဲ့ပြီး တဖြည်းဖြည်း လာရောက်လည်ပတ်လေ့လာသူများပြားလာခဲ့ခြင်းဖြစ်သည်။

စွန်ရဲအင်းရေပြင်တွင် ကြာပင်၊ ကြာပန်းများ ဝေဆာနေချိန်မှာ မိုးရာသီကာလဖြစ်ပြီး ဆောင်းရာသီတွင်လည်း ကြာပန်းများအပြင် ရွှေ့ပြောင်းဆောင်းခိုငှက်များ၊ ရေပျော်ငှက်များ ပျော်မြူးကျက်စားရာလည်းဖြစ်ရာ ငှက်ကြည့်ဝါသနာရှင်များအတွက် လာရောက်လေ့လာရန် အကောင်းဆုံးအချိန်ဖြစ်လေသည်။

ကျွန်တော်တို့ စွန်ရဲအင်းရေပြင်သို့ ဖြတ်သန်းပြီး လေ့လာရန် လှေတစ်စင်းငှားရမ်းခဲ့ရာ နှစ်ဦးကို ငွေကျပ် ၅၀၀၀ ပေးရသည်။ လူထပ်ထည့်ပါက လှေငှားရမ်းခသက်သာမည်ဖြစ်သော်လည်း ကျွန်တော်တို့ လွတ်လပ်စွာသွားလာနိုင်ရန်အတွက် ငှားရမ်းခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ လှေသမားကိုရပ်ချင်သည့်နေရာတွင် ရပ်ခိုင်းပြီး ဓာတ်ပုံရိုက်ချင်သည့်နေရာတွင် ရပ်ခိုင်းမည်ဖြစ်ရာ အခြားသူများလည်း အတူတကွ ပါဝင်လာပါက တစ်ဦးနှင့်တစ်ဦး ဆန္ဒမတူပါက အဆင်မပြေနိုင်သဖြင့် နှစ်ဦးတည်းဖြင့် ငှားရမ်းခဲ့ခြင်း ဖြစ်သည်။

လှေသမားက ဝါးလုံးရှည်(ထိုးဝါး)ဖြင့် ထောက်ကာ ထောက်ကာထိုးပြီး လှေကို တရွေ့ရွေ့သွားစေရာ ကျွမ်းကျင်သဖြင့် လိုရာခရီးကို အတိမ်းအစောင်းမရှိဘဲ သွားလာနိုင်သည်ကို သတိပြုမိသည်။ လှေပေါ်တွင် မတ်တပ်ရပ်ကာ ထိုးဝါးဖြင့် လှေ၏ဘယ်ညာကို အလိုက်သင့်ထိုးထောက်ကာ လှေကိုရှေ့သို့သွားစေရန် အားထုတ်နေသော်လည်း သက်သောင့်သက်သာရှိလှသည်။

လှေပေါ်မှနေ၍ စွန်ရဲအင်းတစ်ခွင်ကို လှမ်းမြှုံကြည့်မိသည်။ စွန်ရဲအင်းရေပြင်ကျယ်မျက်နှာပြင်ဧရိယာမှာ ဧက ၁၃၆၀ ခန့်ရှိပြီး ရေပြည့်စဉ်အနက်မှာ ပျမ်းမျှကိုးပေခန့်ရှိကြောင်း သိရသည်။ စွန်ရဲအင်းပတ်လည် ကမ်းစပ်အရှည်မှာ စုစုပေါင်း ၄ မိုင်ခန့်ရှိသလို စွန်ရဲအင်းအတွင်းစီးဝင်သည့် ရေဝေရေလဲဧရိယာမှာ စုစုပေါင်း စတုရန်းကီလိုမီတာ ၃၀ ခန့်ရှိကြောင်း လှေသမားက ထိုးဝါးထိုးရင်းပြောပြသည်။

"စွန်ရဲအင်းက အရင်ကဆိုရင် ရေပြင်များတယ်။ ဒေသခံတွေ ငါးရှာကြတယ်။ စွန်ရဲအင်းကို အမှီပြုပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ ဒေသခံတွေလည်း ရှိကြတယ်။ တစ်နှစ်ပတ်လုံး ရေခန်းတယ်လို့တော့ မရှိပါဘူး။ နွေရာသီမှာဆိုရင် အင်းရေကနည်းသွားတာပေါ့။ စွန်ရဲအင်းကို အရပ်က တချို့လူတွေကတော့ အင်းလေးငယ်လို့လည်း ခေါ်ပြောနေကြတာပဲ"ဟုလည်း ပြောပြသည်။



ဟိုး... ခပ်လှမ်းလှမ်းမှာ မြူတွေရစ်သိုင်းနေသော တောင်တန်း၊ တောင်စွယ်များ၊ မလှမ်းမကမ်းတွင် သစ်ပင်အုပ်အုပ်နှင့် ရွာငယ်များ၊ ထန်းပင်၊ ထန်းတောများ၊ ကျေးလက်နေအိမ်နှင့် လယ်တဲအချို့ကို လှမ်းမြင်ရသည်မှာလည်း လွမ်းမောဖွယ်ရာပင်။ အင်းလေးလို တောင်တန်းတွေ ပတ်လည်ဝိုင်းမနေသော်လည်း အင်းလေးအငယ်စားသဖွယ် တည်ရှိနေခြင်းဖြစ်သည်။ စွန်ရဲအင်းက ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၅ မီတာအမြင့်တွင် တည်ရှိနေခြင်းလည်းဖြစ်သည်။

လှေသမားက စွန်ရဲအင်းမြောက်ဘက်ရှိ ကြာတောဆီသို့ ဦးတည်လိုက်ရာ ရှေ့မျက်နှာပြင်တူရူတွင် ရေပြင်ကို ဖုံးလွှမ်းလုနီးပါး ရှင်သန်ပေါက်ရောက်နေသော ကြာခင်းကို လှမ်းမြင်လိုက်ရသည်။ ကြာပန်းခင်း၊ ကြာတောနှင့် တဖြည်းဖြည်း နီးကပ်လာလေလေ ကြာပန်းသင်းရနံ့က မွှေးကြိုင်လာလေလေဟု ခံစားရသည်။ ကျွန်တော်က ငယ်စဉ်ကပင် ကြာပန်းရနံ့သင်းသင်းကို နှစ်သက်သူဖြစ်သည်။ ကြာပန်းရနံ့က အခြားပန်းရနံ့များနှင့်မတူ၊ စိတ်နှလုံးကို ညင်သာနူးညံ့စွာ လှုပ်ခတ်နိုင်စွမ်းရှိသည်ဟု ထင်မှတ်ထားသူဖြစ်ရာ စွန်ရဲအင်းကြာတောအလယ် ရောက်ရှိနေသော ကျွန်တော့်ခံစားချက်က နှိုင်းယှဉ်ဖွယ်မရှိတော့။

လှေသမားက ကြာပင်၊ ကြာရွက်များအကြား လှေကိုဖြည်းဖြည်းချင်း ရွေ့လျားအောင် ထိုးဝါးဖြင့် ထိုးပေးနေသဖြင့် ကျွန်တော်တို့ ကြာတောအလယ်တွင် ရင်သပ်ရှုမော ဖြစ်နေသည်။ ရေပြင်ပေါ်တွင် အပြားလိုက် ဖြန့်ခင်းထားသလို တည်ရှိနေသော ကြာရွက်များ၊ ရေပြင်ပေါ်သို့ ထိုးထွက်နေသော ကြာပင်ကြာရွက်များ၊ ဟိုတစ်နေရာ သည်တစ်နေရာတွင် ပွင့်နေ ဖူးနေသော ကြာပန်းကြာဖူးများက မြင်ကွင်းအသစ်ဖြစ်နေသည်။ အဝေးမှမြင်တွေ့ရသည့် ကြာပန်း၊ ကြာဖူး၊ ကြာပင်များအပေါ်ခံစားမှုနှင့် လှေဖြင့်အနီးကပ် မြင်တွေ့ရသည့် ခံစားမှုက မတူ။

ကြာတောအလယ်တွင် တရွေ့ရွေ့သွားနေရာမှ လှေသမားက လှေကို ရုတ်တရက် ရပ်လိုက်ပြီး "ဓာတ်ပုံရိုက်လို့ရအောင်ပါ"ဟု ပြောသဖြင့် ကျွန်တော် ကင်မရာ ထုတ်ကာ ဓာတ်ပုံများရိုက်ယူရာ တစ်ပုံနှစ်ပုံသာရလိုက်ပြီး ကင်မရာရှက်တာ မပွင့်တော့။ ကြိုးစားကြည့်သော်လည်း မရ။ မတတ်နိုင်၊ လက်ကိုင်ဖုန်းဖြင့်သာ ဓာတ်ပုံများ ရိုက်ယူရတော့သည်။ ခရီးသွားများပြီး သည်ကင်မရာကို အသုံးပြုခဲ့သည့် ကာလကလည်း လေးနှစ်ကျော်ပြီဖြစ်ရာ ချွတ်ယွင်းလာခြင်းဖြစ်မည်။

စွန်ရဲအင်းအတွင်း ပေါက်ရောက်နေသော ကြာပင်၊ ကြာရွက်များကို ဧည့်သည်များ မခူး၊ မနုတ်ရန်နှင့် ထိန်းသိမ်းကြဖို့လိုကြောင်း လှေသမားက ပြောပြနေသည်။ စွန်ရဲအင်းသို့ အဓိကလာရောက်ကြခြင်းမှာ ကြာပင်၊ ကြာရွက်၊ ကြာပန်းများကြောင့် ဖြစ်သည်ဟု ဆိုသည်။

စွန်ရဲအင်းက အခြားအင်းများနှင့်မတူ သွားလာရေးလွယ်ကူသည်။ ကြာတောရှိသည်။ ရေပျော်ငှက်များ ကြည့်ရှုလေ့လာနိုင်သည့်အပြင် အင်းရေပြင်တွင် လှေဖြင့် လှည့်လည်သွားလာနိုင်လေသည်။ ကျွန်တော်တို့ ကြာတောအလယ်မှ ပြန်ထွက်ခဲ့ပြီး အင်းရေပြင်အတွင်း လှေဖြင့် လှည့်လည်သွားလာကြသည်။ ကျွန်တော်တို့လှေနှင့် မလှမ်းမကမ်းတွင် တင်ကျီးတစ်ကောင် ရေငုပ်သွားသည်ကို တွေ့လိုက်ရသလို ခပ်ဝေးဝေးဆီမှ ပျံသန်းလာသော ငှက်အချို့ကိုလည်း လှမ်းမြင်ရသည်။ ငှက်ကြည့်ဝါသနာရှင်အချို့က စွန်ရဲအင်းသို့ လာရောက်သည့်အခါ တစ်နေကုန် နေတတ်၊ လေ့လာတတ်ကြပြီး လှေကိုလည်း တစ်နေကုန် ငှားရမ်းတတ်ကြကြောင်း သိရသည်။

စွန်ရဲအင်းအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနိုင်မည့် ဆောင်ရွက်မှုများကို မပြုလုပ်ရန် ထိန်းသိမ်းထားရာ အင်းအတွင်း စက်တပ်လှေများပင် မောင်းနှင်ခြင်း ခွင့်မပြုထားကြောင်း၊ ဧည့်သည်များကို ရိုးရိုးလှေများဖြင့်သာ လှော်တက်၊ ထိုးဝါးများ အသုံးပြုကာ လိုက်လံပို့ဆောင်ပေးလျက်ရှိကြောင်း လှေသမားက ပြောပြသည်။


စွန်ရဲအင်းသည် တဖြည်းဖြည်း လူသိများလာပြီး လာရောက်ကြသည့်ဧည့်သည်များပြားလျက်ရှိရာ တစ်နေ့လျှင် ဧည့်သည် ၂၀၀ ခန့် လာရောက်ကြကြောင်း သိရသည်။ ဧည့်သည်လာရောက်မှု များပြားလာသည်နှင့်အမျှ လှေသမားများလည်း နေ့စဉ်ဝင်ငွေ ရရှိနေရာ လှေသမားတစ်ဦးလျှင် တစ်နေ့ ၇၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်အထိရသည့်နေ့များရှိကြောင်း သိရသည်။ ခရီးသွား ခရီးစဉ်တစ်ခုဖြစ်လာသည့် စွန်ရဲအင်းကြောင့် ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြပြီဖြစ်သည်။


ကျွန်တော်တို့ စွန်ရဲအင်းရေပြင်တွင် လှေဖြင့် သွားလာကြည့်ရှုပြီးနောက် လှေဆိပ်ဘက်သို့ ပြန်လာခဲ့ကြသည်။ လှေဆိပ်တွင် စွန်ရဲအင်းသို့ လာရောက်ကြသည့် ခရီးသွားဧည့်သည် လေးငါးဦးကို တွေ့ရသည်။ သူတို့လည်း ကြာတောသို့ သွားကြမည့်သူများပင် ဖြစ်မည်။ လှေအစင်း ၅၀ ခန့်ရှိရာ လှေသမားများက အလှည့်ကျစနစ်ဖြင့် တင်ဆောင်ကာ ခရီးသည်များအား ပို့ဆောင်ပေးလျက်ရှိသည်။ စွန်ရဲအင်းသို့ လာရောက်ကြသူများမှာ မန္တလေး၊ ပြင်ဦးလွင်၊ ရန်ကုန်နှင့် အခြားမြို့များမှဖြစ်ပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည်များလည်း လာရောက်ကြသည်ဟု သိရသည်။ နေ့ခင်းအချိန်များတွင် အများဆုံးလာရောက်ကြပြီး ညအိပ်ညနေမရှိကြောင်း လှေသမားက ပြောပြသည်။

ကျွန်တော်တို့ စွန်ရဲအင်းမှ ပြန်တက်ခဲ့ပြီး စွန်ရဲအင်းသို့ ပြန်လှည့်ကြည့်မိသည်။ ယခု မိုးဦးကာလဖြစ်၍ စွန်ရဲအင်းအတွင်းသို့ အရှေ့ဘက် ရှမ်းကုန်းမြေမြင့်မှ စီးဆင်းလာသည့် မိုးရေများ ဝင်ရောက်လာလေပြီ။ အင်းအတွင်းသို့ ဇော်ဂျီမြစ်၏ လက်တက်ဖြစ်သော မင်းရဲချောင်း၊ သင်းတွဲချောင်းများမှ ရေများစီးဝင်သလို ရေထွက်လည်းရှိသဖြင့် ရေဝင်ရေထွက်ရှိသော သဘာဝအင်းတစ်အင်းလည်းဖြစ်သည်။ ဒေသခံများက အင်းအတွင်းတံငါလုပ်ငန်းလုပ်ကိုင်ကြရာ စွန်ရဲအင်းကမ်းစပ်တွင် ငါးကြော်ရောင်းချကြောင်း သိရသော်လည်း ကျွန်တော်တို့ရောက်ရှိချိန်မှာ စောနေသေး၍လားမသိ၊ စွန်ရဲအင်းငါးကြော် မစားခဲ့ရ။


စွန်ရဲအင်းက ပုဂံခေတ်ကတည်းကတည်ရှိခဲ့သော သဘာဝအင်းဖြစ်ပြီး စွန်ရဲကျေးရွာအုပ်စုအတွင်း တည်ရှိသောကြောင့် စွန်ရဲအင်းဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။ စွန်ရဲအင်း၏ အရှေ့တောင်ဘက်တွင် ခမောက်တောင်ရှိပြီး ရှမ်းကုန်းမြေမြင့် တောင်တန်းတောင်စွန်းများက အင်းပတ်လည်တွင် တည်ရှိသဖြင့် သဘာဝရှုခင်းလှပပြီး ဆွဲဆောင်မှုအပြည့်ရှိလေသည်။ ရေပြင်ကိုဖုံးလွှမ်းမတတ် ပေါက်ရောက်နေသော ကြာတောကလည်း ရှုမောဖွယ်ရာ၊ စိတ်နှလုံးကြည်မွေ့ဖွယ်ရာပင်။


ကျွန်တော်တို့ စွန်ရဲအင်းမှအပြန် လမ်းတစ်လျှောက်တွင် ကြာပန်းရနံ့တွေက သင်းသင်းဝေ့ကာ လေညင်းနှင့်အတူ အနီးဝန်းကျင်တစ်ခွင် လွင့်မျောနေဆဲ၊ မွှေးနေဆဲဟု ခံစားရင်း။ ။





HTOO











# မြန်မာသဒ္ဒါသင်ကြားရေး (၁၀)

**မောင်ခင်မင်(ဓနုဖြူ)**

"ဆရာကြီး ဦးဖေမောင်တင်ရဲ့ မြန်မာသဒ္ဒါစာအုပ်တွေမှာ သဒ္ဒါစည်းကမ်းတွေဖော်ပြပြီး သာဓကတွေလည်း အများကြီး ပြထားတဲ့အတွက် လက်တွေ့စာရေးရာမှာ မှန်မှန်ကန်ကန် ရေးနိုင်ဖို့ အထောက်အကူပြုပါတယ်။ မင်းတို့သင်လာခဲ့ရတာ ဆိုတော့ သိမှာပါ"

"ဟုတ်ပါတယ် ဆရာ။ ကျောင်းသုံးမြန်မာသဒ္ဒါတို့၊ မြန်မာဝါကျဖွဲ့ထုံးကျမ်းတို့ ဆရာကြီးရဲ့ အဲဒီစာအုပ်တွေထဲက သာဓကပြထားတဲ့ဝါကျတွေကို လေ့လာပြီး အဲဒီဝါကျတွေ အတိုင်း လိုက်ရေးရင် အသုံးအနှုန်းတွေမှားစရာမရှိဘူးလို့ ထင်ပါတယ် ဆရာ"

"ဟုတ်ပါတယ်။ သဒ္ဒါသဘောတရားတွေ၊ နည်းနာတွေ ဆိုတာက လွယ်လွယ်ကူကူ ထင်သာမြင်သာ မဟုတ်တော့ ခက်တာပေါ့။ သာဓကတွေ ပြလိုက်တော့မှ ထင်သာမြင်သာ ဖြစ်တာလေ။ ဒါကြောင့် ကျောင်းသားတွေကို သဒ္ဒါသင်ရင် သဘောတရားသက်သက်ချည်းမသင်ဘဲ သာဓကများများပြပြီး သူတို့ကို လက်တွေ့ရေးခိုင်းဖို့ သိပ်လိုတာပေါ့"

"ဟုတ်ကဲ့။ ကိုလိုနီခေတ်ဦးပိုင်းက ပေါ်တဲ့သဒ္ဒါတွေနဲ့ ယှဉ်ကြည့်ရင် ဆရာကြီးရဲ့ သဒ္ဒါတွေကသင်လို့ ပိုလွယ် လာတာတွေ့ရပါတယ် ဆရာ။ ဆရာပြောသလို သဒ္ဒါသုံး ဝေါဟာရတွေကအစပေါ့"

"ဟုတ်ပါတယ်။ ဆိုပါတော့ကွာ။ 'လူတစ်ယောက်၊ ခွေးတစ်ကောင်၊ ပုလင်းတစ်လုံး' ဆိုတဲ့ အသုံးတွေထဲက 'ယောက်၊ ကောင်၊ လုံး' ဆိုတဲ့ စကားတွေကို အရင်က သဒ္ဒါတွေမှာ 'ဇာတိသင်္ချာပစ္စည်းစကား'လို့ ခေါ်တယ်။ ဆရာကြီးက 'မျိုးပြ'လို့ခေါ်တော့ နားလည်ရလွယ်တာပေါ့"

"ဟုတ်ကဲ့။ ဆရာပြောဖူးတဲ့အတိုင်း ဆရာကြီးဦးဖိုးစိန်နဲ့ ဆရာကြီးဦးဖေမောင်တင်တို့သုံးတဲ့ ဆိုက်ရောက်ရာ၊ ထွက်ခွာရာ၊ ရှေးရှုရာ၊ နေရာပြ၊ အချိန်ပြ၊ အကြောင်းပြ၊ အသုံးခံဆိုတဲ့ ဝေါဟာရတွေလည်း အခုဆိုရင် သဒ္ဒါသင်ရတဲ့ သူတိုင်းနဲ့ ရင်းနှီးနေပါပြီ ဆရာ"

"ဟုတ်ပါတယ်။ ပြီးတော့ 'နောက်ဆက်'တို့၊ 'ကြိယာထောက်' တို့ဆိုတဲ့ ဝေါဟာရတွေလည်း တော်တော်ပေါ်လွင်ပါတယ်။ မြန်မာစကားရဲ့သဘာဝအရ နာမ်တွေ၊ ကြိယာတွေကို နောက်ကနေဆက်ရတဲ့ စကားတွေမို့ 'နောက်ဆက်' လို့ ခေါ်တာလေ။ 'ဝိဘတ်' လို့သုံးရင်တော့ ပါဠိဆန်တာပေါ့"

"အဲဒီလိုပဲ၊ အရင်က သမ္ဗန္ဓလို့ သုံးတာကိုလည်း ဆရာကြီးက စကားဆက်လို့ မြန်မာဆန်ဆန်သုံးထားတာလေ။ ပုဒ်နှစ်ခု၊ ဝါကျနှစ်ခုကို ဆက်စပ်ပေးတဲ့စကားမို့ စကားဆက်လို့ ခေါ်တာ မဟုတ်လား ဆရာ"

"ဟုတ်ပါတယ်။ ဆရာကြီးတို့ မြန်မာလိုတီထွင်သုံးတဲ့ သဒ္ဒါဝေါဟာရတော်တော်များများကို နောက်ပိုင်း သဒ္ဒါဆရာ တွေကလည်း လိုက်သုံးကြလို့ အသုံးတွင်နေပါပြီ"

"ဟုတ်ပါတယ် ဆရာ"

"ဆရာကြီးရဲ့ သဒ္ဒါဝေါဟာရတွေထဲမှာ ဆယ်ဆတိုး ကိန်းဆိုတဲ့ ဝေါဟာရလည်းပါတယ်။ အခု တွင်တွင်ကျယ်ကျယ် သုံးနေပြီမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

" 'ဆယ်ဆတိုးကိန်း' ဆိုလို့ ပြောရဦးမယ်။ ဆယ်ဆတိုး ကိန်းဆိုတာ ဆယ်ဆတိုးတိုးသွားတဲ့ကိန်းလို့ ဆိုတာမဟုတ်ဘူး နော်။ တစ်ဆယ်ရဲ့ ဆတိုးကိန်းလို့ ဆိုလိုတာ"

"ဟင်... ဘယ်လို။ ရှင်းပြပါဦးဆရာ"

"ဆတိုးကိန်းဆိုတာ သိတယ်မဟုတ်လား။ ကိန်းတစ်ခုကို

> **သဒ္ဒါသဘောတရားတွေ၊ နည်းနာတွေဆိုတာက လွယ်လွယ်ကူကူ ထင်သာမြင်သာ မဟုတ်တော့ ခက်တာပေါ့။ သာဓကတွေ ပြလိုက်တော့မှ ထင်သာမြင်သာ ဖြစ်တာလေ။ ဒါကြောင့် ကျောင်းသားတွေကို သဒ္ဒါသင်ရင် သဘောတရား သက်သက်ချည်းမသင်ဘဲ သာဓကများများ ပြပြီး သူတို့ကို လက်တွေ့ရေးခိုင်းဖို့ သိပ်လိုတာပေါ့**

မူတည်ပြီး နှစ်ဆ၊ သုံးဆ၊ လေးဆ စသည်ဖြင့် အဆတွေ တိုးပွားတဲ့ကိန်းလေ။ 'ဆယ်'ဆိုတာ တစ်ဆယ်ကို အတိုချုပ် သုံးတာလေ။ ဆယ့်ငါးဆိုတာ တစ်ဆယ့်ငါးမဟုတ်လား။ အဲဒီသဘောပေါ့။ ဒီတော့ အဲဒီတစ်ဆယ်ကို မူတည်ပြီး အဆတွေ ၂၀၊ ၃၀၊ ၄၀ စသည်ဖြင့် တိုးတိုးသွားတာ ထောင် ဂဏန်း၊ သောင်းဂဏန်း၊ သိန်းဂဏန်းစသည်ဖြင့် တိုးသွား နိုင်တာပေါ့။ ဆယ်ရဲ့အဆတွေတိုးတဲ့ကိန်းမို့ ဆယ်ဆတိုးကိန်း ပေါ့"

"သြော်... ဟုတ်ကဲ့ နားလည်ပါပြီ ဆရာ။ အမှတ်တမဲ့ဆို တော့ ဆယ်ဆစီတိုးတဲ့ကိန်းလို့ ထင်မိသွားလို့ပါ"

"တစ်နည်းပြောရင် ဆယ်ဆတိုးကိန်းဆိုတာ ၃၀၊ ၅၀၀၊ ၆၀၀၀ စသည်ဖြင့် သုညရဲ့ဆုံးတဲ့ကိန်းတွေမဟုတ်လား ဆရာ။ မျိုးပြသုံးတဲ့အခါမှာ ဆယ်ဆတိုးကိန်းတွေနဲ့ မျိုးပြတွဲသုံးပုံဟာ ဆယ်ဆတိုးကိန်းမဟုတ်တဲ့ ကိန်းတွေနဲ့ မျိုးပြတွဲသုံးပုံနဲ့ မတူဘူးမဟုတ်လား"

"ဟုတ်ပါတယ်။ ဆယ်ဆတိုးကိန်းမဟုတ်ရင် လူငါး ယောက်လို့ သုံးပေမယ့်၊ ဆယ်ဆတိုးကိန်းဆိုရင် လူအယောက် ၅၀၊ ဒါမှမဟုတ် လူ ၅၀ လို့သုံးရတယ်ဆိုတာ ဆရာကြီးရဲ့ မြန်မာသဒ္ဒါစာအုပ်တွေမှာ သေသေချာချာ ရှင်းပြထားပါတယ်။ ဒီအသုံးတွေဟာ လက်တွေ့သုံးနေတာမို့ အရေးကြီးတာပေါ့"

"ဟုတ်ကဲ့ပါ။ ဆရာကြီးရဲ့ 'မြန်မာသဒ္ဒါနှင့်အသုံးအနှုန်း' စာအုပ်လည်း ကျွန်တော်တို့ဆယ်တန်းတုန်းကသင်ရပါတယ် ဆရာ"

"ဟုတ်ပါတယ်ဆရာ"

"အင်း...အဲဒီစာအုပ်ကလေးက ခပ်ပါးပါးပေမယ့်တော် တော်အရေးပါတယ်။ အထူးသဖြင့် အသုံးအနှုန်းပိုင်းမှာ သိ ကောင်းစရာတွေ အများကြီးပါတာပေါ့"

"ဟုတ်ကဲ့ပါ။ ဘယ်လိုသိကောင်းစရာတွေပါလဲဆရာ"

" 'မြုပ်ထားသောကတ္တား'ဆိုတဲ့ အခန်းကိုကြည့်ရအောင်။ ကတ္တားနဲ့ကြိယာမှာ ကတ္တားကိုမြှုပ်ထားတတ်ကြောင်း ဆရာကြီးကသာဓကတွေပြပြီး ပြုလုပ်ဆောင်ရွက်မှုကိုသာ ပြပြီး ပြုလုပ်ဆောင်ရွက်သူကိုမြှုပ်ထားတတ်တဲ့ မြန်မာစကားရဲ့ သဘာဝကိုဖော်ထုတ်ပြထားတယ်လေ။ မြန်မာစကားမှာ ကြိယာဟာ ကတ္တားထက်အရေးကြီးတဲ့အကြောင်းပေါ့။ ဒါဟာ သိမှတ်စရာကောင်းတဲ့ မြန်မာစကားရဲ့ သွင်ပြင်လက္ခဏာ တစ်ခုပဲလေ"

"ဆရာ...အင်္ဂလိပ်စကားမှာတော့ ကတ္တားမြှုပ်ထားလို့ မရဘူးထင်တယ်နော်"

"ဟုတ်ပါတယ်။ အင်္ဂလိပ်စာရေးရင် subject မပါဘဲရေး တဲ့ဝါကျမျိုး ဆရာတော့မတွေ့ရသလောက်ပဲ။ subject မပါရင်သဒ္ဒါအမှန်ဘူးလို့ ပြောနိုင်မယ်ထင်တယ်။ မြန်မာစကား မှာတော့ စကားပဲပြောပြော၊ စာပဲရေးရေး၊ ပြုလုပ်တဲ့သူ၊ ကတ္တားပေါ့၊ အဲဒီကတ္တားကိုမဖော်ပြဘဲထားလို့ရတယ်။ တစ် နည်းဆိုရရင် ဘယ်သူလုပ်တယ်ဆိုတာထက် ဘာလုပ်တယ် ဆိုတာက ပိုအရေးပါတယ်လို့ ဆိုရမှာပေါ့"

"ဟုတ်ကဲ့ပါဆရာ။ ကျွန်မတို့အတွက်မှတ်သားစရာပါ"

"နောက်...ဖြစ်စေ-သို့မဟုတ်-သော်လည်းကောင်း၊ 'သော်လည်းကောင်း၊ သော်လည်း'ဆိုတဲ့အသုံးတွေကို မှန်မှန် ကန်ကန်သုံးနိုင်အောင် သာဓကတွေနဲ့ ပြထားတာလည်း မှတ်သားစရာပဲပေါ့။

"တစ်ခုမေးပါရစေဆရာ။ ဆရာကြီးဦးဖေမောင်တင်ရဲ့ သဒ္ဒါစာအုပ်တွေမှာ 'သော်ငှင်း၊ ငှင်း-ထို-ယင်း'ဆိုပြီး ၄ ဂဏန်းနဲ့တွဲတဲ့ ငှင်းကိုပဲတစ်မျိုးတည်းသုံးတာ တွေ့ရပါတယ်။ အခုပြဋ္ဌာန်းထားတဲ့ သဒ္ဒါမှာတော့'လည်းကောင်း'နဲ့၊ 'ငှင်း' ကိုခွဲပြီး သုံးပြတာတွေ့ရပါတယ်။ အဲဒါရော ဘယ်လိုပါလဲဆရာ"

"သြော်...အရင်းခံစကားလုံးကတော့ 'လည်းကောင်း' ပါပဲ။ ပုဂံခေတ်ကတည်းက 'လည်းကောင်း'ကိုသုံးတာပါ။ အစော ဆုံးမြန်မာစာလို့ ပညာရှင်တွေ သတ်မှတ်ကြတဲ့ မြစေတီ-ရာဇကုမာရ် ကျောက်စာမှာတော့ 'လည်ဂေါင်'လို့စာလုံး ပေါင်းတာပေါ့။ 'လည်းကောင်း'ကို'လေးကောင်း' ဆိုတာမျိုး လည်းရေးတော့'လေးနေရာမှာ ဂဏန်း ၄ ထည့်ပြီး ကောင်းမှာ ပါတဲ့'င်း'နဲ့ တွဲပြီး 'ငှင်း' လို့ အတိုကောက်ရေးတာပါ။ 'လည်းကောင်း'နဲ့'ငှင်း'ဟာအတူတူပါပဲ။ အပြည့်အစုံရေးတာနဲ့ အတိုကောက်ရေးတာပဲ ကွာတာပါ။ ကလေးတွေသင်ရတဲ့ မြန်မာသဒ္ဒါမှာတော့ အသုံးကွဲအောင်ဆိုပြီး 'ငှင်းသည်၊ ငှင်းမြို့သည်' ဆိုတာ မျိုးသုံးရင်'ငှင်း'သုံးပါ။ 'သူသည် လည်းကောင်း၊ ငါသည်လည်းကောင်း'ဆိုတာ ရေးရင် လည်းကောင်းသုံးပါလို့ ခွဲထားတာပါ"

"ဟုတ်ကဲ့ပါ။ ဒါထက် ဒီနေ့မကြာခဏမှားသုံးနေကြတဲ့ မှနဲ့က အသုံးကို ဆရာကြီးဦးဖေမောင်တင်က ခွဲခြားပြထားတယ် မဟုတ်လားဆရာ။ ဆရာ ကျွန်မတို့သင်ခဲ့ရပါတယ်"

"ဟုတ်ပါတယ်။ အထူးသဖြင့် 'မှ'ကထွက်ခွာရာပြ နောက် ဆက်ဖြစ်တယ်။ ကတ္တားနောက်ဆက်မဟုတ်ဘူး ဆိုတဲ့အချက်ကို ဆရာကြီးက ကွဲကွဲပြားပြားပြထားတယ်လေ"

ဆရာကြီးပြတဲ့သာဓကတွေထဲမှာ 'ရာထူးဝန်အဖွဲ့မှ ကြေညာလိုက်သည်'ဆိုတဲ့သာဓကပါတယ်။ ဆရာကြီးက အဲဒီမှ အသုံးဟာ မသင့်ကြောင်း၊'မှ'ကို ကတ္တားနောက်၌လိုက်လေ့မရှိ။ 'ကကိုကား ကတ္တားနောက်၌တွဲနိုင်၏'လို့ရှင်းပြထားတယ်"

"ဟုတ်ကဲ့ပါ"

" 'အထက်လွှတ်တော်မှပြုသည့် အက်ဥပဒေကို အောက်လွှတ်တော်မှအတည်ပြုရ၏'ဆိုတဲ့သာဓကမှာလည်း 'အထက် လွှတ်တော်မှ' ကို 'ပြုသည့်'၏ကတ္တားအဖြစ်၊ 'အောက်လွှတ် တော်မှ'ကို 'အတည်ပြုရ၏'၏ကတ္တားအဖြစ်သုံးထား၏။ မသင့်။ 'အထက်လွှတ်တော်ကပြုသည့် အက်ဥပဒေကို အောက်လွှတ် တော်ကအတည်ပြုရ၏'ဟုနှစ်နေရာစလုံးတွင် ကတ္တားနောက် ဆက်'က'ကိုသုံးရာ၏လို့ သေသေချာချာ ကွဲကွဲပြားပြားရှင်းပြ ထားတယ်လေ"

"သဘောပေါက်ပါတယ်ဆရာ။ ဆရာကြီးဦးဖေမောင်တင် ရဲ့ သဒ္ဒါစာအုပ်တွေကတော့ ဘယ်ခေတ်ကကျောင်းသားပဲ ဖြစ်ဖြစ် ဂရုတစိုက်လေ့လာသင့်တဲ့ သဒ္ဒါစာအုပ်တွေပါပဲဆရာ"

# ကားအတွင်းအချိန်ကြာမြင့်စွာ နေထိုင်ရသည့်ကလေးငယ်များ အပူရှပ်သေဆုံးမှု နှစ်စဉ်ဖြစ်ပွားကြောင်းတွေ့ရှိ

**ကလျာမိုးမြင့်**

ကားထဲမှာ အချိန်ကြာမြင့်စွာနေထိုင်ရမှုကြောင့် အပူရှပ်ပြီးသေဆုံးရတဲ့ ကလေးငယ်အရေအတွက်ဟာနှစ်စဉ်နှစ်တိုင်း ၃၆ ဦးခန့်ရှိနေတာကို တွေ့ရတယ်လို့ စီအင်န်အင်န်သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။ ဒါဟာ မိဘတွေအဖို့ နားမလည်နိုင်တဲ့ အိပ်မက်ဆိုးတစ်ခုလိုဖြစ်နေပါတယ်။

ကားရဲ့အပူဒဏ်ကြောင့် အပူရှပ်ပြီး သေဆုံးရမှုဟာ နေရာတိုင်းမှာ ဖြစ်နိုင်တယ်လို့ဆိုထားပါတယ်။ ပိုပြီးပူအိုက်တဲ့ရာသီတွေမှာ ခုလိုဖြစ်နိုင် တဲ့ အန္တရာယ်ပိုများတယ်လို့သိရပါတယ်။ ကလေးတွေကို ကားထဲမှာ မေ့ပြီးထားခဲ့တာ၊ ဒါမှမဟုတ်ကားတံခါးလော့ကျပြီး ပိတ်မိနေတာ စသဖြင့်မရည်ရွယ်ဘဲ ကားထဲမှာချန်ထားခဲ့မိတာမျိုးတွေဟာ မကြာခဏ ကြုံတွေ့ရတဲ့ကိစ္စ ဖြစ်ပါတယ်။

၁၉၉၀ခုနှစ်ကတည်းကစတင်ဖြစ်ပွားခဲ့တဲ့ ကားကြောင့်အပူရှပ်ပြီး သေဆုံးရတဲ့ဖြစ်စဉ်တွေကို ပညာရှင်တစ်စုကအချက်အလက်ကောက်ယူ ခဲ့ကြပါတယ်။ အချက်အလက်တွေအရ ၂၀၁၀ ပြည့်နှစ်ဟာ ကလေးငယ်တွေ ကားအပူကြောင့် သေဆုံးခဲ့ရမှုအများဆုံးနှစ်ဖြစ်ပြီး ကလေးငယ်၄၉ ဦးအထိသေဆုံးခဲ့တာကို တွေ့ရှိရတယ်လို့ ဖော်ပြထားပါတယ်။ ၂၀၁၅ ခုနှစ်ကတော့ သေဆုံးမှုနှုန်းအနည်းဆုံးဖြစ်ခဲ့ပြီး ၂၄ ယောက်အထိရှိခဲ့ပါ တယ်။

**နေရာဒေသမရွေးဖြစ်ပွားနိုင်**

ကားအတွင်းမှာ ပူလောင်စွာနေထိုင်ရမှုကြောင့် အပူရှပ်ပြီးကလေး ငယ်တွေ သေဆုံးရတဲ့ဖြစ်ရပ်ဟာ အပူချိန်မြင့်တဲ့ဒေသတွေမှာအဖြစ် အများဆုံးလို့ထင်ရပေမယ့် နေရာဒေသတိုင်းနီးပါးမှာ ခုလိုဖြစ်ပွားပြီး သေဆုံးရတဲ့မှတ်တမ်းတွေရှိတယ်လို့ ဆိုထားပါတယ်။

NoHeatstroke အဖွဲ့ကစစ်တမ်းကောက်ယူထားတဲ့စာရင်းဇယား တွေအရ ၁၉၉၈ ကနေ၂၀၁၅ခုနှစ်အထိ တက္ကဆက်ပြည်နယ်မှာ ဒီလို သေဆုံးမှုအဖြစ်အများဆုံးနေရာတစ်ခုဖြစ်ပြီး လူ ၁၀၀ အထိသေဆုံးခဲ့ ပါတယ်။ဖလော်ရီဒါမှာ ၇၂ ဦးရှိပြီး ကယ်လီဖိုးနီးယားမှာ ၄၄ ဦးနဲ့ အရီဇိုးနားမှာ ၃၀၊ မြောက်ကာရိုလိုင်းနားမှာ ၂၄ ဦး သေဆုံးမှုရှိခဲ့ပါတယ်။

တက္ကဆက်နဲ့ ကယ်လီဖိုးနီးယားဟာ ပိုပြီးလူဦးရေထူထပ်တဲ့မြို့တွေ ဖြစ်တာကြောင့် ပိုပြီးသေဆုံးသူအရေအတွက်များတယ်လို့ ရာသီဥတုကို ထည့်မတွက်ဘဲ ကောက်ချက်ချနိုင်ပါတယ်။

**နွေရာသီမှာသေဆုံးမှုပိုမိုအဖြစ်များ**

ပြီးခဲ့တဲ့ရက်သတ္တပတ်များအတွင်းမှာ ကားကြောင့်ဖြစ်ရတဲ့ အပူရှပ် သေဆုံးမှုဖြစ်ရပ်နှစ်ခု တက္ကဆက်ပြည်နယ်မှာဖြစ်ပွားခဲ့ပါတယ်။ မိခင်ဖြစ် သူဟာ ညီအစ်မနှစ်ယောက်ကို မရည်ရွယ်ဘဲ ပူလောင်တဲ့ကားထဲမှာ ၁၅ နာရီကြာအောင်ချန်ထားခဲ့မိတဲ့အတွက် သေဆုံးခဲ့ရခြင်းဖြစ်ပါတယ်။ အာကန်ဆောမှာလည်း ငါးနှစ်အရွယ်ကလေးငယ်တစ်ဦးဟာ ဗင်ကားထဲ မှာတစ်ရက်နီးပါးကြာအောင်ချန်ထားခဲ့တဲ့အတွက် သေဆုံးသွားခဲ့ပါတယ်။

အဆိုးဆုံးဖြစ်ရပ်တစ်ခုလို့မဆိုနိုင်ပေမယ့် ဒီလိုအဖြစ်မျိုးတွေဟာ



အပူချိန်ပြင်းထန်တဲ့နွေရာသီကာလတွေမှာ အဖြစ်များတာကိုတွေ့မြင်နေရပါတယ်။ ဇွန်လကနေဩဂုတ်လ အထိအချိန်တွေဟာလည်း အပူချိန်ပြင်းတဲ့အတွက် သတိထားရမယ့်အချိန်တွေဖြစ်ပြီး ၂၀၁၇ခုနှစ်မှာသေဆုံးသူ အရေအတွက်ပိုမြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းခဲ့ကြပါတယ်။

**(စီအင်န်အင်န်)**

မြန် မာ့ ရိုး ရာ အား က စား

# မြန်မာ့ရိုးရာလက်ဝှေ့ ပရိုအဆင့်တက်လှမ်းနိုင်ရေး ကြိုးပမ်းနေသော AMT ရိုးရာလက်ဝှေ့ကလပ်

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

ယနေ့ မြန်မာ့အားကစားလောကတွင် ရေပန်းစားလာသော ဘောလုံးနှင့်အတူ ဒုတိယနေရာမှ ရပ်တည်လာသည်က ရိုးရာလက်ဝှေ့။ ရိုးရာလက်ဝှေ့အားကစားသည် ကာလတစ်ခုအထိ ငုပ်လျှိုးနေခဲ့သော်လည်း ယနေ့တွင် ပြည်တွင်းသာမက ပြည်ပသို့ပါ အထိုက်အလျောက် ထိုးဖောက် အောင်မြင်မှုရလာသည်မှာ နိုင်ငံတကာပြိုင်ပွဲများက သက်သေပြနေသည်။ ဝါသနာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပွဲစီစဉ်သူများ၊ ကလပ်တည်ထောင်သူများ၊ မျိုးဆက်သစ် အားကစားသမားများ စသည်ဖြင့် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ တဖွဲဖွဲဝင်ရောက်လာမှုက ကာလတစ်ခုအတွင်း ယုံမှားသံသယ ဖြစ်စရာပင်မရှိခဲ့။ စီးပွားရေးအရ ရှုထောင့်မျိုးစုံ၊ ကဏ္ဍမျိုးစုံက ဝင်ရောက်လာမှုများရှိသလို ရိုးရာလက်ဝှေ့လောကကို ဝါသနာအရ မြေတောင်မြှောက်ပေးချင်သော စိတ်ဆန္ဒရှိသူ စီးပွားရေးလုပ်ငန်းရှင်များကလည်း မျိုးဆက်သစ် ရိုးရာလက်ဝှေ့ကလပ်များ စတင်တည်ထောင်ကာ ချင်းနင်းဝင်ရောက်လာသည်များလည်း ရှိနေသည်။ ယင်းအထဲတွင် ရိုးရာလက်ဝှေ့လောက၌ ပထမဆုံး ပရိုအဆင့်တက်လှမ်းနိုင်ရေး ကြိုးပမ်းနေသော AMT ရိုးရာလက်ဝှေ့ကလပ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

AMT ရိုးရာလက်ဝှေ့ကလပ်သည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၅)ရပ်ကွက် မေတ္တာလမ်းတွင် တည်ရှိပြီး စီးပွားရေးလုပ်ငန်းရှင် ဦးမိုးထွန်း တည်ထောင်ထားသော မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကလပ်တစ်ခု ဖြစ်သည်။ ရိုးရာလက်ဝှေ့ကိုဝါသနာအရမြေတောင်မြှောက်ပေးချင်သော စိတ်ဆန္ဒတစ်ခုတည်းဖြင့် မျှားမကြာမီ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းကပင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ကာလအားဖြင့် ခြောက်လတာ ကာလမျှသာ ရှိသေးသော မျိုးဆက်သစ်ကလပ်တစ်ခုဖြစ်သည်။ လတ်တလော မျိုးဆက်သစ် ရိုးရာလက်ဝှေ့အားကစားသမား ငါးဦးကို ပြုစုကျွေးမွေး စောင့်ရှောက်ပေးလျက်ရှိပြီး အခြေခံအဆင့်မှ ပရိုအဆင့်သို့ ပထမဆုံး ပြောင်းလဲကျင့်သုံးသွားမည့် မြန်မာ့ရိုးရာလက်ဝှေ့လောက၏ ပထမဆုံးသော ကလပ်တစ်ခုဖြစ်သည်။ စီးပွားရေးအရ ရိုးရာလက်ဝှေ့လောကသို့ ဝင်ရောက်လာခြင်းမဟုတ်ဘဲ ရိုးရာလက်ဝှေ့ကို ဝါသနာရှင်ပြည်သူတစ်ဦးအနေဖြင့် မြေတောင်မြှောက်ပေးချင်သော ဆန္ဒတစ်ခုတည်းဖြင့် ဖြစ်ပေါ်လာသော ရိုးရာလက်ဝှေ့ကလပ်တစ်ခု ဖြစ်သည်။

"ကျွန်တော် အခုလို ကလပ်တည်ထောင်ဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော် ဝါသနာပါတဲ့အလုပ်ကို တစ်ဖက် စီးပွားရေးကဏ္ဍက အဆင်ပြေလို့ ဝါသနာအရ အကောင်အထည်ဖော်တဲ့သဘောပါ။ ရိုးရာလက်ဝှေ့ကို ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တယ်။ ဝါသနာပါခဲ့လို့လည်း အခုလို ငွေကြေးအကုန်အကျခံပြီး ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ကလေးတွေကို မြေတောင်မြှောက်ပေးနေတာ ဖြစ်တယ်။ သူတို့ဆီက ဘာမှ ကျွန်တော် မမျှော်လင့်ဘူး။ သူတို့လေးတွေ ပွဲတိုင်းထိုးပြီး နိုင်ပွဲရလို့ ပျော်ရွှင်နေရင် ကျွန်တော် ပျော်တယ်။ အဓိက ကတော့ ကျွန်တော်ဝါသနာပါတဲ့ ရိုးရာလက်ဝှေ့လောကကို တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းပါဝင် ကူညီတဲ့သဘောပါပဲ"ဟု အဆိုပါ AMT ရိုးရာ လက်ဝှေ့ကလပ်ကို တည်ထောင်သူ ဦးမိုးထွန်းက ပြောသည်။

ယနေ့ မြန်မာ့ရိုးရာလက်ဝှေ့လောက၌ ပထမဆုံး ပရိုအဆင့်တက်လှမ်းနိုင်ရန် ကြိုးပမ်းနေသော AMT ရိုးရာလက်ဝှေ့ကလပ်တွင် အကြံပေး/ နည်းပြအဖြစ် ရိုးရာလက်ဝှေ့သမားဟောင်း ဦးဇမ္ဗူကျော်၊ ဦးစံလှနှင့် ဦးခင်မောင်သိန်းတို့က ကိုင်တွယ်ပေးလျက်ရှိပြီး ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ကစားသမားများဖြစ်သော ဗိုလ်ဗိုလ်အောင်၊ မျိုးနိုင်ဦး၊ ဇမ္ဗူထွန်း၊ စိုးမိုးနိုင်နှင့် နိုင်အောင်မိုးတို့ကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ဗိုလ်ဗိုလ်အောင်သည် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ဇာတိဖွားဖြစ်ပြီး အသက် ၁၈ နှစ်၊ ကီလိုဝိတ်တန်း ၆၃ ကီလို၊ အရပ် ၅ ပေ ၅ လက်မရှိကာ လက်ရှိ ယှဉ်ပြိုင်ထိုးသတ်ထားသော ပွဲပေါင်းသုံးပွဲတွင် နှစ်ပွဲနိုင် တစ်ပွဲသရေရလဒ် ပိုင်ဆိုင် ထားသော မျိုးဆက်သစ် လက်ဝှေ့သမားတစ်ဦး ဖြစ်သည်။ မျိုးနိုင်ဦးကတော့ မွန်ပြည်နယ် ရေးမြို့နယ်ဇာတိဖွားဖြစ်ပြီး အသက် ၁၉ နှစ်၊ ကီလိုဝိတ်တန်း ၅၇ ကီလို၊ အရပ် ၅ ပေ ၆ လက်မရှိကာ လတ်တလော ယှဉ်ပြိုင်ထိုးသတ်ထားသော မျိုးဆက်သစ်ပွဲနှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ် ရရှိထားသူတစ်ဦးဖြစ်သည်။ မြောင်းမြမြို့နယ်ဖွား မျိုးဆက်သစ်လက်ဝှေ့သမား ဇမ္ဗူထွန်းကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူးအားကစားသမားဟောင်းဖြစ်ပြီး အသက် ၂၇ နှစ်၊ ကီလိုဝိတ်တန်း ၆၃ ကီလို၊ အရပ် ၅ ပေ ၆ လက်မရှိကာ ယှဉ်ပြိုင်ထိုးသတ်ထားသော ရိုးရာလက်ဝှေ့နှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ် ပိုင်ဆိုင်ထားသည်။ အသက် ၁၇ နှစ်အရွယ် မျိုးဆက်သစ် အားကစားသမား နိုင်အောင်မိုးကတော့ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ဖွားဖြစ်ပြီး အရပ် ၅ ပေ ၇ လက်မ၊ ကီလိုဝိတ်တန်း ၅၇ ကီလိုရှိကာ မြေဝိုင်းနှင့် မျိုးဆက်သစ်အပါအဝင် ခုနစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ထားရာ ခြောက်ပွဲနိုင် တစ်ပွဲသရေရလဒ် ရရှိထားပြီး လတ်တလော ရိုးရာလက်ဝှေ့လောကတွင် သွေးသစ်ဝင်းလှိုင်၏ ထိုးလုံးထိုးပေါက်များကို ကြိုက်နှစ်သက်ကာ ဝိတ်တန်းအလိုက် ချန်ပီယံရွှေခါးပတ်ရရှိရန် ကြိုးစားလေ့ကျင့်နေသော မျိုးဆက်သစ် အားကစားသမားတစ်ဦးဖြစ်သည်။ နောက်ဆုံး မျိုးဆက်သစ် အားကစားသမားတစ်ဦးဖြစ်သည့် စိုးမိုးနိုင်ကတော့ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဇာတိဖွားဖြစ်ပြီး အရပ် ၅ပေ ၆ လက်မ၊ ကီလိုဝိတ်တန်း ၆၀ ကီလိုရှိကာ အင်္ဂလိပ် ကစ်ဘောက်ဆင် အားကစားသမားဟောင်းတစ်ဦး ဖြစ်သည်။ ကစ်ဘောက်ဆင်ကို သုံးနှစ်ကျော်ကစားခဲ့ပြီး ရိုးရာလက်ဝှေ့၏ ကျော်ကြားလာမှုအပေါ် စိတ်ဝင်စားလာခြင်းကြောင့် ယခုကဲ့သို့ ရိုးရာလက်ဝှေ့ဘက်သို့ ကူးပြောင်းလာခြင်းဖြစ်ကာ အောင်မြင်ကျော်ကြားသည့် ရိုးရာလက်ဝှေ့သမားကောင်းတစ်ဦးဖြစ်သည်အထိ ကြိုးစားသွားမည့် မျိုးဆက်သစ် လက်ဝှေ့မောင်တစ်ဦးဖြစ်သည်။



AMT ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ကလပ် နည်းပြ/အကြံပေး ဆရာဦးဇမ္ဗူကျော်က "ဒီ AMT မျိုးဆက်သစ် ရိုးရာလက်ဝှေ့ကလပ်ကို စနစ်တကျနဲ့ ပရိုပုံစံဝင်အောင် ကြိုးစားပေးသွားမှာပါ။ လက်ရှိ မျိုးဆက်သစ်အားကစားသမား ငါးဦးထဲက လေးဦးလောက်ကို ပထမတန်းဝင်အောင် ကိုင်တွယ်ပေးပြီး ရိုးရာလက်ဝှေ့ကို မိမိတတ်နိုင်တဲ့ဘက်က အဆင့်မြှင့်သွားပေးချင်တယ်။ ခုနောက်ပိုင်း ရိုးရာလက်ဝှေ့မှာ အရင်တုန်းက နည်းစနစ်ပိုင်းတွေဖြစ်တဲ့ ဂလန့်ဒူး၊ ရောဒူး၊ အချုပ်သိုင်း၊ ငရုံတံတောင်ပိတ်၊ ခေါင်းဗလာ၊ ရှမ်းချုပ်စတဲ့ ရိုးရာလက်ဝှေ့ရဲ့ အခြေခံပညာရပ်တွေဖြစ်တဲ့ သတ်ကိုးသတ်၊ မောင်းကိုးမောင်းက တဖြည်းဖြည်း ပျောက်လာတယ်။ ဒါကလည်း ရိုးရာလက်ဝှေ့ကို တစ်ပွဲမှ ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးတဲ့ အတွေ့အကြုံမရှိဘဲ ပတ်ကိုင်တတ်ရုံနဲ့ ယနေ့ခေတ်မှာ ကလပ်ဆရာဝင်လုပ်နေတဲ့သူတွေကြောင့် အခုလို နည်းစနစ်ပိုင်းဆိုင်ရာတွေ ယုတ်လျော့လာတာဖြစ်တယ်။ အခုလို မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံတကာက စိတ်ဝင်စားလာတဲ့အချိန်မှာ ဒီပညာရပ်တွေကို ပြန်လည်ဖော်ထုတ်ပေးဖို့ မဖြစ်မနေ လိုအပ်လာတယ်။ တချို့ ကစားသမားအချို့ဆို ပထမတန်းသာ ရောက်လာတယ်၊ လက်ခမောင်း မခတ်တတ်သေးဘူး၊ ကြိုးမခုန်တတ်သေးဘူး။ ဒါတွေ ပိုပိုများလာတယ်။ တကယ်တော့ ခုနောက်ပိုင်း အားနည်းလာတဲ့ နည်းစနစ်ပိုင်းမှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့က မဖြစ်မနေ လိုအပ်လာတယ်။ အထူးသဖြင့် ကျွန်တော်တို့ ရိုးရာလက်ဝှေ့အနေနဲ့ မွေထိုင်းလို စည်းစနစ်တကျ ထိုးဖောက်ဖို့အချိန် ရောက်လာပြီ။ ဒါကြောင့် အခု AMT ရိုးရာလက်ဝှေ့ကလပ်ကို ပရိုပုံစံသွားဖို့ ကျွန်တော် ကလပ်ပိုင်ရှင်နဲ့ တိုင်ပင်ဆုံးဖြတ်ခဲ့တာ ဖြစ်တယ်"ဟု ပြောသည်။

လတ်တလော မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ခုံဒိုင်အဖွဲ့တွင် ပါဝင်ထမ်းဆောင်နေသော AMT ရိုးရာလက်ဝှေ့ကလပ် နည်းပြ/အကြံပေး ဦးဇမ္ဗူကျော်သည် ၁၉၈၆ ခုနှစ်ဝန်းကျင်က လက်ဝှေ့သမားဟောင်းဖြစ်ခဲ့ပြီး ၃၉ ပွဲ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ၁၅ ပွဲနိုင် ၁၄ ပွဲသရေနှင့် ၁၀ ပွဲရှုံးရလဒ် ပိုင်ဆိုင်ခဲ့သော လက်ဝှေ့သမားဟောင်းတစ်ဦး ဖြစ်သည်။ ဆရာသီဟရာဇာနှင့် ယခုလက်ရှိ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ခုံဒိုင်ချုပ် ဆရာဦးဒေါင်းနီတို့၏ တပည့်အရင်းဖြစ်သည်။ ယင်းခေတ် လက်ဝှေ့သမားဘဝမှာ ပွဲခြားခဲ့ပြီး တစ်နှစ်ပတ်လုံး တစ်ပွဲ၊ နှစ်ပွဲလောက်သာ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရကာ တစ်ဖက်တွင် ရရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ရသည်က ယနေ့ခေတ် ရိုးရာလက်ဝှေ့သမားဘဝနှင့် ကွာခြားလွန်းခဲ့သည်။ ကုန်တင်ကုန်ချ အပါအဝင် ရရာအလုပ်လုပ်ရင်း အားသည့်ရက်မှသာ လက်ဝှေ့ထိုးခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုးကြေးမှာလည်း ယနေ့ခေတ်ထိုးကြေးနှင့် ကွာခြားမှုများ ရှိကြောင်း ဦးဇမ္ဗူကျော်က ဆိုသည်။

"ကျွန်တော်ကတော့ ဒီ AMT ရိုးရာလက်ဝှေ့ကလပ် စတင်တည်ထောင်ကတည်းက နည်းစနစ်ပိုင်းဆိုင်ရာအတွက် မျိုးဆက်သစ်တွေကို သင်ပေးနေပါတယ်။ အဓိကကတော့ လက်သီးပိုင်းဆိုင်ရာပေါ့။ ဖိုက်တာ၊ ကောင်တာ ဘယ်လိုကစားရမယ်ဆိုတဲ့ နည်းစနစ်ပိုင်းဆိုင်ရာအတွက် ပြသပေးတာပါ။ အခုနောက်ပိုင်း ရိုးရာလက်ဝှေ့လောကမှာ ကစားသမားတွေအနေနဲ့ လက်သီးပါဝါ စွမ်းအားကို အရင်ကစားသမားတွေလောက် ပြသမှုအားကနည်းနေတယ်။ တချို့ဆို လက်ဝှေ့ကစားသမားသာဖြစ်ပေမယ့် လက်သီးကောင်းကောင်း မထိုးတတ်သေးဘူး။ အဲဒီလိုအပိုင်းတွေကို အဓိကသင်ပြပေးနေပါတယ်" ဟု AMT ရိုးရာလက်ဝှေ့ကလပ် နည်းစနစ်ပိုင်းဆိုင်ရာ နည်းပြဆရာ ဦးစံလှက ပြောသည်။

AMT ရိုးရာလက်ဝှေ့ကလပ်တွင် သက်လုံပိုင်းဆိုင်ရာနှင့် နည်းစနစ်အပိုင်းကို ကိုင်တွယ်နေသော ကစ်ဘောက်ဆင်ဆရာ ဦးခင်မောင်ထွန်းကလည်း "ကစားသမားတွေအတွက် သက်လုံပိုင်းဆိုင်ရာ လိုအပ်ချက်တွေနဲ့ လက်သီးအခြေခံပိုင်းဆိုင်ရာ တိုးတက်မှုအပိုင်းကို ကိုင်တွယ်ပါတယ်။ အခု ကလေးတွေကို သုံးချီ/လေးချီပဲ ပေးထိုးတယ်ဆိုပေမယ့် ငါးချီလောက်အထိ ခံနိုင်ရည်ရှိအောင် ပြင်ဆင်ပေးထားပါတယ်။ သူတို့ရဲ့ စိတ်ခံစားမှုအပေါ် မူတည်ပြီး ကျွန်တော့်အနေနဲ့ကတော့ ဒီကလေးတွေကို အလွတ်တန်းချန်ပီယံအထိဖြစ်အောင်နဲ့ ပရိုအဆင့်ဝင်အောင် အတတ်နိုင်ဆုံး ဝိုင်းဝန်းကြိုးပမ်း လမ်းပြပေးသွားမှာပါ" ဟု ပြောသည်။

မြန်မာ့ရိုးရာလက်ဝှေ့လောကသည် တစ်ခေတ်တစ်ခါကကဲ့သို့ ပြန်ပြောင်းတောက်ပလာကာ မွေထိုင်းပမာတစ်စတစ်စတက်လှမ်းလာပြီဖြစ်ခြင်းကြောင့် ကမ္ဘာတစ်လွှား ပရိုအဆင့်တက်လှမ်းနေသော မွေထိုင်းကလပ်များကဲ့သို့ AMT မြန်မာ့ရိုးရာလက်ဝှေ့ကလပ်သည်လည်း ဆရာသုံးဦး၏ စွမ်းပကားဖြင့် မျိုးဆက်သစ် ငွေကြယ်ပွင့်လေးများ၏ ပရိုအဆင့်တက်လှမ်းနိုင်မှုကို ကာလတစ်ခုကြာတွင် မြင်တွေ့ရတော့မည်ဖြစ်ပါကြောင်း။ ။



ခ ရီး သွား ဆောင်း ပါး

# သမိုင်းဝင် ပွင့်ပေါ်တော်မူရွှေဂူကြီးစေတီတော်သို့ တစ်ခေါက်

**ရဲရဲ(ပျဉ်းမနား)**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ လက်ပြတိုင်မှ အနောက်ဘက် ချိုးဝင်လိုက်သည့်အခါ ကျောက်ဆည်-တံတားဦး ကားလမ်းကို တွေ့ရသည်။ အဆိုပါကားလမ်းအတိုင်း စာရေးသူ၏မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာ မောင်းနှင်လာရာ လမ်းတစ်လျှောက် မိုးရွာသွန်းထားသောကြောင့် ပတ်ဝန်းကျင်တစ်ခွင်တွင် လန်းဆန်းစိုပြည်နေသည်။ မိုင်တိုင်ခြောက်မိုင်ကျော်တွင် ညောင်ပင်ဇောက်ကျေးရွာသို့ ရောက်ရှိလာရာ ကျေးရွာရှေ့၌ တမုတ်ရွှေဂူကြီးစေတီတော်မြတ်သို့သွားသော မြေနီလမ်း အဝင်မုခ်ဦးကြီးကို တွေ့မြင်ရသည်။ အဆိုပါ မြေနီလမ်းအတိုင်း တစ်ဖာလုံခန့် ဆက်လက်မောင်းနှင်လာလျှင် ပွင့်ပေါ်တော်မူ ရွှေဂူကြီးစေတီတော်မြတ်ကို ဖူးမြော်တွေ့မြင်နိုင်သည်။



တမုတ်ရွှေဂူကြီးစေတီတော်သည် ကြောင်ပန်းကုန်းကျေးရွာ၊ ညောင်ပင်ဇောက်ကျေးရွာနှင့် ငယ်တိုးကျေးရွာများ၏ အလယ်ဗဟို၊ တမုတ်မြို့ဟောင်းကုန်း၏ အတွင်းဘက် အရှေ့တောင်ထောင့်တွင် ကပ်လျက်တည်ရှိနေသည်။ လယ်တွင်း ၁၁ ခရိုင် မြို့များအနက် ပန်းလောင်မြစ်ရိုးတစ်လျှောက်တွင် အနော်ရထာမင်းကြီးသည် ရွှေဂူကြီးကိုးဆူကို တည်ဆောက်ခဲ့ကြောင်း၊ ရွှေဂူကြီးကိုးဆူတွင် ဤတမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်(ဂူဘုရားကြီး)တစ်ဆူလည်း အပါအဝင်ဖြစ်ကြောင်း၊ တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်သည် နှစ်ပရိစ္ဆေဒ ကြာမြင့်လာသည့်အခါ ပျက်စီးယိုယွင်းမှုရှိလာ၍ ထိန်းသိမ်းပူဇော်သည့်အနေဖြင့် ပုဂံခေတ်နှောင်း (၁၂)ရာစုနှောင်းပိုင်းတွင် နရပတိစည်သူမင်းကြီးက မူလစေတီတော်ပုံအထွတ်တင် တစ်ထပ်ဂူဘုရားငယ်ကို ကွန်းတောင်ပါ နှစ်ထပ်ဂူဘုရားအဖြစ် ပြောင်းလဲပြုပြင်၍ အတွင်း၌ ဆင်းတုတော် အကြီးအငယ်များ၊ အပြင်မှ အနုစိတ်လှသော ကနုတ်ပန်းများ၊ လူ၊ နတ်၊ ပြဟ္မာ၊ ကိန္ဒရာနှင့် တိရစ္ဆာန်ရုပ်ပုံမျိုးစုံတို့ဖြင့် အလှဆင်ခဲ့ကြောင်း သိရသည်။

သက္ကရာဇ် ၆၈၄ ခုနှစ် ပင်းယခေတ် ဥစ္စနာမင်းကြီးလက်ထက်တွင် စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်တို့ကို ထပ်မံလွှမ်းငုံ၍ ရွှေစည်းခုံစေတီတော်ကြီးအဖြစ် စုပေါင်း၍ တည်ဆောက်ခဲ့ကြောင်း၊ ထိုသို့ လွှမ်းငုံခဲ့သော ပုဂံရွှေစည်းခုံပုံတော် ဖိနပ်တော်အလျား အတောင် ၆၀ ရှိ အပြင်စေတီတော်ကြီးအတွက် လိုအပ်သည့် အုတ်ချပ်များကို တမုတ်မြို့ရိုးမှ တူးဖော်၍ သယ်ယူခဲ့ကြောင်း၊ လွှမ်းငုံ၍တည်ထားခဲ့သော အပြင်စေတီတော်သည် ပင်းယပြိုပျက်သည်နှင့် ပြုပြင်ထိန်းသိမ်းမှုကင်းကွာပြီး သဘာဝရာသီဥတုဒဏ်ခံရ၍ ဆွေးမြည့်ပြိုကျပျက်စီးကာ အုတ်ပုံကြီးအဖြစ် ရောက်ရှိခဲ့ကြောင်း၊ စေတီတော်ကြီးနှင့် တကွ ၁၃ ဒသမ ၆၂ ဧက အကျယ်ရှိ ဘုရားကုန်းမြေတစ်ခုလုံး တောချုံနွယ်များ ဖုံးလွှမ်းနေခဲ့ရာ သက္ကရာဇ် ၁၂၇၇ ခုနှစ်တွင် ပြိုပျက်နေသော အဆိုပါ အုတ်ကုန်းတော်ကြီးထိပ် မျက်နှာပြင်တွင် စိန်ဖူးတော်အထိ ဉာဏ်တော် ၂၁ ပေရှိ ကိုးတောင်ပြည့်စေတီတစ်ဆူအား ကြောင်ပန်းကုန်းရွာနေ ဘုရားဒါယကာ ဦးစံထွေးက ရွာသူရွာသားများနှင့်အတူ တည်ထားပူဇော်ခဲ့ကြောင်း၊ ထိုမှတစ်ဖန် ၁၉၉၃ ခုနှစ်၌ ဆရာတော် အရှင်စန္ဒောဘာသသည် ရွှေဂူကြီးဘုရားသို့ ကြွရောက်လာပြီး သီတင်းသုံးနေထိုင်၍ ရွာသူရွာသားများနှင့်အတူ စုပေါင်းကာ မြောက်ဘက်မုခ်မှစပြီး သန့်ရှင်းရေးလုပ်ငန်းများ မကြာခဏ ဆောင်ရွက်ခဲ့ကြောင်း ဆရာဦးဝင်းမောင်(တမ္ပဝတီ)ပြုစုသည့် သမိုင်းမှတ်တမ်းအရ သိရသည်။

ရွှေဂူကြီးစေတီတော် ပွင့်ပေါ်တော်မူလာပုံကို စေတီတော်မြတ်ကြီး၏ ဂေါပကဖြစ်သူ ဆရာဦးမျိုးအောင်က စာရေးသူအား ရှင်းပြခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၉၃ ခုနှစ်အရောက်တွင် ကျောက်ဆည်မြို့နယ် ငယ်တိုးကျေးရွာဇာတိ အမရပူရမြို့ မဟာဂန္ဓာရုံတိုက်မှ ဆရာတော်အရှင်စန္ဒောဘာသက ယခုစေတီတော်ကြီးရှိရာနေရာသို့ ကြွရောက်သီတင်းသုံးရင်း ရွာသူရွာသားများနှင့်အတူ စုပေါင်း၍ စေတီတော်ကြီး ပတ်ဝန်းကျင်သန့်ရှင်းရေး မကြာခဏဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၄ ခုနှစ်အတွင်း တစ်နေ့တွင် စေတီတော်မြောက်မုခ်အထွက်မှ လင်းနို့ငှက်များ ဝင်လိုက်ထွက်လိုက် ပျံသန်းနေသည်ကို တွေ့မြင်ရ၍ ဂေါပကအဖွဲ့က ဆရာတော်ကိုလျှောက်တင်ပြီး အုတ်ကျိုး၊ အုတ်ပဲ့များ ရှင်းလင်းဖော်ထုတ်ခွင့်တောင်း၍ အုတ်ကျိုး အုတ်ပဲ့များကို တဖြည်းဖြည်းချင်း ဆွဲခွာကြည့်ရာ ပင်မတိုက်မကြီးရှိ ဆင်းတုတော်ကြီး၏ မျက်နှာတော်ပိုင်းကို ထူးဆန်းစွာ တွေ့ရှိရကြောင်း၊ မန္တလေးမြို့မှ မြန်မာဗိသုကာပညာရှင် ဆရာဦးဝင်းမောင်(တမ္ပဝတီ)က စေတီတော်မြတ်ကြီးသို့ ရောက်ရှိလာပြီး လေ့လာရာ ပုဂံခေတ် နှစ်ထပ်ဂူဘုရားကြီးဖြစ်နိုင်ကြောင်းနှင့် ရှေးဟောင်းသုတေသနဌာနသို့ တူးဖော်ခွင့်တောင်းခံပြီး ခွင့်ပြုချက်ရရှိမှသာ ဆက်လက်တူးဖော်ကြရန်ပြောဆိုသဖြင့် ဂေါပကအဖွဲ့နှင့် ရွာသူရွာသားများက စေတီတော်ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကိုသာ လုပ်ကိုင်ခဲ့ပြီး ရှေးဟောင်းသုတေသနဌာနသို့ တူးဖော်ခွင့်တောင်းခဲ့ကြောင်း သိရသည်။

၂၀၀၈ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြုပြင်ခွင့်အမိန့် ရရှိခဲ့ပြီးနောက် ရွာသူရွာသား လုပ်အားရှင် ၂၀၀ ကျော်၏ လုပ်အားဒါနဖြင့် စတင်ပြီး အုတ်ကျိုးအုတ်ပဲ့များကို ရှင်းလင်းဖယ်ရှားခဲ့ရာ နောက်ပိုင်းကာလများတွင် ရပ်ဝေးရပ်နီးမှ ပုဂ္ဂိုလ်များ၊ ဌာနစုံမှ ဝန်ထမ်းများ၊ ဆရာဆရာမများ စသည်ဖြင့် ပုံမှန် လုပ်အားအလှူရှင် ၅၀၀ ကျော်၊ ဥပုသ်သီတင်းနေ့များတွင် အင်အား ၁၅၀၀ ကျော်ဖြင့် အုတ်ကျိုးအုတ်ပဲ့များကို ရှင်းလင်းဖယ်ရှားခဲ့ကြောင်း၊ ၂၀၀၉ စက်တင်ဘာလတွင် အင်္ဂတေ ပန်းတော့ အနုစိတ်လက်ရာများ အပြည့်ပါရှိသော ပုဂံခေတ် နှစ်ထပ်ဂူဘုရားကြီး လုံးဝပေါ်ထွက်လာခဲ့ပြီး အပြင် လွှမ်းငုံစေတီတော်ကြီး၏ ပန္နက်ပုံ၊ ဖြတ်ပိုင်းပုံများကို သိရှိနိုင်ရန် အချို့သော အုတ်ရိုးများကို မူလအတိုင်း ချန်လှပ်ထားခဲ့ကြောင်း၊ ဂူဘုရားကြီး၏ အနောက်မြောက်ထောင့်တွင် အနောက်ဘက်အုတ်ရိုး ဆင်းတုတော်ကြီးတစ်ဆူ၊ ဝဲယာတွင် ဆင်းတုတော်ငယ်နှစ်ဆူပါရှိသော သိမ်တော်ကြီးတစ်ဆောင်၊ ဂူဘုရားကြီး၏ အနောက်တောင်ထောင့်တွင် အလျား ၃၆ ပေ၊ အနံ ၁၂ ပေခန့်ရှိသည့် အုတ်ရိုးအတွင်း၌ ကျောချင်းကပ် အုတ်ရိုးဆင်းတုတော်ငယ်နှစ်ဆူတို့ ပေါ်ထွက်လာခဲ့ကြောင်း၊ ဆက်လက်ပြီး အသေးစိတ်တူးဖော်ခဲ့ရာ ဆင်းတုတော်များ၏ အောက်ခံကြမ်းပြင်များမှာ သုံးဆင့်သုံးထပ်စီ ရှိနေသောကြောင့် သုံးထပ်ဆင်းတုတော်များအဖြစ် ထူးဆန်းစွာ တွေ့မြင်ခဲ့ရကြောင်း၊ တွေ့ရှိရသော ပလ္လင်တော်များမှာ အရွယ်တူ အမြင့်တူဖြစ်၍ ပထမခေတ် ဆင်းတုတော်ကို ဒုတိယခေတ် ပလ္လင်တော်က ငုံ၍ တည်ထားခဲ့ပြီး ဒုတိယခေတ်ဆင်းတုတော်ကို နောက်ဆုံးခေတ် ပလ္လင်တော်က ငုံ၍ တည်ထားခဲ့သည်ကို တွေ့ရှိရသလို ဆင်းတုတော်များအားလုံး၌ မြေမီးဖုတ်ခရုခွေဆံတော်များ စိုက်ထားသည်ကို တွေ့ရှိရကြောင်း သိရသည်။



ရှေးခေတ်အဆက်ဆက်မှ တည်ထားကိုးကွယ်ခဲ့သော ရှားပါးလှသည့် ပုဂံခေတ် ပန်းတော့၊ အင်္ဂတေပန်းလက်ရာများ ပါရှိသည့် ဂူဘုရားကြီးမှာ အုတ်ပုံကြီးအတွင်းမှ ထူးဆန်းစွာ ပေါ်ထွက်လာပြီးနောက် သဘာဝဘေးအန္တရာယ်များမှ ထာဝရ ကာကွယ်စောင့်ရှောက်နိုင်ရန် ဂူဘုရားကြီးကို အပေါ်မှလွှမ်းငုံ၍ အချင်းပေ ၁၂၀ ရှိ စက်လုံးခြမ်း၊ သံမဏိခုံအမာခံ မှန်အမိုးကြီးများဖြင့် ဂန္ဓကုဋိတိုက်တော်ကြီးကို ယနေ့အချိန်တွင် ခိုင်မာစွာ တည်ဆောက်ထားပြီးဖြစ်ကြောင်းလည်း သိရသည်။

ထို့အပြင် တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်ကြီး ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းငါးရပ်ဖြစ်သည့် အတွင်းမှ ပွင့်ပေါ်လာသောဂူဘုရားကြီး ကြံ့ခိုင်စေရန် ပြုပြင်ခြင်း လုပ်ငန်း၊ အပြင်မှလွှမ်းငုံခဲ့သော စေတီတော်မြတ်ကြီး၏ လက်ကျန်များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း၊ ပွင့်ပေါ်လာသော ဆင်းတုတော်များကို ရှေးမူမပျက် ခေတ်အလိုက် ပြုပြင်ခြင်းလုပ်ငန်း၊ စေတီတော်မြတ်ကြီး၏ပတ်ဝန်းကျင် ပြုပြင်ခြင်းလုပ်ငန်း၊ ရာသီဥတုဒဏ် ကာကွယ်ခြင်းလုပ်ငန်းများကို ဩဝါဒါ စရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ရှေးမူမပျက် ဆက်လက်ထိန်းသိမ်းလျက်ရှိကြောင်း စေတီတော်ကြီး၏ဂေါပက ဆရာဦးမျိုးအောင်က ရှင်းပြခဲ့သည်။

မြန်မာနိုင်ငံအတွင်းရှိ အမြို့မြို့အနယ်နယ်မှ ပြည်သူများအနေဖြင့် ကျောက်ဆည်မြို့သို့ ရောက်ရှိပါက ရှေးဟောင်းသမိုင်းဝင် ‘ပွင့်ပေါ်တော်မူ တမုတ်ရှင်ပင်ရွှေဂူကြီး’ စေတီတော်မြတ်ရှိရာသို့ အရောက်လှမ်း၍ ဖူးမြော်ပူဇော် လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ပါသည်။ ။




Red Bull
ကျွဲရိုင်း ရဲ့
အသစ်ပြောင်းလဲလိုက်သော
အလူမီနီယံဘူးသစ်
အသစ်!
TAURINE
Taurine က ခန္ဓာကိုယ်ဖွဲ့ စည်းပုံကို တိုးတက်စေတယ်။
စွမ်းဆောင်ရည်ကို မြှင့်တင်ပြီး အာရုံစူးစိုက်မှုကို အားကောင်းစေတယ်။
Taurine
B-COMPLEX
B-Complex က ဦးနှောက်နဲ့ အာရုံကြောကို
အထောက်အကူ ဖြစ်စေပြီး တွေးခေါ်စဉ်းစားမှုကို ထက်မြက်စေတယ်။
B Complex
CAFFEINE
ခန္ဓာကိုယ်လှုပ်ရှားမှုနှင့် တွေးခေါ်စဉ်းစားမှုကို
လန်းဆန်းထက်မြက်စေတယ်။
Caffeine
KRATINGDAENG
Red Bull
ENERGY DRINK
PACK OF 6 CANS
6X CANS 250ml
ENERGY DRINK
Red Bull
ဆိုင်တိုင်းတွင်
အလွယ်တကူ
ရနိုင်ပါပြီ။
Red Bull Myanmar ကို Like လုပ်ခြင်းဖြင့်
ပျော်ရွှင်စရာ အတွေ့အကြုံများကို ရယူခံစားလိုက်ပါ။
https://www.facebook.com/redbullmyanmar/


မြန်မာ့ရှေ့ဆောင်ဘဏ်®
ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်
MAB Savings
ငွေစုဘဏ်စာရင်း
မြန်မာ့ရှေ့ဆောင်ဘဏ်® Myanma Apex Bank®
ငွေစာရင်းစာအုပ် SAVINGS DEPOSIT PASS BOOK
INTEREST DAILY
နေ့စဉ်အတိုးတွက်
INTEREST %
အတိုးနှုန်း ၈.၅%
INTEREST QTLY
၃လတစ်ကြိမ်အတိုးထည့်
အတိုးတွက်နမူနာပုံစံ (Sample Interest Formula)

| Date | Code | Withdrawal | Deposit | Balance |
|---|---|---|---|---|
| 01.05.2017 | CHD | | 500,000.00 | 500,000.00 |
| 05.05.2017 | CHD | | 500,000.00 | 1,000,000.00 |
| 15.05.2017 | CHW | 700,000.00 | | 300,000.00 |
| 29.05.2017 | CHD | | 1,000,000.00 | 1,300,000.00 |

ယခင်အတိုးတွက်ပုံစံ
(အတိုးတွက်သည့်လ၏ အနိမ့်ဆုံးလက်ကျန် x ၁နှစ်အတွက် အတိုး) / (၁၀၀ x ၁၂) = ရရှိမည့် အတိုး
May လအတွက် ခံစားရမည့် အတိုး = ၂,၁၂၅ကျပ်
ယခုအတိုးတွက်ပုံစံ
(နေ့စဉ် လက်ကျန် x ၁နှစ်အတွက် အတိုး) / ၃၆၅ x စုစုပေါင်း ရက် = ရရှိမည့် အတိုး
May လအတွက် ခံစားရမည့် အတိုး = ၄,၆၈၀.၀၀ကျပ်
Scan QR Code with your Smart Phone to Find MAB Branches
Hotline: (951) 8610612

- စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
- လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော...

ကကတ-၁၃/၂၂/၂၃၅

# UEC

United Education Centre

ကိုယ်ပိုင်အထက်တန်းကျောင်း

KG - Grade 10

အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP





မောင်လွင်မင်းသိန်း ဆကရ - ၁၄၄၂ (ဘာသာစုံဂုဏ်ထူးရှင်)

## ၂၀၁၅-၁၆ ပညာသင်နှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ



မောင်လွင်မင်းသိန်း ဆကရ-၁၄၄၂ (ဘာသာစုံဂုဏ်ထူးရှင်)
မောင်စိုင်းဝေဘုန်းမြတ် ဆကရ-၁၄၃၁ (မြန်မာ၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)
မယေယက်ခင် ဆကရ-၀၄၀၉ (အင်္ဂလိပ်၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)
မောင်သက်ဝင်းအောင် ဆကရ-၁၄၃၃ (မြန်မာ၊ဓာတု၊ရူပ၊ဇီဝ)
မကြည်ဖြူအေးချမ်း ဆကရ-၁၄၁၂ (မြန်မာ၊ဓာတု၊ရူပ၊ဇီဝ)

**ကျောင်းသားသစ်များအတွက် တန်းခွဲ သစ် ဇူလိုင်လဆန်းစမည်**

အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ်အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ မြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း – English 4-skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များ ပါဝင်သည်။

- Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
- (၄) ထပ်အဆင့်မြင့်ကျောင်းဆောင်သစ်ကြီး၏ Air-con တပ်စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 7800 20647, 09 7938 93725, 09 51 57988, 09 51 62238

ကျောင်းသူဆောင် ● ခြံအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● ခြံအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။


**ဖခင်အမည်မှန်**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပုဗ္ဗနံ့ဆိပ်အုပ်စု ပုဗ္ဗနံ့ဆိပ်ရွာ မအိဖြူစင်၊ မမြတ်နိုးဖြူတို့၏ဖခင်အမည်မှန်မှာ ဦးနိုင်မင်းသိန်း ၉/တကန(နိုင်)၁၄၉၀၄၄ ဖြစ်ပါကြောင်း။


**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေး၀ယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

Since 1996

# ပုလဲ (သူငယ်တန်းမှ ၁၀တန်း)

ဆရာဝန်များဦးစီးသော စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း

မိမိတို့ ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ် (4 Skill)၊ အားကစား၊ ဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ။

(ဂ) တန်းအစိုးရစစ် အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။

(၉) တန်းအထူး – သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။

အမှတ်(၇၇) ၄ဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း - ၀၉-၅၁၅၇၇၅၁၊ ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂





ယနေ့တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ကြသော

ကျောင်းသား/သူများအားလုံးအတွက်


ထပ်တူဂုဏ်ယူဝမ်းမြောက်ပါသည်။

# City College Yangon

Experienced & Currently Teaching Faculty with M.Sc. / Ph. D



## UK ENGINEERING DEGREE





## WHO CAN ATTEND HND ENGINEERING

- တက္ကသိုလ်ဝင်တန်း(သို့မဟုတ်) IGCSE အောင်မြင်ပြီးသူဖြစ်ရမည်။
- မည်သည့် တက္ကသိုလ်၊ မည်သည့်မေဂျာတွင်မဆို လက်ရှိပညာသင်ကြားနေသူများတက်ရောက်နိုင်သည်။
- AGTI ဟထမနှစ်(သို့မဟုတ်)ညီမျှသော Engineering သင်တန်းတစ်ခုခု အောင်မြင်ပြီးသူများတက်ရောက်နိုင်ပါသည်။

**တက္ကသိုလ်ဝင်တန်း ကျရှုံးခဲ့သူများအတွက် ဒုတိယအခွင့်အရေး**

City College ၏ Selection Process အရ ရွေးချယ်ခံရသူများသည် Preparation Course (10) လတက်ရောက်ပြီးနောက် HND Engineering သင်တန်းများ ဆက်လက်တက်ရောက်နိုင်ပါသည်။

Early Registration Discount
200,000 KS

**တက္ကသိုလ်ဝင်တန်းဂုဏ်ထူး (D) Scholarship**

| | | |
|---|---|---|
| 1D - 10% | 2D - 20% | 3D - 30% |
| 4D - 40% | 5D - 50% | 6D - 80% |

Diamond Condo, Tower (A), 1st Floor, Hledan, Pyay Road, Yangon. facebook.com/citycollegeyangon 09 450 634402 / 403 / 404


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ခ/၆၂၂၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၁ယ/၈၇၄၁၈ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သီတာအောင် ၉/မရမ(နိုင်)၀၄၀၅၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယနေ့ မာတိကာ

ဆီပီပါများတင်ဆောင်လာသော ယာဉ်တစ်စီး တံတားကျိုးကျကာ ရွှေကျင်ချောင်းအတွင်း ပြုတ်ကျ

စာ » ၁၃

ကားအတွင်း အချိန်ကြာမြင့်စွာ နေထိုင်ရသည့် ကလေးငယ်များ အပူရှပ်သေဆုံးမှု နှစ်စဉ်ဖြစ်ပွားကြောင်းတွေ့ရှိ



စာ » ၁၈

မြန်မာ့ရိုးရာလက်ဝှေ့ ပရိအဆင့်တက်လှမ်းနိုင်ရေး ကြိုးပမ်းနေသော AMT ရိုးရာလက်ဝှေ့ကလပ်

စာ » ၁၉

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်



ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း လာရောက်ကြည့်ရှုနေသူများကို တွေ့ရစဉ်   ဓာတ်ပုံ-မောင်စိန်လွင်(မြန်မာ့အလင်း)

**သတင်း-နေသူရိန်**

**နေပြည်တော်   ဇွန်   ၁၇**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တစ်ပြိုင်တည်း ထုတ်ပြန်ခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်တန်းကျောင်းများ၌ နံနက်အစောပိုင်းမှစတင်၍ စာမေးပွဲအောင်စာရင်း ကြည့်ရှုမည့်သူများ စုဝေးရောက်ရှိနေကြပြီး အောင်စာရင်းကပ်မည့်အချိန်အား စောင့်ဆိုင်းနေခဲ့ကြသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြေဆိုသူပေါင်း ၁၉၃၄၈ ဦးရှိသည့်အနက် ၆၇၁၀ ဦး အောင်မြင်ခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၃၄ ဒသမ ၆၈ ရာခိုင်နှုန်းရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၄*



## ပျက်ကျလေယာဉ်၏ အစိတ်အပိုင်းအား ဆယ်ယူရရှိရေးနှင့် ကျန်ရှိအစိတ်အပိုင်းများ ထပ်မံတွေ့ရှိရေး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော်   ဇွန်   ၁၇**

ပျက်ကျသွားသော တပ်မတော်လေယာဉ် Y-8 လေယာဉ်အမှတ်၊ ၅၈၂၀ အမှတ်အသားပါရှိသည့် လေယာဉ်အမြီးပိုင်းအား ပင်လယ်ပြင်အတွင်း စတင်ရှာဖွေတွေ့ရှိခဲ့သော ရေအောက်နေရာတစ်ဝိုက်၌ ယနေ့တွင်လည်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ ကျွမ်းကျင်ရေငုပ်စစ်သည်များနှင့် ဒေသခံ ရေငုပ်ကျွမ်းကျင်သူများ၊ ငါးဖမ်းစက်လှေများပူးပေါင်း၍ တွေ့ရှိသည့် အစိတ်အပိုင်းကို ဆယ်ယူရရှိရေးနှင့် ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများ ထပ်မံရှာဖွေတွေ့ရှိစေရေး အသေးစိတ် စစ်ဆေးရှာဖွေလျက်ရှိသည်။

**ရှာဖွေတွေ့ရှိ**

အလားတူ ဇွန် ၁၆ ရက် ည ၇ နာရီခန့်ကလည်း ပင်လယ်ပြင်အတွင်းရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စင်းက လောင်းလုံဘုတ်ကျွန်းအနီး၌ အမျိုးသားရုပ်အလောင်းတစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ယခုအချိန်အထိ စုစုပေါင်းရုပ်အလောင်း ၉၁ လောင်းအား ရှာဖွေတွေ့ရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

SQA
Racer College
City & Guilds
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် အင်ဂျင်နီယာပညာ လိုလားသူများအတွက် အခွင့်လမ်းကောင်းများ
SQA, Ambassador Award
ဆုရှင် ( ၃ ) ဦး မွေးထုတ်ပေးနိုင်ခဲ့သည်
Higher National Diploma ( SQA,UK )
City & Guilds Diploma ( UK )

APPLY NOW !
Architecture
Civil Engineering
Electronics Engineering
အမှတ်-၂(ဘ)၊ ၂၈လမ်း၊ ၇၁-၇၂လမ်းကြား၊မန္တလေးမြို့။ ☎ ၀၉-၂၀၁၄၄၅၀